
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊ (မေလ) အုပ်ရေ(၅၀၀)။



ရ၉၅-ရ၃
ဝိမ္မာ
သံပတ်ကျန်နေတဲ့သန်းခေါင်ယံ/ဝိမ္မာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(ပ) ဝိမ္မာ




www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

"ဒိုန်း. . "

"ကျွီ. . "

"ဟာကွာ. . အရေးထဲ ကားက သစ်ပင်ကိုဝင်ကျုံးရတယ်လို့တောက်. . ငါပါ တစ်ခါတည်းကြွပြီး ကိစ္စချောသွားရမှာ"

မှောင်မိုက်သော လရောင်မလင်းတလင်း ညအချိန်တွင် လူသွားလူလာကြဲသော ကားလမ်းမပေါ်မှာ. . သွင်ထူးမောင်တစ်ယောက် အလိုမကျခြင်းတွေဖြင့် လောင်မြိုက်ကာ အနာဂတ်ပျောက်သူလို အသိစိတ်တွေ မှဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတရားနှင့် ခံပြင်းခြင်းတွေက ရင်ဘတ်အစုံကို ဖုတ်လိုက်ဖုတ်လိုက်နှင့် အသက်ရှုမှားမတတ်. . .

"သေချင်တယ်. . သေချင်လို့ပါ၊ ငါ့ကိုသတ်ပေးကြပါ ဟာကွာတောက်"

"ဘုန်း. . ဘုန်း. . ဘုန်း. ."

အရူးတစ်ယောက်လို ဘွေးရူးဘွေးတန်း အော်ဟစ်ကာ အလိုမကျခြင်းတွေ အထွတ်အထိပ်ကိုရောက်နေသော သွင်ထူးမောင်အသံသည် တည်ကြည်လေးနက်သော ညအမှောင်၏ ဒေါသတွေကို နိုးကြားလာအောင် ဆွပေးနေသကဲ့သို့ ဆူညံပွက်လောရိုက်နေ၏။

"လောကကြီး. . ကျုပ်ကိုသတ်ပစ်လိုက်ပါ၊ ကျုပ်ဝိညာဉ်တွေကို အရှင်လတ်လတ် နုတ်ယူလိုက်ပါ၊ ကျုပ်ရဲ့နှလုံးသားက စိမ့်ထွက်နေတဲ့ သွေးစိမ်းရှင်ရှင်တွေနဲ့ ယစ်ပူဇော်ပါတယ်"

အရူးတစ်ယောက်လို အော်ဟစ်နေသော သွင်ထူးမောင် ဘာကိုမှ မမှုချင်တော့. . .။

ညနေကတည်းက အသိစိတ်တွေမဲ့ကာ ကားကိုတရကြမ်းလျှောက်မောင်းနေပြီး ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ၊ ဒါ. . . ဘယ်နေရာလဲ. . ဘယ်မြို့လဲ. . ဒါတွေကို စိတ်မဝင်စား။

ယခု သွင်ထူးမောင် စိတ်ဝင်စားနေတာက လောကကြီးထဲက အပြီးတိုင် ထွက်သွားဖို့ပဲဖြစ်သည်။

ညဥ့်လေသည် ဝေ့ခနဲ ဝေ့ခနဲ တိုက်ခတ်ကာ. . ခပ်ဝေးဝေးမှ ညဥ့်ငှက်အော်သံတွေကို ခပ်သဲ့သဲ့ကြားနေရ၏။

ကားစက်ကိုယာဉ်ကို တဘုန်းဘုန်းရိုက်ကာ ဘွေးရူးဘွေးတန်း ပြောနေသော သွင်ထူးမောင်၏ ကားနားသို့ အရုပ်ဆိုးဆိုးလူကြီးတစ်ယောက် တရွေ့ရွေ့ ကပ်လာ၏။








လူရိပ်တွေ့လိုက်၍ သွင်ထူးမောင် ဖျော်သွားသည်။ ထိုလူကို ငွေပေးပြီး သတ်ခိုင်းရမည်။

ဒီလို လူမနီးသူမနီးနေရာမှာ သူ့ကိုသတ်ပစ်လိုက်၍ ထိုလူ့မှာ ဘာပြဿနာမှ တက်စရာအကြောင်းမရှိ။

ကားမီးကြီးကို ဖျတ်ခနဲထိုးလိုက်သည်။ သွင်ထူးမောင်ဝင်တိုက်ထားသော သစ်ပင်ကြီးနှင့် ခပ်လှမ်းလှမ်းနေရာတွင် ထိုလူကြီးရပ်ကြည့်နေသည်။

သွင်ထူးမောင် စိတ်မရှည်တော့. . .

"ဟေ့. . လူကြီး အဲဒီမှာ ဘာရပ်လုပ်နေတာလဲ ဒီကိုလာပါဦး၊ ခင်ဗျားကြီး ငေ့လိနေတယ်ဆိုရင်. . ကျုပ် ခင်ဗျားကို အလုပ်တစ်ခုအပ်မယ်"

လှမ်းအော်ပြောလိုက်သော သွင်ထူးမောင်အသံကို ကြားသည်



www.burmeseclassic.com

www.burmeseclassic.com



ထင်၏။ ထိုလူကြီး တရွေ့ရွေ့လျှောက်လာ၏။

"မောင်ရင်က ဘာကြောင့် သေချင်တာလဲ"

"ကျုပ်သေချင်နေတာ ခင်ဗျား ဘယ်လိုသိလဲ"

"မင်းအော်နေတာ ငါကြားတာလေ"

"ဟုတ်တယ် ကျုပ်သေချင်တယ်"

" မင်းပုံစံက တော်တော်သားနားတာပဲ၊ တိုက်ပုံအင်္ကျီ. . ချိတ်ပုဆိုးနဲ့ ခေါင်းပေါင်းကလည်း စွပ်ထားတာဆိုတော့. . မင်းက ဘိသိက်ဆရာလား. . ဇာတ်ဆရာလား"

"ဟာ. . ဘယ်ကလာ၊ ကျုပ်က သတို့သမီးပစ်ပြေးတာ ခံလိုက်ရတဲ့ သတို့သား မဖြစ်တဖြစ်ဗျ"

"ဟေ. . ထူးဆန်းလှချည်လား"

"ဒါဆို. . မင်းက တစ်ခုလပ်သတို့သားပေါ့"

"ထင်ချင်သလိုထင်ဗျာ"

စိတ်ကူးပေါက်သလိုပင် ဘုတောပစ်လိုက်တော့သည်။

"နေပါဦး. . မင်းကဘာကြောင့် သေချင်တာလဲ၊ သတို့သမီးပစ်ပြေးတာနဲ့တော့ သေစရာလားကွာ"

ထိုလူကြီး အားမလို အားမရဖြစ်သောပုံစံဖြင့် အပြစ်တင်သည်။ သွင်ထူးမောင် ကားမှန်ကွဲကြားထဲမှ ထိုလူကြီးမျက်နှာကို သေချာကြည့်ပြီး. . .

"သတို့သမီး ပစ်အပြေးခံရတာ ဒါပါနဲ့ဆို လေးယောက်မြောက်ပဲ. . ."

"ဟ. . မင်းရာဇဝင်က ပြင်းလှချည်လား"

ထိုလူကြီး ကားမှန်တံခါးကို လက်ထောက်ပြီး စိတ်မသက်မသာ ဆို၏။





"မင်းမှာချို့ယွင်းချက် ရှိလို့လား"

"ဟာဗျာ. . ခင်ဗျားမို့မေးရက်တယ်၊ ကျုပ်လောက်ရုပ်ချောပြီး ပိုက်ဆံချမ်းသာတဲ့ သူဌေးသားမှာ ဘာချို့ယွင်းချက်များ ရှိမှာမို့လဲ"

"ဒါဆို မိန်းကလေးတွေက ဘာကြောင့် မင်းကိုပစ်ပြေးမလဲ. . အဲ. . ဒါမှမဟုတ် အဲ့ဒီမိန်းမတွေက မင်းရဲ့ဖူးစာရှင် မဟုတ်လို့ပေါ့"

"ဘာပဲဖြစ်ဖြစ် ကျုပ်လောကကြီးထဲမှာ ရှိနေတဲ့လူတွေနဲ့ မျက်နှာချင်းမဆိုင်ချင်တော့ဘူးဗျာ၊ လူတွေက အတင်းပြောသိပ်သန်တာ. . ဒီနေ့မင်္ဂလာခန်းမထဲမှာ ကျုပ်အရှက်ကွဲနေတော့. . သူတို့ကျုပ်ကိုကြည့်တဲ့အကြည့်တွေ အရမ်းအော်ဂလီဆန်စရာ ကောင်းတယ်၊ ကျုပ် ဆံပင်မွေးတွေ တစ်မွေးမှမကျန်အောင် ဆွဲနုတ်နေကြသလို. . နာကျင်ခံပြင်းစရာကောင်းတယ်"

အံတကြိတ်ကြိတ်ဖြင့် ပြောနေသော သွင်ထူးမောင်ကို ထိုလူကြီးကြည့်ကာ ပြုံးသည်။

"ဒီတော့ ခင်ဗျားကို အလုပ်အပ်မယ်ဗျာ"

"ဘာအလုပ်လဲ"

"ကျုပ်ကိုသတ်ပေးဖို့၊ ကျုပ်ကိုသာ ခင်ဗျားသတ်ပေးရင်လေ ကျုပ်ရဲ့ပိုင်ဆိုင်မှုတွေကို ခင်ဗျားပိုင်ဆိုင်မှုတွေဖြစ်အောင် စာချုပ်စာတန်းနဲ့ လွှဲပေးမယ်"

ထိုလူကြီး ဒုတိယအကြိမ် ထပ်ပြုံးသည်။

"ဘာပြုံးတာလဲ၊ ခင်ဗျား မယုံဘူးလား. . ကျုပ်တကယ်ပြောတာ ကျုပ်ကသူဌေးသားဗျ၊ ဟောဒီကားကို ကျုပ်ပိုင်တယ်၊ ဟော့ဒီမှာကြည့် ဒီလက်စွပ်က [illegible]တန်တယ်၊ ဟောဒီနာရီက [illegible] သိန်းတန်တယ်၊ ဟော့ဒီမှာ ကျုပ်ရဲ့လက်ကိုင်ဖုန်း ခြောက်သိန်းတန်တယ်၊ ဟော့ဒီလည်ပင်းက ဆွဲကြိုးနဲ့ ဆွဲထားတဲ့ စိန်ကျောက်ဆူးက



www.burmeseclassic.com

www.burmeseclassic.com



သိန်းနှစ်ဆယ်တန်တယ်. . ဒါတွေအားလုံးကို ခင်ဗျားမလိုချင်ဘူးလား၊ ဒါတင်မကဘူး ကျုပ်မှာ ကုမ္ပဏီလေးခုလည်း ပိုင်တယ်၊ အိမ်တွေ. . ကားတွေကတော့ စာဖွဲ့မရလောက်အောင် လက်ညှိုးထိုးမလွဲပဲ. . .”

“ဒါဆို လောကမှာ မင်းမပိုင်တာ ဘာမှမရှိဘူးပေါ့”

“ဘယ်ကလာဗျာ၊ ကျုပ်ရဲ့ဘဝမှာ မပိုင်တာ တစ်ခုရှိသေးတယ် အဲဒါဟာ အချစ်ပဲ၊ ကျုပ်က အချစ်ငတ်နေတဲ့ ယောကျ်ားဗျ၊ သိပ်လှတဲ့ မိန်းကလေးတွေကို မက်မောတဲ့ကျုပ်ကြမှ ဘာလို့အချစ်ကို လွတ်လပ်စွာ ပိုင်ဆိုင်ခွင့်မရတာလဲ၊ အချစ်ကို ကျုပ်ပိုင်ဆိုင်ခါနီးတိုင်း အဲဒီအချစ်တွေက. . . ကျုပ်ရှေ့ကနေ ဆပ်ပြာပူဖေါင်းငယ်လေးတွေလို ပျောက်ပျောက်သွားတယ်”

“အဲ့ရောကွာ. . အချစ်ကို မပိုင်ဆိုင်ရတာနဲ့ပဲ သေချင်ရတယ်လို့၊ မင်းရူးနေတာလား. . စိတ်မနှံ့တာလား. .”

“အဲ. .”

ထိုလူကြီးအမေးကို အူကြောင်ကြောင် ပြန်ကြည့်ရင်း. . .

“ခင်ဗျားကလည်း ရူးတာနဲ့စိတ်မနှံ့တာ အတူတူပဲဟာကို. .”

အားကျမခံ ပြန်၍ချေပလိုက်သည်။

“ဟ. . ရူးတာနဲ့ စိတ်မနှံ့တာကိုတောင် မခွဲခြားတတ်ရင် သွားပြီ. . မင်းဟာ သုံးစားလို့မရတဲ့ လူတစ်ယောက်ဆိုတာ ကျိန်းသေသွားပြီ. .”

ဒေါသတို့က ငယ်ထိပ်ကနေ ရှူးခနဲပြန်ထွက်လာသည်။

“ဟာ. . . ဘာလို့သုံးစားလို့ မရရမှာလဲ၊ ကျုပ်သုံးစားလို့ရလို့ ကျုပ် သူဌေးသား ဖြစ်နေတာပေါ့၊ ခင်ဗျားမယုံရင် ခင်ဗျားကပ်ကိုဆွဲပြီး ကျုပ်ပိုင်ဆိုင်ထားတာတွေကို ပြတိုက်သဲ လှည့်ပြသလို ပိုက်ပြနိုင်ပါ့မျှ တယ်”





ထိုလူကြီးကို အားမလိုအားမရဖြစ်ပြီး မာနန္ဓောသော လေသံဖြင့် ပြန်ပြောလိုက်သည်။

“အဲ့ဒါတွေက မင်းတကယ်ပိုင်ဆိုင်တာမှ မဟုတ်တာ”

“ဗျာ. . အဟုတ် ခင်ဗျားတကယ်နောက်တာပဲ၊ ကျုပ်ပိုင်တာမို့ ကျုပ်လက်ထဲမှာ ဒီပိုင်ဆိုင်မှုတွေ ရှိနေတာပေါ့”

“အဲဒါ မင်းတကယ်ပိုင်တာမှ မဟုတ်တာ. . အခုနေ ငါမင်းကို သတ်လိုက်ကြည့် ဒီပစ္စည်းတွေကို ငါပိုင်ပြီလေ”

“အဲဒါတော့ ဟုတ်တယ်လေ. . ခင်ဗျားပိုင်မှာ ကျုပ်သိနေတာပဲ”

“နေဦး. . ငါစကားမဆုံးသေးဘူး. . .”

ထိုလူကြီး လက်ကာ၍တားသည်။ ပြီးနောက် ပြောစရာရှိတာကို သူပြောတာမှန်သည်ဟု သွေးနာထင်ရောက်သည့် မျက်နှာမျိုးဖြင့် ဆက်ပြော၏။

“မင်းပေးခဲ့မယ့် ပစ္စည်းတွေကိုလည်း ငါမပိုင်သေးဘူး၊ ပိုင်တယ်ဆိုတာ ခဏအငှားပိုင်ရမှာ၊ မင်းရဲ့ပိုင်ဆိုင်မှုတွေကို ငါ့အပြင်. . . ငါ့အနောက်မှာ မရေမတွက်နိုင်လောက်တဲ့ လူတွေက လက်လွှဲပိုင်ဆိုင်ဦးမှာ၊ ဒီမှာ မောင်ရင်. . လောကမှာ မင်းတို့ငါတို့ပိုင်တာ ဘာတစ်ခုမှ မရှိဘူး၊ မင်းတို့ငါတို့ပိုင်တာ ကိုယ်ကျင့်တရားတစ်ခုပဲ ရှိတယ်”

ထိုလူကြီးစကားကို သွင်ထူးမောင် ခပ်လှောင်လှောင်ရယ်သံဖြင့် ပြန်၍တုံ့ပြန်လိုက်ပြီး. . .

“ခင်ဗျား. . ဒဿနဆရာလား”

“ဟုတ်ကဲ့. . မင်းကိုလက်ထပ်မယ့်သူ”

“ဒါဆို ခင်ဗျားကဘာလဲ မါးပြလား၊ ဒါမှမဟုတ် ကြေးစားလူသတ်သမားလား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . သေချင်တဲ့လူတွေကို လိုက်သတ်ပေးနေတဲ့. . မရဏပွဲစား"

"ဘယ်လို. . မရဏပွဲစား ဟုတ်လား၊ အဟုတ် မကြားဖူးပါဘူး"

သွင်ထူးမောင် ခပ်လှောင်လှောင်ရယ်ရင်း ပြော၏။

"မင်းယုံချင်ယုံ မယုံချင်နေ၊ ငါက မင်းတို့လို အရည်မရ အဖတ်မရကောင်တွေကိုသတ်ပြီး. . တမလွန်ကိုပို့ပေးမယ့် သေမင်းရဲ့တမန်တော်"

ကြားလိုက်ရသည့် စကားကြောင့် သေချင်ပါတယ်ဟု တတွတ်တွတ် မြည်တမ်းနေသော သွင်ထူးမောင် ကျောထဲစိမ့်သွားသည်။

ဒီလူကြီးမျက်နှာကို ခုမှသေချာကြည့်မိသည်။ မျက်နှာမှာ ဓါးခုတ်ရာ အမာရွတ်ကန့်လန့်စင်းကြီးနှင့်. . ကြမ်းတမ်းသော ရုပ်ဆင်းသဏ္ဌာန်က လူကောင်းတစ်ယောက်၏ သွင်ပြင်လက္ခဏာမျိုးမရှိ။

အသည်းနုသော မိန်းကလေးတစ်ယောက်သာဆိုလျှင် ထိုလူကြီးကိုကြည့်ပြီး သွေးပျက်ထိတ်လန့်နိုင်လောက်သည်။

"ဘာလဲဟ. . ဘယ်လိုလူကြီးလဲ"

"ဘာလဲ ကြောက်နေပြီလား"

ထိုမေးခွန်းကြောင့် သေရမှာလုံးဝမကြောက်သော မျက်နှာပေးဖြင့် ခေါင်းကိုမော့ကာ. . .

"နိုး. . နိုး. . သေရမှာမကြောက်လို့ ပေတစ်ရာမှာ လျှောက်အော်နေတာပေါ့ဗျ၊ ခုချိန်မှာ ကျုပ်အတောင့်တဆုံးဆန္ဒက သေရမှာကိုပဲ၊ အဲ. . ကျွန်တော်မသေခင်မှာ ခင်ဗျားလိုထူးဆန်းတဲ့လူကြီးနဲ့ စကား [illegible]"

"ပြော. . အဟုတ်. . ဟတ်၊ ငါကလည်း လောကကြီးကို မော စောစီးစီး ငြီးငွေ့နေကဲ့ မင်းလိုလူငယ်လေးတစ်ယောက်ကို သတ်ခွင့်ရ



တော့မှာမို့ ဂုဏ်ယူတယ်"

"ဒါပေါ့. . ဂုဏ်ယူရမှာပေါ့၊ ကျုပ်က အချစ်အတွက် အသက်စွန့်ရဲတဲ့ ဟီးရိုးတစ်ယောက်ပဲ၊ အချစ်က ကျုပ်ကို မကြည်ဖြူမှတော့ ဒီလောကကြီးထဲကနေ အဲဒီအချစ်ကို တာတာပြပြီး ထွက်လိုက်ရုံပေါ့"

"ကဲ. . ဒါဆို မင်းသေဖို့ အဆင်သင့်ဖြစ်ပြီလား"

"ဗျာ. . "

"သေဖို့ အဆင်သင့်ဖြစ်ပြီလားလို့ မေးတာ"

"အဲ. . အင်း. . ဖြစ်. . ဖြစ်ပြီဗျာ. . "

ခုချက်ချင်း သေရမည့်အရေးမို့ ကြောက်ကန်ကန် ဖြေလိုက်သည်။

"ကောင်းပြီ. . ဒါဆို စကြရအောင်"

ထိုလူကြီး သူ့လောင်းကုတ်ကြားထဲမှ ရှည်မျောမျောနှင့် ချွန်ထက်သော ဓါးမြှောင်တစ်ချောင်းကို ထုတ်လိုက်သည်။

လရောင်အလင်းမှိန်မှိန်အောက်မှာ ဓါးမြှောင်ဓါးသွားမှာ လက်ခနဲ. . လင်းခနဲ. . .

မျက်လုံးလေး ပေကလတ်ပေကလတ်နှင့် ဓါးကိုကြည့်လိုက်သည်။ ချွန်မြနေသော ဓါးမြှောင်က တစ္ဆေတစ်ကောင်လို. . သွင်ထူးမောင်ကို ပြုံးပြုံးပြနေ၏။ ကြောက်ရမှာလား. . ရဲဆေးတင်ရမှာလား။

အို. . သေတစ်နေ့ မွေးတစ်နေ့ပဲ ဘာကြောက်စရာလဲ၊ ငါဟဲ့ ယောကျ်ား. . လောကမှာ မမြဲဆုံးက သေချင်းတရားပဲ မဟုတ်လား။

သေချင်စိတ်ဖြစ်နေသော ကိုယ့်စိတ်ကိုကိုယ် အားပေးလိုက်သည်။

"ကဲ. . ဘယ်လိုသေချင်လဲ"

"သေ. . သေချင်ပါတယ်ဆိုမှ၊ ဘယ်. . ဘယ်လိုသေရမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



အ. . အမိက. . က. . သေဖို့ပဲ မဟုတ်လား"

"ဟုတ်ပါပြီ. . သေရမှာပါ၊ ဒါပေမဲ့ သေပုံသေနည်းကလည်း အမျိုးမျိုးရှိတယ်လေ၊ ခေါင်းဖြတ်ခံပြီး သေချင်တာလား၊ ဒါမှမဟုတ် မင်းရဲ့ဗိုက်ကို ဒီဓါးမြှောင် အဆုံးထိသွင်းပြီး အူတွေအသည်းတွေကို ငါးမွှေသလို အမွှေခံပြီး သေမလား၊ ဒါမှမဟုတ် မင်းရဲ့မျှော်လင့်ချက် အရောင်တွေမဲ့နေတဲ့ မျက်လုံးနှစ်လုံးကို အရင်ဖောက်ထုတ်ပြီး ငယ်ထိပ် တည့်တည့်ကို ဓါးမြှောင်နဲ့ ထိုးစိုက်ခံပြီး သေချင်သလား၊ အဲလိုသေရမှာ အရသာမရှိဘူး ဆိုရင်လည်း. . မင်းရဲ့ခြေတွေလက်တွေ အရင်ဖြတ်၊ ခြော်. . ကုန်ကုန်ပြောမယ်ကွာ မင်းရဲ့ မိမွေးတိုင်း ဖမွေးတိုင်း ဖြတ်လို့ ရတဲ့ဟာမှန်သမျှ အရင်းကနေ အကုန်ဖြတ်ပြီး ဆန့်ငင်ဆန့်ငင် သေချင်သလား"

သေပုံသေနည်းတွေကို အိုင်ဒီယာစုံစုံ ရှင်းပြနေသော ထိုလူကြီးပုံစံက သွေးဆာနေသော လူဘီလူးကြီးလို သူ့အဖို့ မြိန်ရေရှက်ရေ ရှိသလောက် သွင်ထူးမောင်မှာတော့ နားထောင်နေရင်းမှ အရှင်လတ်လတ် ငရဲကျသွားသလို ဇောချွေးတွေပါပြန်လာသည်။

သေသည်ဆိုတာ ပါးစပ်ကသာ ပြောတော့လွယ်တာ တကယ် သေပေါက်သေဝရောက်တော့ နာကျင်စွာခံရမည့် ဝေဒနာတွေက. . အသိစိတ်တွေကို ငါးပြေမ ဆားပက်သလို ဖျပ်ဖျပ်လူးသွားစေသည်။

သူပြောနေသည့် သေပုံသေနည်းအတိုင်း သေရမည်ဆိုလျှင် ဒါဟာ အရှင်လတ်လတ် ငရဲကျခံရတာနှင့် ဘာထူးဦးတော့မည်လဲ. . ။

သွင်ထူးမောင် ခန္ဓာကိုယ်ထဲမှ ရှိသမျှအကြောတွေ ကျုံ့လာ သလိုခံစားရပြီး သေခြင်းတရားကို ဘယ်လိုမှရင်မဆိုင်ရဲသူလို သူ့ရဲ ဘောကြောင်လာသည်။

ဘယ်ဘက်ဒူးနှင့် ညာဘက်ဒူးနှစ်ခု ဓါတ်လိုက်သလို တုန်ခါ





ကာ တဒုတ်ဒုတ်နှင့် ပူးလာသည်။ တကယ်ဆို သူသေဖို့ အဆင်သင့် မဖြစ်သေးဘူးပဲ။

"နေ. . နေပါဦး၊ အဲ. . အဲလို အရှင်လတ်လတ်ကြီး သေလို့ တော့ ဘယ်ဖြစ်မလဲ၊ အာ. . နေ. . နေပါတော့. . ၊ အချစ်ရဲ့ ဥပေက္ခာ ပြုခံလိုက်ရလို့ နာကျင်ရတဲ့ ခံစားမှုကမှ ခုခင်ဗျားပြောနေတဲ့ သေခြင်း တရားထက် သက်သောင့်သက်သာလေး ရှိဦးမယ်၊ တော်. . တော်. . ကျုပ်. . သေဖို့ ပြန်စဉ်းစားလိုက်ဦးမယ်"

"မရတော့ဘူး၊ မင်းပါးစပ်က သေချင်ပါတယ်လို့ ငါ့ကိုတောင်း တောင်းပန်ပန်နဲ့ ပိုင်ဆိုင်မှုတွေ ပုံအောပေးနေမှတော့ ငါ့ဘက်ကလည်း လုံးဝနောက်ဆုတ်လို့ မဖြစ်တော့ဘူး၊ ငါ့အလုပ်က မရဏာပွဲစားပါဆိုမှ ရတဲ့အခွင့်အရေးကို လက်လွှတ်မခံဘူး"

ထိုလူကြီးလက်တစ်ဖက်က ပိန်ချုံ့နေသော ကားတံခါးကို ဆွဲ ဖွင့်ပြီး. . ကျန်လက်တစ်ဖက်ဖြင့် သွင်ထူးမောင်၏ ကုပ်ကိုဆွဲမကာ ကားထဲမှ ဆွဲထုတ်၏။

"အား. . နေပါဦးဆို ဖွတ်ပဲ၊ တော်ပြီ ကျုပ်မသေတော့ဘူး"

"မရဘူး မသေလို့မရဘူး၊ ဒီနေ့ ငါ့ပွဲစားအလုပ် ဈေးဦးမပေါက် သေးဘူး၊ ဒီတော့ မင်း ဈေးဦးလန်အောင် မလုပ်နဲ့၊ မင်းကိုသတ်ရမှာကို ဖြစ်မယ်"

သွင်ထူးမောင် ကြောက်စိတ်တို့ တစိမ့်စိမ့်တိုးဝင်ကာ တဒိန်း ဒိန်းနှင့် ရင်တွေဆောင့်ခုန်လာသည်။ သူဘာလုပ်ရမည်လဲ. . .

"ဟာ. . ဒါဆိုနေပါဦး၊ အဲလိုတော့ တရားခံဆွဲသလို ဆွဲမခေါ်နဲ့ လေဗျာ၊ ကျုပ်က. . သေခြင်းတရားကို စိန်ခေါ်ပြီး ပခုံးစပုတ်တဲ့လူပါ၊ ဒီတော့. . ဂုဏ်သိက္ခာရှိရှိလေး မသေရအောင် ခဏတော့လွှတ်ပါ"

"ကောင်းပြီ. . လူဆိုတာ အဲလိုကတိတည်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီး အကျီလည်ကုပ်ကို လွှတ်လိုက်တော့မှ ဖရိုဖရဲဖြစ်နေသော တိုက်ပုံအကျီကို အသေအချာဆွဲဆန့်ပြီး ခါးထဲမှာ ဝတ်ထားသော ပိုးကြီးချိတ်ပုဆိုးကို ခပ်တိုတိုမြင်ဝတ်လိုက်သည်။ ထိုလူကြီး. . သွင်ထူးမောင်၏ လှုပ်ရှားမှုတွေကို ခါးတဝင့်ဝင့်နှင့် စောင့်ကြည့်နေ၏။

"ဟာ. . ဟို. . ဟိုမှာကြည့်စမ်း၊ အောင်မလေး လာနေကြပြီ လာနေကြပြီ. . ဟား. . တကယ့်အလန်းဇယားလေးတွေ"

ကလေးတွေကို အကြောင်ရိုက်သလို ထိုလူကြီးနောက်ကို မျက်လုံးပြူးကြီးနှင့်ကြည့်ကာ အလန့်တကြား စကားဆိုလိုက်သဖြင့် ထိုလူကြီး အနောက်ကိုလှည့်အကြည့်. . .

ထိုအခွင့်အရေးကို လက်လွှတ်မခံလိုသူ သွင်ထူးမောင်သည်လည်း ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ဦးတည်ရာလမ်းကို ပြေးလေတော့သည်။

"ဟာ. . ဟေ့. . မပြေးနဲ့လေ၊ မင်းကိုသတ်မယ်. . သတ်မယ်"

ညည့်အမှောင်ထဲတွင် ထိုလူကြီး၏ ကြိမ်းဝါးသံက ဝိညာဉ်လွင့်မတတ်ပါပဲ။

တကယ်တမ်း သွေးရူးမှာကြောက်တော့. . သွင်ထူးမောင် ပြေးလိုက်သည့်ဖြစ်ခြင်း၊ sea game မှ မရသွန် အပြေးသမားတစ်ယောက်နှယ်. . .

မောဖို့ပင် မေ့နေသည်။







# အခန်း(၂)

"ဟား. . ငါ ကြောက်အားလန့်အားနဲ့ ပြေးလာလိုက်တာ ဘယ်နေရာတွေရောက်နေမှန်း မသိတော့ဘူး"

ကိုယ်မသိသောနေရာမို့ ကြောက်စိတ်တစ်ဝက်ရောကာ ဘယ်ကိုဆက်သွား၍ သွားရမှန်းပင် မသိတော့။

ပြေးရလွှားရလွန်း၍ ဒူးတွေချောင်ကာ လူကအားမရှိတော့ ဗိုက်ထဲမှာလည်း တကြုတ်ကြုတ်နှင့်အော်ကာ ခုမှပင်အစားစားဖို့ သတိရ၏။

အနီးအနားကို ဝေ့ကြည့်တော့ မီးရောင်မှိန်ပျပျလင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်အိမ်ကို လှမ်းတွေ့လိုက်ရ၍ စိတ်ထဲမှာ အားတက်သလို လိုတော့ ဖြစ်မိသွားသည်။

ထို့နောက် လေးလံညောင်းချိနေသော ခြေလှမ်းတွေကို ထိုအိမ်ဆီသို့ ဦးတည်ခိုင်းလိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်. . "

"ဟဲ့. . သောက်ပလုတ်တုတ်. . "

အနီးကပ် ထိုးဟောင်လိုက်သော. . အသံအောင်သည့် ခွေးဟောင်သံကြောင့် နောက်သို့ခြေတစ်လှမ်း ခုန်ဆုတ်ကာ ပါးစပ်မှယောင်တိယောက်ကန်း ထွက်သွားသည်။

အိမ်ကြီး၏ ခြံဝန်းထဲမှ ထိုးဟောင်နေသောခွေးမို့ အကိုက်ခံရမှာကို စိတ်မပူတော့၊ ခြံတိုင်နားသို့ ခပ်အေးအေး တိုးကပ်သွားပြီး. .

"ဟေ့. . မင်းတို့သခင်ရှိလား"

အနီးအနားမှာ မေးစရာလူမရှိလေတော့. . ကိုယ့်ကိုအငြိုးဖြင့်ကြီး ထိုးဟောင်နေသောခွေးကို အားကိုးရာတစ်ခုအဖြစ် သဘောထားကာ မေးလိုက်သည်။

ခုချိန်မှာ သက်ရှိသတ္တဝါဆိုလို့ ခွေးနှင့်ကိုယ်ပဲရှိတာ မဟုတ်လား။

"ဟေ့. . ရှူး. . ရှူး. . မေးနေတယ်လေ၊ ဟာ. . မင်း. . တော်တော်ရိုင်းတဲ့ကောင်ပဲကွ၊ ငါလို့ခုညည်သည်ကို နွေးနွေးထွေးထွေး မကြိုဆိုပဲ ခုလိုရင့်ရင့်သီးသီး ဆက်ဆံရလား၊ ဟမ်း. . မိမဆုံးမ. . ဖသခင်မဆုံးမတဲ့ခွေး"

"သခင်မဆုံးမဘူးလို့ ရင်ဘာကြောင့် အတတ်ပြောပြီး သူမျာမွေးကို အပြစ်တင်နေရတာလဲ"

စူးရှကြည်လင်ပြတ်သားသော အသံရှင်က. . မှောင်ရိပ်ထဲမှ ထွက်ပေါ်လာသည်မို့ သွင်ထူးမောင် အမှောင်ထဲကို မျက်မှောင်ကျုံ့ကာ အားစိုက်ကြည့်လိုက်သည်။

ပိုးတဝါး အရိပ်သဏ္ဍာန်က အမြင်အာရုံရှေ့မှာ တဖြည်းဖြည်း ရုပ်လုံးကြွလာသည်။

အချိုးအဆစ် ပြေပြစ်လှပသည့် မိန်းကလေးတစ်ယောက်မို့. . စကားကို ချိုချိုသာသာပြောရန် စိတ်ကအလိုလို သတိရှိလိုက်ပြီးသည်နှင့် သဲသဲကွဲကွဲမမြင်ရသော မျက်နှာလှလှလေးကို အမှောင်ထဲမှာပင် မျက်နှာချိုသွေးကာ တဟဲဟဲရယ်ပြလိုက်သည်။

"ဟဲ. . ဟဲ. . စိတ်မရှိပါနဲ့. . ၊ ကျွန်တော်က မိတ်ဖြစ်ဆွေဖြစ် နောက်လိုက်တာပါ"

ပါးစပ်ထဲ တွေ့ကရာ ပြောချလိုက်သည်။

"ကျွန်မက သူ့ကို ခြံအနီးအနား သူခိုးကပ်ရင် ဟောင်ဖို့တာဝန် ပေးထားတာ၊ ဒီတော့ ကျွန်မသင်ပေးထားတဲ့အတိုင်း သူဟောင်ရုံပဲ၊ ဟောင်မှာပေါ့ ရှင်မေးတာကိုတော့ သူဘယ်ဖြေတတ်မလဲ သူဖြေတတ်တယ်ဆိုရင်တောင် ရှင်ကရော ခွေးစကားကို နားလည်ပါ့မလား"

"အဲ. . နား. . နားလည်ရင်လည်း လည်မှာပေါ့. . ၊ ခင်ဗျားတောင် သူ့ကိုဟောင်ပြလို့ သူခိုးလာရင် ဟောင်ရမယ်လို့ သင်ပေးတဲ့အတိုင်း သူဟောင်တတ်သေးတာပဲ"

"အို. . ကျွန်မက ဟောင်ပြစရာလား၊ ဟောင်ရအောင် ခွေးမှမဟုတ်တာ၊ ရှင်နော် လူပုံကိုက အူကြောင်ကျားပုံနဲ့ လူကိုလာပြီး ရိုမှတ်မနေနဲ့ ရန်လိုလာ အထဲဝင်. . "

သခင်မအနားတွင် လျှာတစ်လစ်လုပ်ကာ တဟဲဟဲနှင့် ငြိမ်ပ်နေသော ရန်လိုမှာ အမြီးတနန့်နန့်နှင့် အိမ်ကြီးရှိရာဘက်သို့ ပြန်လှည့်ပြေးသွားသည်။




အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်အိမ်ကို လှမ်းတွေ့လိုက်ရ၍ စိတ်ထဲမှာ အားတက်သလို လိုတော့ ဖြစ်မိသွားသည်။

ထို့နောက် လေးလံညောင်းချိနေသော ခြေလှမ်းတွေကို ထိုအိမ် ဆီသို့ ဦးတည်နိုင်းလိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်. . "

"ဟဲ့. . သောက်ပလုတ်တုတ်. . "

အနီးကပ် ထိုးဟောင်လိုက်သော. . အသံအောင်သည့် ခွေး ဟောင်သံကြောင့် နောက်သို့ခြေတစ်လှမ်း ခုန်ဆုတ်ကာ ပါးစပ်မှယော တိယောက်ကန်း ထွက်သွားသည်။

အိမ်ကြီး၏ ခြံဝန်းထဲမှ ထိုးဟောင်နေသောခွေးမို့ အကိုက်ခံ ရမှာကို စိတ်မပူတော့၊ ခြံတိုင်နားသို့ ခပ်အေးအေး တိုးကပ်သွားပြီး. .

"ဟေ့. . မင်းတို့သခင်ရှိလား"

အနီးအနားမှာ မေးစရာလူမရှိလေတော့. . ကိုယ့်ကိုအပြိုးတ ကြီး ထိုးဟောင်နေသော်ခွေးကို အားကိုးရာတစ်ခုအဖြစ် သဘောထား ကာ မေးလိုက်သည်။

ခုချိန်မှာ သက်ရှိသတ္တဝါဆိုလို့ ခွေးနှင့်ကိုယ်ပဲရှိတာ မဟုတ် လား။

"ဟေ့. . ရှူး. . ရှူး. . မေးနေတယ်လေ၊ ဟာ. . မင်း. . တော် တော်ရိုင်းတဲ့ကောင်ပဲကွ၊ ငါလိုစည့်သည်ကို နွေးနွေးထွေးထွေး မကြိုဆို ပဲ ခုလိုရင့်ရင့်သီးသီး ဆက်ဆံရသလား၊ ဟမ်း. . မိမဆုံးမ. . အဲ သခင်မဆုံးမတဲ့ခွေး"

"သခင်မဆုံးမဘူးလို့ ရှင်ဘာကြောင့် အတတ်ပြောပြီး သူမှာ့ ခွေးကို အပြစ်တင်နေရတာလဲ"

စူးရှကြည်လင်ပြတ်သားသော အသံရှင်က. . မှောင်ရိပ်ထဲမှ ထွက်ပေါ်လာသည်မို့ သွင်ထူးမောင် အမှောင်ထဲကို မျက်မှောင်ကျုံ့ကာ အားစိုက်ကြည့်လိုက်သည်။



ဝိုးတဝါး အရိပ်သဏ္ဌာန်က အမြင်အာရုံရှေ့မှာ တဖြည်းဖြည်း ရုပ်လုံးကြွလာသည်။

အချိုးအဆစ် ပြေပြစ်လှပသည့် မိန်းကလေးတစ်ယောက်မို့. . တားကို ချိုချိုသာသာပြောရန် စိတ်ကအလိုလို သတိရှိလိုက်ပြီးသည် နှင့် သဲသဲကွဲကွဲမမြင်ရသော မျက်နှာလှလှလေးကို အမှောင်ထဲမှာပင် မှတ်နှာချိုသွေးကာ တဟဲဟဲရယ်ပြလိုက်သည်။

"ဟဲ. . ဟဲ. . စိတ်မရှိပါနဲ့. . ၊ ကျွန်တော်က မိတ်ဖြစ်ဆွေဖြစ် နောက်လိုက်တာပါ"

ပါးစပ်ထဲ တွေ့ကရာ ပြောချလိုက်သည်။

"ကျွန်မက သူ့ကို ခြံအနီးအနား သူခိုးကပ်ရင် ဟောင်ဖို့တာ ဝန် ပေးထားတာ၊ ဒီတော့ ကျွန်မသင်ပေးထားတဲ့အတိုင်း သူဟောင်ရုံပဲ၊ ဟောင်မှာပေါ့ ရှင်မေးတာကိုတော့ သူဘယ်ဖြေတတ်မလဲ သူဖြေတတ် ဘယ်ဆိုရင်တောင် ရှင်ကရော ခွေးစကားကို နားလည်ပါ့မလား"

"အဲ. . နား. . နားလည်ရင်လည်း လည်မှာပေါ့. . ၊ ခင်ဗျား တောင် သူ့ကိုဟောင်ပြလို့ သူခိုးလာရင် ဟောင်ရမယ်လို့ သင်ပေးတဲ့အ တိုင်း သူဟောင်တတ်သေးတာပဲ"

"အို. . ကျွန်မက ဟောင်ပြစရာလား၊ ဟောင်ရအောင် ခွေးမှ မဟုတ်တာ၊ ရှင်နော် လူပုံကိုက အူကြောင်ကျားပုံနဲ့ လူကိုလာပြီး နောက် နေနဲ့ ရန်လုံလာ အထဲဝင်. . "

သခင်မအနားတွင် လျှာတစ်လစ်လုပ်ကာ ဟဲဟဲနှင့် ငြိမ် ဝပ်နေသော ရန်လုံမှာ အမြီးတနန့်နန့်နှင့် အိမ်ကြီးရှိရာဘက်သို့ ပြန်လှည့်ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီ. . ဒီမှာ နေပါဦးဗျာ၊ ကျွန်တော် အကူအညီတောင်းချင်လို့ ပါ"

လှည့်ပြန်ဖို့ ခြေလှမ်းတွေသည် တောင်းပန်တိုးလျှိုးသော လေ သံဖြင့် အကူအညီတောင်းလိုက်သဖြင့် သွင်ထူးမောင်ဘက် ပြန်လှည့် ကာ. . .

"ရှင်က ဘယ်သူမို့လို့ ညကြီးအချိန်မတော် ကိုယ်ရောင်ကိုယ် ဝါ တောက်ပတဲ့ အဝတ်အစားတွေနဲ့ လျှောက်သွားနေတာလဲ၊ ရှင်. . လူ. . လူတော့ဟုတ်ပါတယ်နော်"

"အယ်. . အမိရယ် ကျွန်တော်လူပါဗျာ၊ ကျွန်တော့်ပုံစံက မ ကောင်းဆိုးဝါး နာနာဘာဝပုံ ပေါက်နေလို့လားဗျာ"

"ဟင့်အင်း သွေးရူးသွေးတန်းပုံ ပေါက်နေတယ်"

မိန်းကလေးတစ်ယောက် အကဲခတ်ရ လွယ်ကူလောက်အောင် ထိတ်လန့်နေသော ကိုယ့်အမူအရာကိုသာ စိတ်ထဲမှ ခပ်ပြစ်ပြစ်ကျိန်ဆဲ လိုက်ပြီး ဟန်ကိုယ့်ဖို့ဆိုသည့်အနေနှင့် ခပ်ထေ့ထေ့ ပြုံးပြလိုက်သည်။

"ထင်. . ထင်လို့ပါ"

"အဟင်း. . ခစ်. . ခစ်. . ခစ်"

"ဘာရယ်တာလဲ"

"ရှင့်ပုံစံက ရယ်ချင်စရာကောင်းလို့ပေါ့၊ ဒါမှမဟုတ်. . . ရှင် သတို့သားလား မင်္ဂလာဆောင်ခါနီး သတို့သမီးကို ရာသက်ပန် တာဝ ယူရမှာကြောက်လို့ ထွက်ပြေးလာတာတော့ မဟုတ်ပါဘူးနော်"

ဒီတစ်ခါ ခွက်ထိုးခွက်လှန်ရယ်မိသူက သွင်ထူးမောင်ဖြစ်သည် သူမထံမှ နားမလည်နိုင်သော နားဝေတိမ်တောင် အကြည့်စူးစူးတ ချက် လှစ်ခနဲရောက်လာပြီး ထူအမ်းအမ်းနှုတ်ခမ်း ပြည့်ပြည့်ဖော ဖောင်းလေး မသိမသာစူသွားကာ. . .



"ဘာရယ်တာလဲ. . . ကျွန်မပြောတာ အဲလောက်ရယ်စရာ ကောင်းလို့လား"

"ဟုတ်တယ်. . ရယ်စရာကောင်းရုံတင် မဟုတ်ဘူး မင်းရဲ့ထင် ကြေးကပါ ငါ့ကိုကြည့်ပြီး. . ချောင်ကောင်းကောင်းမှာ ထိုင်ရယ်နေ လောက်ပြီ"

"ဒါဆို ကျွန်မထင်တာ မဟုတ်ဘူးပေါ့"

"ဟုတ်တယ်. . မင်္ဂလာပွဲ တစ်ခြမ်းပဲ့သွားလို့၊ အဟုတ် ဒါပေမဲ့ မင်းထင်သလို ငါက သတို့သမီးကို ပစ်ခဲ့တာမဟုတ်ဘူး သတို့သမီးက ငါ့ကိုပစ်သွားတာ"

"ဩော်. ."

သူမ၏လေသံက စိတ်မကောင်းခြင်း သီအိုရီတွေ ရောထွေး သွားသည့်လေသံမျိုး။

"ရှင်တို့က မိဘပေးစားတဲ့ မင်္ဂလာပွဲမို့လား"

မိန်းကလေးတို့ သဘာဝတရားအတိုင်း စပ်စုခြင်းအလုပ်ကို တာဝန်ကျေကျေဖြင့် ထမ်းဆောင်၏။

"မဟုတ်ဘူး ငါတို့က ချစ်သူတွေ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်၊ ဒါ မင်္ဂလာပွဲမတိုင်ခင်က ငါ့ရဲ့ထင်မြင်ချက်နော်၊ လော ကမှာ ခန့်မှန်းရအခက်ဆုံးက လူ့စိတ်ပဲ"

" အမှန်တော့ ငါက အချစ်ကို ငတ်ပြတ်ဟပ်တပ်ဖွဲ့နေတဲ့ အ ချစ်ရူးတစ်ယောက်ပဲ၊ ဘာကြောင့်ငတ်ခဲ့သလဲဆိုရင် ငါလက်ထပ်ဖို့ ဆုံး ဖြတ်ခဲ့တဲ့ မိန်းကလေးတွေနဲ့ ငါ့ကြားမှာ သမားရိုးကျမဆန်တဲ့အလွဲက ငါ့ဘဝမှာ အချစ်ကို ငတ်မွတ်သထက် ပိုငတ်မွတ်အောင် တွန်းအားပေး ဖြစ်စေခဲ့တာပဲ"

"ရှင့်စကားက အဆန်းပဲ၊ ကျွန်မနားလည်အောင် ခပ်ရိုးရိုးပြော

www.burmeseclassic.com

www.burmeseclassic.com



လို့ မရဘူးလား”

ကိုယ်ပြောနေသည့်စကားကို အလေးအနက် နားထောင်ပေးပြီး comment ပြန်ပေးတာကိုပင် ကျေးဇူးတင်ရမည့် အနေအထားမို့ သူမ နားလည်အောင် ရှင်းပြဖို့ ချောင်းတစ်ချက် ဟန့်လိုက်သည်။

“တကယ်ဆို ငါ့ကို မိန်းကလေးတွေ ပစ်သွားတာ ခုတစ်ကြိမ်က ပထမဆုံးအကြိမ် မဟုတ်ဘူး၊ ဒီတစ်ကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက်”

“ဩော်. .”

သူမ ဒုတိယအကြိမ်ထပ်၍ ဩော် လိုက်ပြန်သည်။

“ဟုတ်တယ်. . ဒါကြောင့် ငါ့ဘဝကို ဆက်မရှင်သန်ချင်တော့လို့ ငါ့ကိုသတ်ပေးမယ့်လူကို လိုက်ရှာဖို့ ကားကိုခြေဦးတည့်ရာ မောင်းထွက်ခဲ့တယ် ”

သူမထံမှ အိုဟာဖြစ်ရန်ကော ဟူသော ခပ်မဲ့မဲ့အကြည့်တို့ လှစ်ခနဲ ရောက်လာပြီး။

“ရှင့်အမေက ရှင့်ကို လမ်းဘေးမှာချရောင်းတဲ့ အရုပ်လို တစ်ရာဖိုး သုံးရုပ်နဲ့ ဝယ်ခဲ့တယ်လို့ ရှင်ထင်နေလို့လား၊ မိန်းမတွေကြောင့် ကိုယ့်အသက်ကို စတေးမယ်ဆိုရင် ရှင့်ကို ခြေကန်အော်ဟစ်ပြီး မွေးခဲ့တဲ့ ရှင့်အမေကိုတော့ အားနာသင့်တာပေါ့. . .”

“နေပါဦး. . ငါ့စကားမဆုံးသေးဘူး၊ တကယ်တမ်း ငါ့ကိုသတ်ပေးမယ့် လူရှိလာတော့ ငါသေရမှာကို ကြောက်သွားတယ်၊ ဒါကြောင့် အဲဒီလူလက်ထဲကနေလွတ်အောင် မနည်းရုန်းထွက်လာရတယ်၊ အဲလိုပြေးရင်းနဲ့ မင်းဆီရောက်လာတယ်၊ အခု မင်းကို ငါ့အကြောင်းတွေ အကုန်ပြောပြမိတယ်. , ခုတော့ ငါဗိုက်ဆာတယ်၊ မင်းဆီမှာ တစ်ခုခု စားပြီးရင် ငါ့ကို တစ်ညတည်းခွင့်ပြု. .”

တစ်လက်စတည်း. . အခွင့်အရေးယူသည့်သဘော မဟုတ်





ပေမယ့် တစ်ခါတည်း အကူအညီတောင်းလိုက်သည်။

သူမ ခေါင်းတစ်ချက် နှစ်ချက်ဆတ်ပြပြီး ရှေ့မှဦးဆောင်၍ အိမ်ကြီးထဲ ဝင်သွားသည်။

အိမ်ရှင်က ကြည်ဖြူပြီမို့ သွင်ထူးမောင် နောက်မှလိုက်ဝင်လိုက်သည်။

အသံနက်ကြီးဖြင့် ဟောင်သောခွေးလည်း ဆက်မဟောင်တော့. . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ထမင်းစားပြီးသည်နှင့် အသင့်ချပေးထားသော ဖန်ခွက်ထဲမှ ရေကို တစ်ဝသောက်ပစ်လိုက်သည်။

"ငါ့ဘဝ သက်တမ်းတစ်လျှောက် စားခဲ့တဲ့ ထမင်းအနပ်ပေါင်း များစွာထဲမှာ ဒီနေ့စားရတဲ့ထမင်း အရသာအရှိဆုံးပဲ ထင်တယ်"

"ရှင့်စကားက နောက်ထပ် ထမင်းနပ်တွေကို အကြိမ်ကြိမ်စားဖို့ စကားခေါ်နေသလိုပဲနော်"

စားကြွင်းစားကျန် ပန်းကန်များကို သိမ်းရင်းပြောလိုက်သော





သူမစကားကြောင့် သွားကြားထဲမှာ ညှပ်နေသော အသားဖတ်ကို လျှာ စောင်းနှင့်ထိုးထုတ်ကာ သွင်ထူးမောင် ခပ်ကျဲကျဲရယ်လိုက်သည်။

"မင်းရဲ့ အဲဒီစကားကလည်း ငါ့ကို နောက်ထပ်အကြိမ်ပေါင်း များစွာ ဧည့်သည်လုပ်စေချင်နေတာ ပေါ်လွင်နေသလိုပါပဲ"

တစ်ယောက်စကားကို တစ်ယောက်လွတ်လပ်စွာ အဓိပ္ပါယ် ကောက်လိုက်ပြီး မျက်နှာချင်းဆိုင် ရယ်လိုက်ကြသည်။

ညမီးရောင်အောက်တွင် သူမအပြုံးသည် တော်တော်လေး အသက်ဝင်ကာ၊ လှပနှစ်လိုဖွယ် ကောင်းလွန်းလှသည်ကို သွင်ထူးမောင် သတိထားမိသွားကာ. . .

ရင်မှာ မအောင့်အည်းနိုင်သောကြောင့်. . .

"မင်း တော်တော်လှတာပဲ"

"ရှင်ကလည်း ဝမ်းကြောသန်သားပဲနော်"

"ဟာ. . အဲ. . အဲလိုလဲ. . မ. . မဟုတ်ဘူးလေ"

ပေါ်တင်ကြီးအဖွဲ့ခံလိုက်ရတော့ သွင်ထူးမောင် ရှက်အမ်းအမ်း မျက်နှာဖြင့် အဆီအငေါ်မတည့်ခြင်းရှာ၏။ ပန်းသွေးရောင် ယှက်ဖြာမ သွားသော သူမမျက်နှာပေါ်မှ အပြုံးတစ်ချက်ပွင့်သွားသည်။

"ရှင့်လိုပဲ လူတော်တော်များများလည်း ပြောခဲ့ဖူးတယ်၊ အဲဒီ လူတွေထဲမှာ ရှင်က နောက်ဆုံးလူပဲ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ခင်ဖွေး"

"ဟမ်. . ဘယ်လို. . ခင်ဖွေး ဟုတ်လား. . အဟတ်ဟတ်"

"ဘာရယ်တာလဲ"

နှုတ်ခမ်းစူကာ မေးသည်။

"ခင်ဖွေးဆိုတော့. . ခွေးဖင်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာ ညိုသွားသည်။ မျက်စောင်းတစ်ချက် လက်ခနဲ ထိုးကာ. . .

"ရှင့်ကို ဒါကြောင့် မိန်းကလေးတွေ ပစ်ပြေးသွားတာနေမှာ"



အနာဟောင်းကို တုတ်နဲ့ဆွလိုက်သော စကားမို့ သွင်ထူးမောင် အရယ်မျက်နှာမှ အမဲ့မျက်နှာသို့ ချက်ချင်းကူးသွားသည်။ ဘာမှတော့ ပြန်ပြီးမချေပ။ ချေပစရာစကားလုံးက အဆင်သင့်မှမရှိတာ. . .

ခင်ဖွေး သစ်သီးပန်းကန်ကို သွင်ထူးမောင်ရှေ့သို့ ခပ်စောင့်စောင့် ချပေးသည်။

"ရော့. . သစ်သီးစားဦး"

ဂေါ်လီလုံးစာလောက်ရှိသည့် စပျစ်သီးခိုင်တွေထဲမှ တစ်လုံး ဖြုတ်ပြီး စားလိုက်သည်။





စို့ရွှမ်းကာ ချိုမြိန်လွန်းလှသဖြင့် နောက်တစ်လုံး ဖြုတ်ယူစ
လိုက်သည်။ စားရင်းမှ မျက်လုံးအစုံ လေးလံ၍ ပြူလာသည်။ ထမင်းဆိ
တက်သည့်သဘော. . ။

"ရှင်အနားယူတော့လေ"

ခင်ဖွေး အလိုက်သိစွာဖြင့် သွင်ထူးမောင်ကို အနားယူခိုင်း
သဖြင့် သွင်ထူးမောင် ဟန်ပင်မဆောင်နိုင်တော့. . ။

"အင်း. . ဟုတ်တယ်၊ ထမင်းစားပြီး အရမ်းအိပ်ချင်လာတယ

"ကဲ. . လာ ရှင်အိပ်ရမယ့်အခန်းကို ပို့ပေးမယ်"

ခင်ဖွေး ခေါ်ဆောင်ရာသို့ သွင်ထူးမောင် လေးလံသော
လှမ်းတွေဖြင့် လိုက်လာခဲ့လိုက်သည်။ အမှန်ဆို သိပ်လှသော ခင်ဖွေးန
စကားတွေ ဖောင်ဖွဲ့အောင်ပြောပြီး ဒီထက်ပိုရင်းနှီးအောင် အချိန်
ရဦးမှာ၊ ဒီမိန်းကလေးကို တွေ့ပြီးကတည်းက ရင်ထဲမှာရှိသော ဒေါ်မ
သတွေ မြူတစ်မှုန်တောင် မရှိတော့. . . ။

"ဒီအခန်းမှာအိပ်. ."

ခင်ဖွေး ညွှန်ပြရာ အခန်းဆီသို့ ဝင်လိုက်သည်နှင့် တံခါးချပ်
သူ့အလိုလိုပိတ်ပြီး လော့ခ်ချသံ ကလစ်ဟူသော အသံကိုပါ ကြားလိုက
ရသည်။

"ဗူး. ."

"ဟင်. . ကားသံကြားတယ် ဒီအချိန်ကြီး ဘယ်သူပါလိမ့်
ဘယ်သူဖြစ်ဖြစ် ငါ့ကိစ္စ မဟုတ်ပါဘူးလေ"

ကိုယ်နှင့်မဆိုင်သောကိစ္စဟု စိတ်သက်သက်သာသာတွေးက
အိပ်ရမည့် ခုတင်ထက်ဆီသို့ ဝမ်းလျားထိုးမှောက်ချလိုက်သည်။

တကယ်တမ်း မျက်လုံးစုံမှိတ်ပြီး အိပ်ဖို့လုပ်တော့ အိပ်၍မ
မျက်စိထဲမှာ ခင်ဖွေး၏ ချစ်စရာမျက်နှာလေးသာ အထပ်ထပ်ပြေးမြ



www.burmeseclassic.com

www.burmeseclassic.com



မိနေသည်။

ထို့အတွက်ကြောင့် ကိုယ့်ကိုယ်ကိုယ်. . ငါဟာတော်တော် အပြောင်းအလဲမြန်တဲ့ ကောင်ပါလားဟု တွေးပြီး ရယ်ပင်ရယ်ချင်သေးတော့၏။

အိပ်မရမည့်အတူတူ ခင်ဖွေးနှင့် စကားပြောဖို့ စိတ်ကူးရသွား၍ အိပ်နေရာမှ ဆတ်ခနဲထထိုင်လိုက်ပြီး အကြည့်တွေက မှန်ပြတင်းအပြင်ဘက်သို့ ရောက်သွားသည်။

ဘေးမှာလည်း လူနေအိမ်တွေ ရှိနေသည့်အတွက် ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ရန် ပြတင်းပေါက်နားဆီသို့ လျှောက်လာလိုက်သည်။

"ဟင်. . . ဟိုဘက်တိုက်မှာ လူတစ်ယောက်မတ်တတ်ရပ်ပြီး ကြည့်နေပါလား"

မိတ်ဖြစ်ဆွေဖြစ်ဟု စိတ်မှာတွေးပြီး ဘာရယ်မဟုတ် လက်လှမ်းပြလိုက်သည်။

"ဟင်. . ဘာလဲဟ ငါလက်လှမ်းပြသလို သူကလည်း လက်ပြတယ်"

တစ်ယောက်တည်း ခပ်တိုးတိုးပြောကာ ဒုတိယအကြိမ် လက်ပြန်ပြလိုက်သည်။ တစ်ဘက်ကလည်း အချိန်ကိုက် တပြေးညီလက်ပြန်ပြသည်။

"အယ်. . ဟုတ်သေးပါဘူး တစ်မျိုးတော့ တစ်မျိုးကြီးပဲ"

စိတ်ထဲမတင်မကျ ဖြစ်သွား၍ ဒီတစ်ခါတော့ လက်နှစ်ဖက်စလုံး ဝှေ့ယမ်းပြလိုက်သည်။

တစ်ဖက်လူကလည်း ပြန်၍ လက်နှစ်ဖက်စလုံး ဝှေ့ယမ်းပြသည်။





"ဟေ့လူ. ."

"ဟေ့လူ. ."

သွင်ထူးမောင် လှမ်းအော်သည့်အသံအတိုင်း ပဲ့တင်သံပြန်လာ၏။

"အယ်. . ဒါ ငါ့အသံပဲ၊ ဟင် ဟုတ်သေးပါဘူး ဟိုဘက်ကလူက ငါ့လှုပ်ရှားမှုအတိုင်း လိုက်လုပ်နေသလိုပါလား"

ပို၍သေချာသွားစေရန် မတ်တတ်ရပ်နေရာမှ သုံးချက်တိတိခုန်လိုက်သည်။

"အယ်. . သူ. . သူလည်း လိုက်ခုန်တယ်ဟ"

ခဏတွေဝေသွားသည်။ ပြီးမှ တစ်စုံတစ်ရာကို သဘောပေါက်သွားဟန်ဖြင့် ကိုယ်နဖူးကိုယ်ပြန်ရိုက်ကာ. . .

"အဟုတ်. . ငါ့နှယ် ရူးပဲ့၊ အဟီး. . ဟိုဘက်အိမ်က မှန်တံခါးတွေမှာ. . ဒီဘက်က မီးတွေထွန်းထားတဲ့ အခန်းထဲမှာ ရှိနေတဲ့ ငါ့ပုံကတိုးမှာသွားပေါ်နေတာကိုး၊ ခွိး. . ခွိး. . ခွိး. . ငါတော်တော်ပိန်းပါလား"

အူကြောင်ကြောင်နိုင်သော ကိုယ့်အဖြစ်ကိုယ် သဘောတကျရယ်ရင်း ခင်ဖွေးသာသိရင် ရှင့်ကိုဒါကြောင့် မိန်းမတွေ ပစ်ပြေးတာဟု ဒုတိယအကြိမ် ဝေဖန်ဦးမလားမသိ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ကိုယ်ပေါ်မှ ခြုံထားသောစောင်ကို ဆွဲချခံလိုက်ရသဖြင့် . . မျက်လုံးတို့ ဖျတ်ခနဲဖွင့်လိုက်ပြီး ခုတင်ခြေရင်းဘက်ကို ခေါင်းထောင်ကြည့်လိုက်သည်။

"ခစ် . . ခစ် . . ခစ် . . ဟီး . . ဟီး . . ဟီး . . ဟီး . ."

ကလေးတစ်ယောက်၏ရယ်သံက တိတ်ဆိတ်နေသောအခန်းထဲတွင် ပေါ်ထွက်လာသည်မို့ သွင်ထူးမောင် ခေါင်းနားပန်းကြီးသွားသည်။

"ဟင် . . ရယ် . . ရယ်သံ၊ ဘယ်သူလဲ ဘယ်ကကလေးဖြစ်"





ထိတ်လန့်သောအမေးဖြင့် ခုတင်ပေါ်မှ သွေးရူးသွေးတန်း ထလိုက်သည်။ ရယ်သံက တိခနဲပြန်ရပ်သွားသည်။

အခန်းသည် ပကတိအတိုင်း ပြန်၍ကိတ်ဆိတ်သွားသည်။

"ဟာ . . ဘာလဲဟ၊ ခုကျတော့လည်း ရယ်သံက ပျောက်သွားပြန်ပြီ"

စိတ်ထဲထင်ယောင်ထင်မှား ဖြစ်သည်ဟုသာ ခပ်လွယ်လွယ်တွေးကာ ခုတင်ပေါ်မှာ စိတ်အေးလက်အေး ပြန်အိပ်ရန် လှဲလိုက်ပြီး စောင်ခေါင်းမြီး ပြန်ခြုံလိုက်သည်။

"အား . . ကျိုးပြီ . . ကျိုးပြီ . ."

တစ်ဖန် စောင်စကို ဆောင့်ဆွဲခြင်းခံရပြီး ခြေချောင်းတွေကို လှန်ချိုးခံလိုက်ရသော နာကျင်မှုကြောင့် သတိလက်လွတ် ထအော်လိုက်သည်။

ဒါဟာ သမာရိုးကျမဟုတ်တော့ဘူးဆိုသည့် အသိက ကြောက်စိတ်တွေနှင့်အတူ ခေါင်းနားပန်းကြီးသွားသည်။

"ဟော့ . . ကလေး၊ မင်း ဘယ်သူလဲ၊ ငါ့ခြေချောင်းတွေကို ဘာကြောင့်လှန်ချိုးရတာလဲကွ . . အား . . ကျွတ် . . ကျွတ် . . နာလိုက်တာကွာ"

ခြေချောင်းလှန်ချိုးသော တရားခံမှာ ငါးနှစ်အရွယ်ခန့်ရှိသည့် ကလေးတစ်ဦး။

သွင်ထူးမောင် နာနာကျင်ကျင် ညည်းတွားနေသည်ကိုကြည့်ပြီး ခွန်ဆွခုန်ဆွ သဘောကျနေသည်။

"ဟာ . . . ဒီ သောက်ကလေး၊ မင်းက သူများအသားနာတာကို သဘောကျနေတယ် ဟုတ်လား၊ တယ်လေ . . လက်သီးတစ်လုံးလောက် ပစ်ကျွေးလိုက်ပြန်ဦးမယ်၊ သွား . . ခုအခန်းထဲက ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



အခန်းပိုင်ရှင်လို ဟန်အပြည့်ဖြင့် လက်ညှိုးထိုး နှင်လွှတ်လိုက်သည်။ ထိုကောင်လေး လုံးဝမမှု။

"သွားဘူး. . သွားဘူး၊ ဦးက ဘာလို့ တားခုတင်ပေါ်မှာအိပ်လဲ၊ ချင်း. . ခုချင်း. . အဲဒါ တားခုထင်"

"အယ်. . ဒါ မင်းခုတင်ဟုတ်လား"

မပီကလာ ပီကလား ပြောနေသော ထိုကလေးစကားကြောင့် ယုံရမလိုလိုဖြင့် ထိုကလေးကို ပြူးကြည့်လိုက်သည်။

"ပူးမကြည့်နဲ့ တကယ်ပြောတာ. . ချင်း. . ခုချင်း"

ထိုကလေးကလည်း ခေသူမဟုတ် သွင်ထူးမောင်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ သူ့ခုတင်ပေါ်မှ ဆင်းခိုင်း၏။

ခုတင်ပိုင်ရှင်ဟာ ထိုကလေးဖြစ်နေသည့်အတွက် သွင်ထူးမောင် သိပ်တင်း၍မရတော့၊ သူကအိမ်ရှင် ကိုယ်ကဧည့်သည်၊ လူကြီးကွယ်ရာမှာ ကလေးကို အနိုင်ကျင့်သည်ဆိုပြီး မခင်ဖွေးက အပြစ်တင်လျှင်. . ကိုယ်ပဲ လူကြီးလူကောင်းမဆန်ရာ ကျပေတော့မည်။

"ချင်း. . ခုချင်းဆို"

သွင်ထူးမောင်၏ ကြိုးကြိုးချိတ် ပုဆိုးစကို အတင်းဆွဲချနေသဖြင့် ပုဆိုးကျွတ်မကျအောင် ခါးပုံစကို မနည်းထိန်းကာ. . .

"ဟာ. . ဟော့. . ဟော့. . ချာတိတ် ဘာလို့ ပုဆိုးဆွဲချွတ်တာလဲကွ"

"ဦးက. . ချင်းမှမချင်းတာ ချွဲချွတ်မှာပေါ့"

ဒီကလေး တော်တော်ဖောင်းထတဲ့ ကလေးဟု စိတ်ထဲမှ တိတ်တိတ်ကျိန်ဆဲကာ မျက်နှာချိုသွေး ရယ်ပြလိုက်ပြီး. . .

"အဟဲ. . ဦးက ဧည့်သည်လေ ချာတိတ်ရဲ့ ဒါကြောင့် ဒီခုတင်မှာ ခဏအိပ်မယ်နော် ချာတိတ်"





"ဒါဖြို တားက ဘယ်မှာအိပ်ရမှာလဲ"

"ကြမ်းပြင်မှာ ခဏအိပ်ပေါ့"

မညှာမတာ စိတ်ထဲရှိရာ ပြောချလိုက်သည်။ သားသမီးချင်းတိုယ်ချင်းမစာတာတော့မဟုတ်. . .

"ဦးအိပ်ပါလားလို့"

ကလေးကလည်းမခေ ပြန်ခံပက်သည်။

"အဟဲ. . ဦးဝတ်ထားတဲ့ အဝတ်အစားတွေက တန်ဖိုးကြီးအဝတ်အစားတွေကွ၊ ဒါကြောင့် ကြမ်းပေါ်မှာ အိပ်လို့မဖြစ်လို့ပါကွာ. . နော်. . ကလေး၊ မနက်ကျရင် ချာတိတ်ကို မုန့်တွေများကြီး ဝယ်ကျွေးမယ်နော်"

"ခုကျွေး"

"အယ်. . . ခုကျွေးလို့တော့ မဖြစ်ဘူးလေ ချာတိတ်ရာ ဒီမှာဘာမှမရှိဘူးလေ"

"ရှိတယ်. . ခုကျွေး၊ မကျွေးရင် ဦးရဲ့လက်ချောင်းတွေကို ကိုက်ချားပစ်မှာနော်"

"ဟမ်. . ဟော့. . ဟော့ကောင်. . အဲ. . အဲလိုတော့ မကျီစားနဲ့လေကွာ မင်းကလည်း၊ ငါက ဒီလိုညအချိန်မတော်ကြီး ဘယ်ကမုန့်သွားကျွေးရမှာလဲ"

"ဟိုဘက်က အခန်းထဲမှာရှိတယ်"

"ဟာ. . ဓွတ်ပါလားကွာ"

"ဓွတ်. . မပါပါဘူး ဦးရာ၊ တားက ချောကလက်ချားချင်တာ"

ကလေးကလည်း သူစားချင်တာကို ပြောပြသည်။

သွင်ထူးမောင် တော်တော်လေး စိတ်လေသွားသည်။ ညကြီးအချိန်မတော် ဒီကလေးနှင့် အပေးအယူမတည့်သည့်ကိစ္စ ဘယ်လိုရှင်း

www.burmeseclassic.com



ရုပ်ပါမလဲ။

"ဒီမှာ ချောကလက်မှ မရှိတာ ချာတိတ်ရာ၊ မိုးလင်းရင် မင်းစားချင်တဲ့ ချောကလက်တွေ တစ်ဆိုင်လုံး ဝယ်ကျွေးမယ်ကွာ"

"ဟာ. . မိုးက ဘယ်တော့မှ လင်းမှာမဟုတ်ဘူး"

"ဘာ. . မိုးက ဘယ်တော့မှ မလင်းတော့ဘူး ဟုတ်လား၊ အဟတ်. . မင်း. . လူလည်ပဲ"

"တကယ်ပြောတာ မယုံရင် ချောင့်ကြည့်"

"အယ် မယုံရင် စောင့်ကြည့်တဲ့. . အဟတ် တကယ်ရယ်ရတဲ့ ကလေးပါလား"

သွက်လက်ချက်ချာပြီး ချစ်စဖွယ်ဟန်ဖြင့် ဂျစ်တိုက်နေသော ထိုကလေးကို တဒင်္ဂအတွင်းမှာ သွင်ထူးမောင် ခင်သွားသည်။

"ရယ်ချင်နောက်မှ ရယ်ပါကွာ၊ လာ. . ချောကလက် ရှိတဲ့နေရာကို လိုက်ပြီးပြမယ်. . လာ"

လက်တစ်ဖက်ကို ဖွတ်အတင်းဆွဲပြီး အခန်းပြင်ရှိရာသို့ တရွတ်တိုက်ပါမတတ် ဆွဲခေါ်နေသော ထိုကလေး၏ ဟန်ကိုကြည့်ကာ ဆက်ငြင်းပြီး ချော့ပြောနေလည်း ရမည့်ပုံမပေါ်တော့တာမို့ ဆွဲခေါ်ရာနောက်သို့ လိုက်ခဲ့လိုက်ရတော့သည်။









# အခန်း(၅)

"ကျွီ. ."

အခန်းသည် မီးလုံးခပ်မှိန်မှိန်ဖြင့် မလင်းချင်လင်းချင် လင်းနေရှာသည်။

အောက်သိုးသိုး အနံ့အသက်တွေကို စိတ်မသက်မသာ ရှူရိုက်ရင်း ထိုကလေးကို အံ့တကြိတ်ကြိတ်ဖြင့် ငုံ့ကြည့်ပြီး. . .

"ဟော့. . ချာတိတ်၊ ငါ့ကို ဘယ်နေရာခေါ်လာတာလဲ. . ဟမ်၊ ဘယ်အခန်းကြီးလဲကွာ ရှုပ်ပွညစ်ပတ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းထဲမှာ တားချားချင်တဲ့ မုန့်ရှိတယ်"

"ဘာ. . ဒီအခန်းထဲမှာ မုန့်ရှိတယ်. . ဟုတ်လား၊ ကျွတ်. . ဟုတ်မှလဲလုပ်ပါချာတိတ်ရာ မင်းဟာက ထမင်းစားခန်းနဲ့ စတိုခန်း မှားလာပြီထင်တယ်ကွ၊ မင်းနှယ့်. . နံလိုက်တာကွာ ကြွက်သေပုပ်နံ့ ကြီးလား မသိဘူး. . ဝေါ့. ."

"ဂျကား မညားချမ်းပါနဲ့ ဦးရာ၊ မယုံရင်ကြည့် ဟိုအထဲမှာ ချောကရက် ရှိတယ်"

ဗီရိုတစ်လုံးကို လက်ညှိုးထိုးပြနေသဖြင့် သွင်ထူးမောင် အံ့သြ သွားသည်။

"ဟာ. . မဖြစ်နိုင်ပါဘူး မင်းကလည်း၊ ဒီဗီရိုထဲဘယ်လို ချော ကလက်က ရှိမှာလဲကွ၊ ဒီလောက် ဖုန်တလောလောထနေတဲ့ အခန်း"

"ဩော်. . ရှိပါတယ်ချိုမှုပဲ၊ တားဖွင့်ရို့မရရို့ ဦးကိုဖွင့်ခိုင်းတာ ပေါ့ရို့. . ခုပဲယူပေးမြန်မြန် ဗိုက်ချာရာပြီ"

ဖွတ်အတင်းယူခိုင်းနေသော ထိုကလေးနှင့်အပြိုင် ငြင်းခုန်မ နေချင်တော့၍ စိတ်ပျက်လက်ပျက်ဖြင့် ကျွတ်ခနဲ စုတ်သပ်ကာ ဗီရိုရှိ ရာသို့ တွန့်ဆုတ်တွန့်ဆုတ် ခြေလှမ်းတွေဖြင့် တိုးကပ်သွားလိုက်သည်။

"ဟဲ့ သောက်ပလုတ်တုတ်၊ အောင်မလေး ဘာကြီးလဲ. ."

ခြေထောက်ပေါ် ဖြတ်တက်သွားသော အရာကြောင့် လှမ်းနေ သော ခြေလှမ်းတွေ တွန့်သွားကာ အောက်ကိုငုံ့ကြည့်ပြီး အလန့်တကြား ထခုန်လိုက်သည်။

"ဟာ. . ကြွက်. . ကြွက်ကြီးပါဂျ၊ ဟားဟား. . ဟား. . ခစ်ခစ် ခစ်. . ဂန်ဂျောက်ကြီး၊ ကြွက်ကလေးကို ကြောက်နေတယ်. . အဟာတ် ဟတ်. . ကရော်. . ကရော်. ."

"နင့်ဘိုးအေကြီး ကြွက်ဆိုတာနဲ့ မကြောက်ရတော့ဘူးလား၊





အဲဒီကြွက်က နင့်ခေါင်းလောက်ရှိတယ်"

လက်ညှိုးကို ကွေးချည်ဆန့်ချည် လုပ်နေကာ လှောင်ပြော နေသော ထိုချာတိတ်ခေါင်းကို ဘတ်ခနဲပုတ်ကာ မကျေမနပ် ပြေ လိုက်သည်။

"ကဲပါ. . ယူပေးပါ ဗိုက်ချာလာပါပြီချို၊ ချိုတ်တိုလာရင် ဦးလေ ပေါင်ကို ဖက်ကိုက်ချားပစ်မှာနော်. . ဟွန်း. ."

"အောင်မလေး ကြိမ်းဝါးနေလိုက်ကာ လူနဲ့တောင် မတူတော ဘူး. . ဟွန်း. . အီသီယိုးပီးယားက ဝေတ်လာတဲ့ ကလေးကျနေတာပ ငါ့နှယ့် ဘယ်နေရာကိုရောက်လာပြီး ဘယ်ကလေးနဲ့ လာပြီး နှစ်ပ သွားနေရလဲ မသိဘူး၊ ဆိုးလိုက်တဲ့ကံ. . ."

ကိုယ်ကံကိုသာ ကဲ့ရဲ့ညစ်ပုံချပြီး. . ဖုန်အလိမ်းလိမ်းတက်နေ သောဗီရိုကို ဆွဲဖွင့်လိုက်သည်။

"ကျွီ. . အီ. . အီ. . အီ. . အီ. ."

ဗီရိုမှာ မဖွင့်တာကြာပြီ ဖြစ်ဟန်တူသည်။ ဆွဲဖွင့်လိုက်သည်နှ မြည်သံစွဲအလက်ာမြောက်အောင် ခပ်ညည်းညည်းလေး အသံပေး၏

ဗီရိုဖွင့်လိုက်သည်နှင့် အထဲမှ ပိုးဟပ်တွေ၊ ကြွက်တွေ အကျင် ထောင်မှ လွတ်လာသော ထောင်သားတွေလို လှတ်လပ်ပေါ့ပါးစွာ ခုန် ထွက်လာကြ၏။

"အား. . အောင်မလေး. . ပိုးဟပ်. . ပိုးဟပ်. . ကြွက်. . ကြွက်. . အောင်မလေးဗျ. ."

ကိုယ်ပေါ်ကို ပျံတက်လာသော ပိုးဟပ်နှင့် ရင်ဘတ်ဆီသို့ ခုန် တက်လာသော ကြွက်ကြောင့် သွင်ထူးမောင် ကဆုန်ပေါက်ကာ ပုဆို စွန်တောင်ဆွဲပြီး ကြောက်အားလန့်အားထခုန်ပြီး အော်ဟစ်လိုက်သည်

သွေးရူးသွေးတန်း ဖြစ်နေသော သွင်ထူးမောင်ကို ထိုကလေး



www.burmeseclassic.com

www.burmeseclassic.com



အရေးပင်မလုပ်တော့ ဗီရိုထဲမှ အရာတွေကို အငမ်းမရ မွှေနှောက်ရှာဖွေကာ စားနေလေတော့သည်။

ပိုးဟပ်တွေ ကြွက်တွေကို အားကုန်ပုတ်ထုတ်ရင်း ကြမ်းခင်းပေါ် ဖင်ထိုင်ရက် လဲကျနေသော သွင်ထူးမောင်မှာ ထိုကလေး အငမ်းမရ စားနေသော ချောကလက်ဆိုသည့် အရာတွေကို ကြည့်လိုက်သည်။

မုန့်ထုပ်တွေမှာ နှစ်တွေကြာမြင့်ပြီမို့ အနံ့အသက် မကောင်းရုံတင်မဟုတ် မှိုနံ့တွေ လှိုင်လှိုင်ထနေသည်။

"ဟာ. . ဟေ့ကောင် ချာတိတ် မစားနဲ့လေ၊ အဲဒါတွေအကုန်ဒိတ်ဓအောက်နေပြီကွ"

ထိုကလေးမှာ သွင်ထူးမောင်ကို ရှိတယ်ဟုပင် မထင်တော့. . ဒိတ်လွန်နေသော မုန့်တွေကို သဲကြီးမဲကြီး ဝါးစားနေ၏။ ဝါးနေတာများ ပလုတ်ပစ် ပလောင်းပစ်. . တကယ့်ကို စားကောင်းသောက်ဖွယ်တွေကို မြိန်ရေယှက်ရေ စားသောက်နေပုံမျိုး. . .

"ကျွိ"

ထိုစဉ် အခန်းဝမှ တံခါးဖွင့်သံကြောင့် သွင်ထူးမောင် ထိုကလေးကို သတိလှမ်းပေးနေရင်းမှ လှည့်ကြည့်လိုက်သည်။

"ဟာ. . အဲ. . ခင်ဖွေး"

"ရှင် ဘာလုပ်နေတာလဲ၊ ဒီဗီရိုကို ဘာလို့လာဖွင့်နေရတာလဲ"

"အဲ. . ဟို. . ဗိုက်. . ဗိုက်ဆာ. . အဲ. . ဟုတ်သေးပါဘူး၊ ချောကလက် မှိုတက်တွေလေ ဒီကလေး စားနေလို့"

"ခုမှ အကြောင်းပြချက်တွေ ပေးမနေပါနဲ့၊ စောစောကတည်းက စားစရာရှိတာကို အဝစားခဲ့ရောပေါ့"

"ဟာ. . မဟုတ်တာ၊ ငါကဘာလို့ ဆာရမှာလဲ၊ ဒီကလေး. . ဒီကလေးလေ. . အယ်. . ဟာ. . ဟိုကောင် ဘယ်ရောက်သွားပြီလဲဟ"





ချာတိတ်ရှိရာ ပွင့်နေသော ဗီရိုရှေ့သို့ လက်ညှိုးထိုးပြလိုက်ရင်း လှည့်အကြည့်. . ချာတိတ်မှာ မရှိတော့။

"ကဲပါ ကျွန်မတွေ့တာတော့ ဒီအခန်းထဲမှာ ရှင်တစ်ယောက်ထဲတွေ့တယ်၊ ခုမှ မလုံမလဲ ဖြစ်မနေပါနဲ့တော့၊ ရှင့်အခန်းထဲ မြန်မြန်ပြန်ဝင်ပါ. . အပြင်ဘက် မထွက်လာပါနဲ့လို့ သေချာမှာထားရက်နဲ့ရှင် မြန်မြန်သွားတော့. ."

အပြစ်တင်စကား ခပ်စူးစူးပြောကာ အခန်းအပြင်ကို မလုံမလဲ လှည့်ကြည့်လှည့်ကြည့် လုပ်နေသော ခင်ဖွေး၏ ဂနာမငြိမ် ဖြစ်နေသော ပုံကို သွင်ထူးမောင် အမိပ္ပါယ်မကောက်တတ်၊

"အင်း. . . အင်းပါ. . သွား. . သွားပါ့မယ်"

ခင်ဖွေးကို နှုတ်ဆက်ကာ သွင်ထူးမောင် ခင်ဖွေးရှေ့မှ ခပ်ကုပ်ကုပ် ထွက်လာခဲ့လိုက်သည်။ စိတ်ထဲမှာ မရှင်းမရှင်းနှင့်. . .

ဘာတွေလဲဟ. . ပေါ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

အခန်းအတွင်းသို့ ပြန်သာဝင်လာရသည် သွင်ထူးမောင် စိတ်ထဲမှာ သိပ်မရှင်းလင်း၊ ခင်ဖွေးအမူအရာက ဂနာမငြိမ်သည့်ပုံစံမျိုး ဖြင့် တစ်စုံတစ်ခုကို ကြောက်ရွံ့ထိတ်လန့် နေသလိုလို. . .၊

ဇဝေဇဝါ အတွေးနှင့်အတူ ခုတင်ထက်မှာ ခပ်ငူငူကြီး ထိုင် လိုက်သည်။

"ဦးဦး"

"ဟာင်"

ခေါ်သံကြောင့် အပေါ်ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။





ခေါ်သံက သွင်ထူးမောင်၏ အပေါ်က မိုးပြီးခေါ်သည့်အသံမျိုး. . .

"ချားပါဦး"

ထုပ်တန်းပေါ်တွင် ခွထိုင်ပြီး စားပါဦးဟုပြောကာ ချောက သော် မှိုတက်တွေကို အားရပါးရစားနေသော ချာတိတ်ကိုကြည့်ပြီး. . သွင်ထူးမောင် အလန့်တကြား မတ်တတ်ထရပ်လိုက်သည်။

"ဟာ. . ဇီငပွေး၊ ညကြီးအချိန်မတော် ဒီတန်းပေါ် ဘာလို့ တက်ဆော့နေရတာလဲ၊ ဆင်း. . ခုဆင်းစမ်း မိမဲ့ုမ ဖမဆုံးမလေး၊ အစောက. . မင်းကြောင့် ခင်ဖွေး ငါ့ကိုတစ်မျိုးထင်သွားပြီကွ"

"တစ်ညီးထင်ရင် ခဲဖျက်နဲ့ ဖျက်ပေါ့ ဂျ. . လွယ်လွယ်လေးကို တော်နေတယ်"

"အယ်"

သူကပဲ မထိလေးစား ပြန်ပြီးပြောရတယ်လို့. . ဒီကလေး တ ယ်ခလွယ်တဲ့ကလေး။

"ဟော့ကောင်. . ဆင်း၊ ပြုတ်ကျမယ်ကွ မြောက်အတ္တာ သမန်းရှ . . မင်း တစ်ခုခုဖြစ်ရင် ငါ့အထာကျနေမယ်"

"ကျွတ်. . ဘာမှအကျဘူး ဒီလောက်လေးက အပျော့ပဲ၊ တား တစ်ခါတလေ ဒီတန်းပေါ် အိပ်နေကျ. . "

"ဗုဒ္ဓေါ. . ဟုတ်မှလဲ လုပ်ပါကွာ"

"ဦးဦးပဲ အိပ်ရေးဝအောင် အိပ်လိုက်ပါဂျာ၊ အိပ်. . အိပ်. . မှာ ချောကလက်ချားရတာ ကျိန်ပျက်တယ်"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့. . ခင်ဗျားလေးသာ ပြုတ်မကျ အောင် သေချာထိုင်စားပါ၊ ပြီးရင်. . လာမနှောင့်ယှက်နဲ့တော့နော် နှောင့်အယှက်ကင်းကင်း အိပ်ပါရစေ"

"အိပ်. . အိပ်. . ချိတ်ချ၊ တား အနှောင့်အယှက်မပေးဘော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

ချောကလက်တွေ ပလုတ်ပလောင်း စားနေသောအသံဖြ
ကတိတွေ အထပ်ထပ်ပေးနေသော ထိုကလေးသည်. . သွင်ထူးမော
အမြင်မှာတော့ ဆော့လွန်း၍ ပြတိုက်တောင်ပို့ပြီး ပြသင့်သည်ဟု ခ
ချဉ်ချဉ်တွေးပြီး ဓောင်ကိုခေါင်းမြီးခြုံကာ အိပ်ပျော်ရန် ကြိုးစားလိုက်
သည်။

သိပ်မကြာလိုက် အခန်းတွင်းမှ သွင်ထူးမောင်၏ ဟောက်
ကျယ်ကျယ်လောင်လောင်ကြီးက စည်းချက်ညီညီ ထွက်ပေါ်လာ
တော့သည်။

ချောကလက်မှုတ်ကို အရသာခံစားနေသော ထုပ်တန်းပေ
က ချာတိတ်ကလေးပင် နှာနှစ်ဖက်ကို စုံအုပ်ထားရသည်။

"ဒီရှုကြီး အိပ်တာ. . တော်တော် နှာပြီးတာပဲ"









# အခန်း(၇)

"ဝါး. . အိပ်လို့ကောင်းလိုက်တာ၊ သူများအိမ်လာပြီး. .
အိပ်ကောင်း စားကောင်းနေလိုက်တာ. .၊ အဟတ်. . မနေ့က မင်္ဂလာ
ပွဲမှာ သွေးမျက်နေတဲ့ ငါမဟုတ်တဲ့အတိုင်းပါလား"

အိပ်ရာနိုးလာ၍ လန်းဆန်းသွားသော ခန္ဓာကိုယ်ကို လက်နှစ်
ဖက် ဆန့်တန်းကာ အကြောဆန့်လိုက်ပြီး ပြတင်းတံခါးဖွင့်ရန် ခုတင်
ထက်မှ ဆင်းလိုက်သည်။

အလင်းရောင်သဲ့သဲ့တောင်မဝင်သော အခန်းသည် ဒေးစိမ့်



www.burmeseclassic.com

www.burmeseclassic.com



သော အငွေ့အသက်တွေဖြင့် ခြောက်ကပ်ကပ် နိုင်လွန်းလှသည်မို့ . . အခန်းရောလူရော ပြင်ပလေနှင့် ထိတွေ့ခွင့်ပေးရမည်မို့ တံခါးချက်ကို ဖွင့်လိုက်သည်။

"ဂျောက်"

ပြတင်းတံခါးချပ်သည် သူ့တာဝန် သူကျေပွန်စွာ ဖွင့်ပေးရှာသည်။ ပြင်ပလေအေးအေး ဝှေ့ခနဲ တစ်ချက်ဖြတ်တိုက်ခံရခြင်းနှင့်အတူ အံ့ဩမှုတို့က မျက်လုံးအစုံကို ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဟာ. . မှောင်နေသေးတာပဲ"

အပြင်လောကသည် ထင်ထားသလို နံနက်ခင်းနေခြည်တို့ဖြင့် လင်းထိန်မနေပဲ ညသန်းခေါင်ကဲ့သို့ မှောင်မိုက်နေဆဲပင်. . .

"ဒါ. . ဒါ. . ဘယ်လိုဖြစ်တာလဲ၊ ဟင်. . ဟို. . ဟိုမှာ. . ငါ့ကားပါလား"

ကားရှေ့ဖုံးပိန်ချိုင့်ကာ တံခါးမှန်ကွဲနေသော ကားကိုမြင်တော့ သွင်ထူးမောင် ပို၍ပင် အံ့ဩသွားသည်။

ဟိုလူကြီးလက်ထဲမှ ထွက်ပြေးလာတုန်းက ကားမှမပါတာ. . ခု ဘယ်သူက ဒီကားကြီးကို သယ်လာတာလဲ၊ အိပ်မက်များ မက်နေသလားဟု သံသယဝင်ကာ ကိုယ့်လက်ကို ခပ်နာနာလေး ဆိတ်ဆွဲပစ်လိုက်သည်။

"အောင်မလေးဗျ နာတယ်၊ ဒါ အိပ်မက်မဟုတ်ဘူး တကယ်ပဲ ဘာလဲဟ ငါလည်းအိပ်ရေးဝပြီ စိတ်ထဲမှာလည်း မိုးလင်းပြီထင်လို့ အသိစိတ်တွေ နိုးကြားလာတာ ဘယ့်နှယ့် ခုထိညသန်းခေါင် ဖြစ်နေသေးတာလဲ"

ဇဝေဇဝါ ထင်ယောင်ထင်မှား အတွေးတို့နှင့်အတူ အချိန်အတိအကျကိုသိရန် တိုက်ပုံအကျႌနှင့် ဖုံးနေသောနာရီကို ကမန်းကတန်းလှန်ကြည့်လိုက်သည်။





"ဟင်. . ညတစ်နာရီတီတီ၊ ဟာ. . ဟုတ်သေးပါဘူး. . ဘယ့်နှယ့် အချိန်တွေနောက်ပြန် သွားနေရတာလဲ၊ တကယ်ဆို ငါ အိပ်ပျော်သွားတဲ့အချိန်က ညနှစ်နာရီတောင် ထိုးတော့မယ်ဟာ၊ ခုမှ တစ်နာရီပဲ ရှိသေးတာတော့ မဖြစ်နိုင်ဘူး"

ကိုယ်နှင့် ရင်းနှီးမှုမရှိသော နေရာစိမ်းမှာ ခုလိုထင်ယောင်ထင်မှား ကိစ္စရပ်တွေကို ရင်ဆိုင်နေရ၍ သွင်ထူးမောင်အဖို့ ဒါဟာ အခြေအနေမှန်တစ်ခု မဟုတ်ဘူးဟု စိတ်ရှုပ်စွာ တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"ရှင် အခုထိ မအိပ်သေးဘူးလား"

အခန်းထဲမှထွက်ကာ အိမ်ကြီးထဲ ဟိုဟိုဒီဒီ လိုက်ကြည့်နေရင်းမှ အခန်းတစ်ခုထဲမှထွက်လာသော ခင်ဖွေးနှင့် တန်းတိုးသည်။

"အိပ်ပြီးပြီလေ. . အိပ်ရာက နိုးလာတာ၊ ဒါပေမဲ့ ခုထိ မိုးမလင်းသေးဘူး၊ အမှန်ဆို အကြာကြီး အိပ်ပြီးမှ နိုးလာတာပဲ၊ ဒီအချိန်နဲ့ ဒီအချိန် မိုးတော့လင်းသင့်နေပါပြီ"

စိတ်ထဲမှာ မတင်မကျ ဖြစ်နေသည့်အတိုင်း ပြောလိုက်ရ၍. .





ရင်ထဲမှာ ပေါ့သလိုလိုတော့ ရှိသွားသည်။

ခင်ဖွေး ခပ်မှိန်မှိန် ပြုံးသည်။

"မှောင်နေတာဟာ မိုးမလင်းသေးလို့ပေါ့၊ ရှင်အိပ်စက်အနားယူဖို့ အချိန်တွေအများကြီး ရနေတာပဲ. . ပိုမကောင်းဘူးလား"

ထိုသို့ပြောပြီး ခင်ဖွေး ဝရန်တာရှိရာဘက်သို့ လျှောက်သွားသည်။ သွင်ထူးမောင်ပါ ခင်ဖွေးနောက်မှ လိုက်သွားလိုက်သည်။ အိပ်မမယ့်အတူတူ အဖော်တစ်ယောက်နှင့် စကားပြောရင်း ညတွေကို ကုန်ဆုံးခိုင်းပြီး မြန်မြန်မိုးလင်းမှ ဖြစ်တော့မည်။ မိုးလင်းတာနှင့် အိမ်ကိုပြန်ဖြစ်မည်။ မင်္ဂလာပွဲကနေ ဆောက်တည်ရာမရသည့်ပုံစံဖြင့် ကားကိုအကြမ်း မောင်းထွက်ခဲ့သည့်အတွက် မာမီနှင့်ဒယ်ဒီ ဘယ်လောက်စိတ်ပူနေလိမ့်မလဲ။

အတင်းအဖျင်း စကားလုံးတွေ ပရပွကြားမှာ ဒယ်ဒီနှင့်မာမီ ဘယ်လောက် မျက်နှာငယ်ကြရလိမ့်မလဲ။

အမှန်ဆို တစ်ကြိမ်မက အရှက်ကွဲခဲ့ရသည့် ပြဿနာအရင်းအမြစ်ကို မရှာဖွေပဲနှင့် ခုလို ကိုယ်လွတ်ရုန်းပြီး ထွက်ခဲ့မိသည့်အဖြစ်က အကျယ်တမ်း တွေးကြည့်မိမည်ဆိုလျှင်. . ယောကျ်ားသိပ်မပီသသော လုပ်ရပ်များ ဖြစ်နေမလား။

တွေးရင်းဖြင့် ရင်ထဲမှဒေါသတွေ အနည်ပြန်ထလာပြန်သည်။ မိုးကောင်းကင်မှောင်မှောင်ကြီးကို အမိပွါယ်မဲ့ ငေးရင်း. . မြန်မြန်မိုးလင်းပါစေဟုပဲ ကျိတ်ဆုတောင်းလိုက်သည်။

"ရှင်. . ဘာတွေတွေးနေတာလဲ"

"ဒီနေ့ မင်္ဂလာပွဲမှာ အရှက်ကွဲခဲ့ရတဲ့ ကိစ္စတွေကိုပေါ့"

ပျံလွင့်နေသော စိတ်တို့ကို ပြန်လည်စုစည်းလိုက်ပြီး. . တည်တည်ငြိမ်ငြိမ်ပင် အဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျုပ်ကားက ဒီကို ဘယ်လိုရောက်နေသလဲ"

"ရှင် မြင်ပြီးပြီလား"

"အင်း. . ဟုတ်တယ်၊ စောစောက ပြတင်းပေါက်ဖွင့်ကြည့်ရင် တွေ့လိုက်လို့ အံ့ဩနေတာ"

"ဒီအိမ်ကလူကြီး ယူလာတာ၊ ဒါပေမဲ့ ရှင် ဒီအိမ်ကြီးထဲ ရောက် နေတာကို သူလုံးဝမသိဘူး"

"ဒီအိမ်က လူကြီးဆိုတာ မင်းအဖေကိုပြောတာလား"

"မဟုတ်ဘူး. . ဒီအိမ်ရှင် လူကြီးလို့ပဲ သိထားလိုက်ပါ"

လျှို့ဝှက်ချက် တစ်စုံတစ်ရာရှိဟန်ဖြင့် ပြောလာသည့် ခင်ဖွေ စကားက သိပ်ပြီးရိုးသားလှသည်ဟု မဆိုသာ။

"ရှင် မအိပ်ချင်သေးဘူးဆိုရင်. . ကျွန်မတို့ စကားပြောကြ လား"

"ခုလည်း ပြောနေတာပဲလေ"

ခင်ဖွေး မျက်လုံးတွေ ရီဝေမှုန်ဝါးနေသည် မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့ လဲ့မှုန်နေသလိုလို ဇဝေဇဝါ ဖြစ်နေသူက သွင်ထူး မောင် ဖြစ်သည်။

"ဟင့်အင်း. . ရင်ထဲမှာ မျိုသိပ်ထားတဲ့အကြောင်းတွေ ပြောပြ ချင်တာ၊ ဒါပေမဲ့ ပြောပြစရာလူမရှိ နားထောင်ပေးမယ့်သူမရှိနဲ့ မျိုသိပ် နေရတာ ဘယ်လောက်နာကျင်ရသလဲ၊ အဲဒီနာကျင်မှုမျိုးကို ရှင်ခံစား ဖူးလား"

"ခံစားဖူးတယ်. . ဒါပေမဲ့ ငါက နားထောင်မယ့်သူ တွေ့တဲ့အ ထိ မစောင့်ဘူး၊ ဒီလိုပဲ လောကကြီးကြားအောင် တစ်ယောက်ထဲ အော် ချက်ထုတ်လိုက်တာပဲ၊ အဲဒါမျိုးလုပ်ပြီးရင် စိတ်ထဲနည်းနည်းတော့ ပေါ့ ပါးသွားတယ်၊ နောက်ပြီး ခံစားချက်တစ်ခုကို ရင်ထဲမှာ မှတ်တက်တဲ့အထိ





သိမ်းမထားတတ်တာ ငါ့သီအိုရီပဲ"

"အချိန်တွေမှာ နောင်ဘဝဆိုတာ ရှိလား"

ထူးဆန်းသော ခင်ဖွေးအမေးကြောင့် သွင်ထူးမောင် ဘေးချင်း ယှဉ်ရပ်နေရာမှ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ပစ္စုပ္ပန်အချိန်ကို ကျော်လွန်သွားပြီး. . အနာဂတ်ကို ရောက် သွားတဲ့အချိန်တွေဟာ နောက်ဘဝပဲပေါ့"

"အချိန်တွေက သေဆုံးသွားတာမှ မဟုတ်တာ"

"ကုန်ဆုံးသွားတဲ့ အချိန်တွေဟာ အစားထိုးပြန်မရမှတော့. . မမြဲခြင်း နိယာမသဘောအတိုင်း သေဆုံးတယ်လို့ မှတ်ယူလို့ရတာပဲ လေ"

ညသည် တိတ်ဆိတ်အေးစက်စွာဖြင့် သွင်ထူးမောင်နှင့် ခင် ဖွေးတို့ စကားဝိုင်းကို ခိုးနားထောင်နေ၏။

"ဒါဆို သစ်ပင်တွေမှာရော နောင်ဘဝရှိလား"

ကတ်သီးကတ်ဖွဲ့ မေးလိုက်သော စကားကြောင့် သွင်ထူးမောင် ခေါင်းကုတ်လိုက်သည်။ ခင်ဖွေးကို ဖျတ်ခနဲ ထပ်ကြည့်ပြန်သည်။

ဒီမိန်းကလေး ဘာကိုသိချင်လို့ စကားတွေကို ခြေဆင်းဝင်နေ ရတာလဲပေါ့။ မဖြေပြန်ရင်လည်း ညံ့ဖျင်းရာကျတော့မှာမို့ စိတ်ထဲထင်ရာ ကိုဖြေဖို့ လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

"သစ်ပင်တစ်ပင် သေသွားတဲ့အခါ. , တခြားသစ်ပင်တွေက ဝိုင်းငိုပေးရိုး ထုံးစံမရှိသလို. . သေသွားတဲ့ သစ်ပင်ကို လွမ်းဆွေးတမ်း တနေမယ့်သူရယ်လို့မှ မရှိခဲ့တာ၊ တစ်ပင်သေရင် နောက်တစ်ပင်ပြန် စိုက်ရမှာပဲလေ၊ လောကကြီးထဲမှာ ရှင်သန်ကြီးထွားဖို့ အခွင့်အရေး လေးတစ်ခုပဲရခဲ့တဲ့ သစ်ပင်တွေမှာ. . နောက်ဘဝဆိုတာ မရှိပါဘူး"

အဆီအငေါ်တည့်အောင် ဖြေလိုက်၍ထင်သည်။ သူမထံမှ



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်သည့် စကားမျိုး ထွက်မလာဘဲ သက်ပြင်းငွေ့ငွေ့လေး ချလိုက်သောအသံကိုသာ ကြားလိုက်ရသည်။

"ကျွန်မလို အနှောင်အဖွဲ့ခံနေရတဲ့ သူဆီမှာရော နောက်ဘဝဆိုတာ ရှိနိုင်ပါ့မလား"

ရင်ဆိုင်နေရသော အခြေအနေတစ်ခုကို သွယ်ဝိုက်၍ အသိပေးသည်ဟု သဘောမှာထားလိုက်ပြီး သွင်ထူးမောင် ပြုံးသည်။

"လူတိုင်းလူတိုင်း အနှောင်အဖွဲ့ ခံရတာပဲ. . လူသားတိုင်းမှာ နှောင်ဖွဲ့နိုင်တဲ့ မေတ္တာ,အကြင်နာ,သစ္စာ ဒါတွေနဲ့ ချုပ်နှောင်ခံရတာပဲ မဟုတ်လား၊ နောင်ဘဝရှိတယ် မရှိဘူးဆိုတာကတော့ အဲဒီလူရဲ့ ရပ်တည်ရှင်သန်မှုပေါ်မှာပဲ မူတည်တယ်၊ အခု မင်းနဲ့ငါ ရရှိပိုင်ဆိုင်ရတဲ့ ဘဝတွေက နောက်ဘဝပဲ မဟုတ်ဘူးလား၊ ရှေ့ဘဝကအကြောင်းတွေကြောင့် ဒီဘဝမှာ အကျိုးဖြစ်ခဲ့တာပဲ"

"ဒါဆို လူတွေမှာ နောင်ဘဝရှိတာတော့ ခိုင်လုံသွားပြီပေါ့. . ဒါဆို အလွမ်းဆိုတာလည်း နောင်ဘဝရှိတဲ့သူတွေအတွက် ကြုံဖူးကြမှာပေါ့နော်"

ခင်ဖွေး စကားဦးတည်ရာလမ်းကြောင်းက တဖြည်းဖြည်းရွေ့ပြောင်းလာသည်။

"လူတွေကတော့ ကိုယ်သံယောဇဉ်ရှိတဲ့လူတစ်ယောက် သေသွားပြီဆိုရင် လွမ်းတတ်ကြတယ်၊ သူဘယ်ဆီကိုများ ရောက်သွားမှာပါလိမ့်လို့တွေးပြီး သေသွားတဲ့ လူတွေရဲ့ နောင်ဘဝကို သူတို့စိတ်ကူးနဲ့ သူတို့ ပုံဖော်ပြီး လွမ်းတတ်ကြတယ်၊ ဒီထက်ကောင်းတဲ့ ဘဝတွေမှာ ဆက်လက်ရှင်သန်စေချင်ကြတယ်၊ တကယ်တော့. . သံသရာဆိုတာ အလွမ်းရဲ့ ငယ်နာမည်ပဲလို့ စာရေးဆရာတစ်ယောက်က အဓိပ္ပါယ်ဖွင့်ဆိုဖူးတယ်၊ အမှန်တရားတစ်ခုနဲ့ ပြောရရင်. . လောကကြီးမှာ မရေရာ





ဆုံးက လူ့ဘဝပဲ၊ ဘဝဆိုတဲ့အရာကသာ သေချာရင် တီဗီအစီအစဉ်တွေလို မနက်ဖြန် ဘာဖြစ်မလဲဆိုတာ ကြိုတင်ပြီး ကြော်ငြာလို့ရတာပေါ့ မဟုတ်ဘူးလား. . အဟတ်. . ဟား. . ဟား. . ဟား"

ရယ်သံအဆုံး ညသည် အပ်ကျသံ မကြားရလောက်အောင် ငြိမ်ပြီး တိတ်ဆိတ်သွားသည်။ သူ့အပြစ်နှင့်သူ အသံတိတ်နေသော အမှောင်ထု၏ တည်ငြိမ်မှုထဲမှာ ခုချိန်ထိ မိုးမလင်းပေးသေးသော ညကို ခဏတော့ မေ့လျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

**လက်**မှနာရီကိုဖြုတ်ကာ စက်ချို့ယွင်း၍ အချိန်တွေများ များနေသလားဟူသော သံသယဖြင့် . . ခပ်ကြမ်းကြမ်းလှုပ်ယမ်းလိုက်သည်။

နာရီလက်တံ တဂျောက်ဂျောက်အသံနှင့်အတူ . . တရွေ့ရွေ့သွားနေသဖြင့် နာရီချို့ယွင်းတာလည်း မဖြစ်နိုင်။

မိုးလင်းဖို့ ထိုင်စောင့်နေရသည့် ကိုယ့်အဖြစ်ကို ပြန်သနားရင်း တဖွဖွ ဝဲပျံနေသော ခြင်တွေကို လက်ဖြင့်ယမ်း၍ ပုတ်ခါလိုက်သည်။





"ဟာကွာ . . ဒီခြင်တွေက တစ်မှောင့် တဝီဝီနဲ့ နားငြီးလိုက်တာ"

"ကျွီ . . ကျွီ . . ကျွီ . . "

အခန်းတံခါးချပ်ဆီမှ တကျွီကျွီအသံကြောင့် နာရီတစ်လုံးနှင့် အလုပ်ရှုပ်နေရင်းမှ စိတ်ရှုပ်စွာ လှည့်ကြည့်လိုက်သည်။

"ဟာ . . ဟော့ . . ချာတိတ် မင်းမအိပ်ဘူးလား၊ ဘာလို့တံခါးကို ခိုစီးနေရတာလဲကွ ငြိမ်ငြိမ်နေ နားငြီးတယ်"

"နားငြီးရင် နားပိတ်ထားပေါ့ ဦးရ၊ ဒီတံခါးကို တားအငြတမ်း ခိုစီးနေကျ . . စီးရို့ကောင်းတယ် . . အယုံရင် ဦးရာစီးကြည့်ပါလား"

မပီကလား ပီကလာ လေယူလေသိမ်းဖြင့် ချစ်စရာကောင်းသော ချာတိတ်ကိုကြည့်ပြီး သွင်ထူးမောင် အပြစ်မတင်ချင်တော့၊ ဒါ သူ့အိမ်ပဲ . . ကိုယ်ကဧည့်သည် . . သူက အိမ်ရှင်မို့ သူဘာလုပ်လုပ် တားပိုင်ခွင့်မှ မရှိတာပဲလေ"

ထိုကလေးကတော့ တံခါးချပ်ကို ခိုစီးမြဲစီးနေဆဲ . . .

"ချာတိတ် မင်းအမေနဲ့ အဖေရော ဘယ်အခန်းမှာ အိပ်တာလဲ"

"ဘာလဲ . . ဦး တွား ချောင်းမလို့လား"

"အေး . . သွားချောင်းရင် ကောင်းမလားလို့ အဲ . . အဲ . . ဟော့ ဟော့ . . မင်းဘာတွေမေးနေတာလဲ လူကြီးကို ငါက ချောင်းစရာလားကွ"

"ဒါချို့ ဘာလို့မေးလဲ"

ဂျစ်တူးတစ်ပုံစံဖြင့် ထိုချာတိတ်ကိုကြည့်ပြီး မေးမိသည်က ကိုယ့်အမှားပဲဟု စိတ်ထဲကပြန်ပြီး အပြစ်တင်ရင်း ရယ်ချင်စိတ်ကို မနည်းချုပ်နှိမ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါရောက်ကတည်းက မင်းအဖေနဲ့ မင်းအမေကို မတွေ့ရလို့ ပေါ့၊ နောက်ပြီး မင်းကိုကြည့်ရတာ တစ်စက်ကလေးမှ အိပ်ထားပုံမပေါ်ဘူး၊ တစ်အိမ်လုံး လျှောက်မွှေနှောက်နေတာ မမောဘူးလား"

"မောပါဘူး . . တားမှာ ကဂျားဂျရာ အဖော်မှ အရှိတာ၊ တစ်ယောက်ထဲ ကဂျားရတာ . . ဦးပျင်းရင် တားနဲ့ လာဆော့ပါလား တူတူ ပုန်းတမ်း ကဂျားကြမယ် ဘယ်လိုလဲ ဦးအရင်ပုန်း တားလိုက်ဖမ်းမယ်"

"မဆော့ချင်ပါဘူး . . အဲလေ . . မဆော့ချင်ပါဘူးကွာ စိတ်ရှုပ်ရတဲ့ကြားထဲ . . သွား . . သွား . . မင်းအမေတွေဆီ ပြန်အိပ်တော့"

အမေ့ဆီ ပြန်အိပ်တော့ဟု ပြောလိုက်သော စကားကြောင့် ချာတိတ် တအင့်အင့် ရှိုက်ငိုလေသည်။

"ဟာ . . ဟော့ကလေး ဒါငိုစရာလား၊ မင်းကို ငါဘာမှမလုပ်ဘူးလေ၊ ဟာကွာ . . မင်း မိဘတွေသိရင် ငါက မင်းကို အနိုင်ကျင့်လို့လို့ ထင်ဦးမယ်"

"အထင်ပါဘူး ဦးရာ၊ အဟင့် . . ဟင့်ဟင့် တားမှာ အမေရော အဖေရော အရှိဘူး"

ရင်ထဲမှာ သနားစိတ်တို့ လှစ်ခနဲ တိုးဝင်လာကာ . . .

"ဒါဆို ဘယ်သွားလဲ"

"အရှိပါဘူးချို့ ဘယ်တွားလဲ ဘယ်တိမှာလဲ . . ဂျ"

"သြော် . . အေး ဟုတ်သားပဲ"

"တားကို ဒီအိမ်ကြီးမှာ တစ်ယောက်ထဲ ထားတွားကြတယ်၊ တားကြောက်တယ်"

"အောင်မလေး . . ကြောက်လို့ပဲ၊ တစ်ညလုံး မအိပ်ဘဲ ခြောင်းဆန်အောင် မွှေနှောက်နေတာ . ."

"ဦး . . ဒီမှာ တားနဲ့ အမြဲနေမှာရားဟင်"





"ဟာ မနေပါဘူး . . . ငါက မင်းနဲ့ဘာလို့ အမြဲနေရမှာလဲ မိုးလင်းတာနဲ့ ငါ့အိမ်ငါပြန်မှာ"

"အဟာစ် . . ခစ် . . ခစ် . . ခစ်"

"အယ် . . ဟော့ကောင်လေး ဘာလို့ရယ်တာလဲ"

"ဦးက မိုးလင်းရင် ပြန်မယ်ပြောတာကိုး . . ဒီအိမ်မှာ မိုးလင်းတယ် ချို့တာ အရှိဘူး၊ အမြဲတမ်း မိုးချုပ်နေတာ . ."

"ဘာ . ."

သွင်ထူးမောင်၏ ဒေါသတကြီး ဘာလိုက်သံကြောင့် . . ထိုကလေး ဆတ်ခနဲ တုန်တက်သွားပြီ မျက်လုံးလေး ကလယ်ကလယ်ဖြင့် မော့ကြည့်၏။

"ချာတိတ် မင်းဘာပြောလိုက်တယ် . . ပြန်ပြောစမ်း"

စပိုက်တာမန်း အင်္ကျီဝတ်ထားသော ကလေး၏ ရင်ဘတ်မှ အင်္ကျီစကို ခပ်ကြမ်းကြမ်းဆုပ်ဆွဲရင်း . . သွေးရူးသွေးတန်း မေးလိုက်သည်။

ကလေးမှာ သွင်ထူးမောင်၏ အမူအရာကြောင့် ထိတ်လန့်စွာ မော့ကြည့်သည်။ ကလေးမျက်နှာမှာ သွေးမရှိသူလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို ဒေါသနှင့် ထိတ်လန့်မှုတွေကြားထဲမှ သတိထားမိလိုက်သည်။

"ဟုတ်တယ် . . ဦးရဲ တား တကယ်ပြောတာ၊ ဒီအိမ်ကြီးထဲမှာ နေရင် မိုးအလင်းဘူး၊ ဒါကြောင့် တားအမေက ဘားကိုလာမခေါ်တာ"

"ဒါဆို . . မင်း ဒီအိမ်မှာ ခင်ဖွေးနဲ့ နေတာပေါ့"

"တူကတားကို အဖေါ်အလုပ်ဘူး တူဟာတူနေတာ၊ ခု တားတိတာ ငိုက်ချင်တယ်၊ တစ်ခါတရေ အမေ့ကို တတ်ရတယ်၊ ဟိုလူကြီးလမ်းရင် အိမ်အပြင်ကိုထွက်ပြီး အမေ့ကို ရှာတယ်၊ အမေက ဘယ်တွားနေ



www.burmeseclassic.com

www.burmeseclassic.com



လဲအသိဘူး ရှာလို့ကို အတွေ့ဘူး”

ကလေးဆိုတာ ဘယ်တော့မှ လိမ်ညာမပြောတတ်မှန်း သွင်ထူးမောင် ကောင်းကောင်းသိသည်။

ထိုသို့သော ထူးဆန်းသည့် အခြေအနေ၏ပုစ္ဆာကို ဘယ်လိုအဖြေထုတ်ရမှန်း စဉ်းစားရ အတော်လေး ကြပ်နေသည်။ အဖြေက တော်တော်နှင့်မထွက်။ ထို့ကြောင့် သနားစရာကောင်းသော ချာတိတ်လေးကို ဘာမှဆက်မမေးရက်တော့. . ။

တကယ်တမ်း မေးရမည့်သူက ခင်ဖွေး။

ဟုတ်တယ် ခင်ဖွေးကို သွားတွေ့ရမည်။ ဒီကလေးပြောသလို ဘယ်တော့မှ မိုးမလင်းဘူးဆိုတာ. . တကယ်လားဆိုတာ အသေအချာ မေးရမည်။









# အခန်း(၁၀)

တကယ်လည်းချာတိတ်ပြောသလို မိုးလုံးဝလင်းမလာပါ. . ။ နာရီလက်တံတွေသည်လည်း တရွေ့ရွေ့ သွားနေပေမယ့် ခုချိန်ထိ တစ်နာရီကိုမတက်တော့၊ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး သွင်ထူးမောင်စိတ်တွေ ဂနာမငြိမ် ဖြစ်နေမိသည်။

“ခင်ဖွေး. . ခင်ဖွေး. . ”

အခန်းအပြင်သို့ထွက်၍ ဘယ်အခန်းမှာ ရှိနေမှန်းမသိသည့် ခင်ဖွေးကို တကြော်ကြော်အော်ခေါ်ရင်း လိုက်ရှာလိုက်သည်။

www.burmeseclassic.com



အိမ်ကြီးသည် ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ခြောက်ကပ်၍နေသည်။

ထိုသို့တိတ်ဆိတ်ခြောက်ကပ်နေသော အိမ်ကြီးထဲမှာ သွင်ထူးမောင် ခြေသံသဲ့သဲ့က လိုတာထက်ပို၍ ဟိန်းနေသလို ခံစားရ၏။

"အဟင့်. . အင့်. . အင့်"

အခန်းတစ်ခုရှေ့မှအဖြတ် ငိုသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ပို၍သေချာစေရန် ထိုအခန်းရှေ့သို့ သူခိုးခြေလှမ်းဖြင့် ခပ်ဖွဖွလျှောက်သွားလိုက်ပြီး တံခါးချပ်မှာ ကပ်၍နားထောင်လိုက်သည်။

တအိအိထွက်ပေါ်နေသော ငိုညည်းသံသည် ထိုအခန်းထဲကထွက်ပေါ်လာသည်ဆိုတာ ကျိန်းသေသလောက် ရှိနေပြီမို့ အခန်းတံခါးကို ခပ်ဖြည်းဖြည်း မသိမသာ တွန်းဖွင့်ကြည့်လိုက်သည်။

"ကျွီ"

"အယ်. . ပွင့်. . ပွင့်သွားပြီဟ"

တံခါးချပ်က ဘယ်အချိန်ကတည်းက ပွင့်ချင်နေလဲမသိ၊ ထိရုံနှင့်ပင် ကျွီခနဲ မြည်သံပေးပြီး ပွင့်သွားသဖြင့် ပွင့်လက်စနှင့် မထူးတော့ပြီမို့ ငိုနေသောသူကို ဘယ်သူလဲဆိုတာ သိချင်စိတ်ဖြင့် ကဲကြည့်လိုက်သည်။

အခန်းတစ်ခုလုံး မှောင်မည်းနေ၍ ဘာမှမမြင်ရ. . .

"ဟင်. . မှောင်မည်းနေတာပဲ ဘာမှလည်း မမြင်ရဘူး"

မှောင်မည်းတိတ်ဆိတ်နေသော အခန်းတွင်းသို့ ခြေသုံးလေးလှမ်း ဝင်လိုက်သည်။

ငိုညည်းသံသည် ကိုယ်နှင့်တဖြည်းဖြည်း နီးကပ်လာသလို ခံစားလိုက်ရသည်။ ရှေ့ကို ဘာမှမမြင်ရ၍ လက်တစ်ဖက်က စမ်းမိစမ်းရာကို လျှောက်စမ်းလိုက်သည်။





"ဖျောက်"

မီးခလုတ်ကို သွားစမ်းမိ၍ကို ထားမသို့ ဖြစ်သွားပြီး အခန်းအတွင်းသို့ ဝါကျင့်ကျင့် မီးအလင်း . ကျွန်မကို က^နဲ ထင်ဟပ်သွားသည်

ထိုအလင်းရောင်အား းတွင်းသို့ ဝေ့ကြည့်ကာ အငိုရှင်ကို ရှာကြည့်လိုက်သည်။ နေသော

"ဟင်. . ဘယ်သူမှ ရှိမနေ တောင်းပ

လူမတွေ့ပေမယ့် ငိုသံကနေ့တွေနှင့်ဟာဆဲမို့ ငိုညည်းသံဟာ ဒီအခန်းထဲမှ ဟုတ်ပါလေစဟု သံသယမျိုးမို့ သွားသည်။

အခန်းထဲတွင် တစ်ယောက်အိပ်ခုတင်တစ်လုံး၊ အိပ်လက်စစောင်၊ ခြင်ထောင် ခေါင်းအုံးတွေ ဖရိုဖရဲနှင့် အဝတ်လှန်းခင်းတစ်ခုပေါ်မှ အမျိုးသမီးဝတ်အင်္ကျီတွေ ဖရိုဖရဲ တင်ထားသည်ကို တွေ့ရသည်။

ရုတ်တရက် အကြည့်တွေက. . စားပွဲခုံတစ်ခုပေါ်သို့ ပို့လွှတ်လိုက်သည်။

ခင်ဖွေး အသက်( ၂၂ )နှစ် ကွယ်လွန်ဆိုသော နာရေးယပ်တောင်ကို တွေ့သွားသည်။

"ဟင်. . ဘာလဲဟ၊ ခင်ဖွေး အသက်နှစ်ဆယ့်နှစ်နှစ် ဆိုပါလား"

အံ့သြတွေဝေစိတ်နှင့်အတူ နာရေးယပ်တောင်ကို ယူကြည့်လိုက်သည်။ (၈. ၅. ၂၀၀၁)ဟူသော ကွယ်လွန်သည့်ရက်စွဲကို ကြည့်လိုက်သည်။

"ဒီအိမ်မှာ ခင်ဖွေးနာမည်နဲ့ ဘယ်နှယောက် ရှိနေလို့လဲ"

တစ်ယောက်တည်း ခပ်တိုးတိုးရေရွတ်ရင်း ငိုသံတွေ တိတ်သွားသည်ကို သတိပြုမိလိုက်သည်။

"တော. . ငိုသံမကြားရတော့ဘူးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်သဲ့သဲ့များ ကြားနိုက်ဦးမလားဟု နားထပ်စွင့်လိုက်သည်။ ကြာကင်

"ကျွိ. . ကျွိ. . သည်။

အခန်းတံခါး ခြောက်ကပ်နေ ပ်ပါဘဲနှင့် တကျွိကျွိ လှုပ်ယမ်းနေ

သဖြင့် သွင်ထူးမောင် ၁တာထက်ပို၍ မျုံးကျယ်ဝိုင်းစက်သွားသည်။

"ဟင်. . ခင်ဖွေ . အင့်"

တံခါးနောက်က မှအဖြတ် ထွက်ပေါ်လာကိုမှီထိုင်ကာ အရုပ်ကြိုးပြတ် ထိုင်

နေသော ခင်ဖွေးကိုတွေ့ ထိုအခန်း ကြောက်စိတ်တို့ အနည်းငယ်လျော့

ကာ ခပ်တိုးတိုးခေါ်ရင်း ခါးခ ဆို လျှောက်သွားသည်။

"ရှင် ဒီအခန်းမှာ ဘာဝင်လုပ်တာလဲ"

"ငိုသံကြားလို့ ဝင်လာတာ မင်းငိုနေတာလား"

မျှော်လင့်ချက်တွေ ဆိတ်သုဉ်းနေသော အငိုမျက်နှာဖြင့် မော့

ကြည့်၏။ ပြီးနောက်. . ခေါင်းကို ခပ်လေးလေး ညိတ်၏။

"ဟုတ်တယ်"

"မင်းမှာ စိတ်ညစ်စရာ ရှိနေလို့လား"

"ဒီလိုဘဝကြီးနဲ့ နေနေရတာ စိတ်မညစ်လို့ ထကနေရမှာ လား"

ခင်ဖွေး ပြောတာကို သူသဘောမပေါက်. . .

"ဩော်. . နေဦး၊ ဒီမှာ ဒီယပ်တောင်ထဲက နာမည်က ခင်ဖွေး တဲ့၊ ငါ အဲဒါကိုမြင်ပြီး အံ့ဩနေတာ၊ မင်းနဲ့နာမည် လာတူရတယ်လို့ နိမိတ်မရှိ နမာမရှိ"

ခင်ဖွေးနာမည်ပါသည့် နာရေးယပ်တောင်ကို ယူပြီး ခင်ဖွေးကို ပြလိုက်သည်။

ခင်ဖွေးမျက်နှာမှာ ပက်ကြားအက်နေသော မြေကြီးလို ဆုံးရှုံး ခြင်းတွေ တစ်သီတစ်တန်း လွှမ်းမိုးကာ သွင်ထူးမောင်အား အသနားခံ





ကာကြည့်၏။

"ရှင်. . ရှင်. . ကျွန်မကို ထားမသွားပါနဲ့နော်၊ ဒီအိမ်ကြီးထဲမှာ အမိပွါယ်မဲ့ မနေခဲ့ပါရစေနဲ့. . ကျွန်မကို ကယ်ပါ၊ ဒီဘဝကြီးနဲ့ မနေပါရ စေနဲ့"

သွေးရူးသွေးတန်းဖြစ်နေသော ခင်ဖွေး၏မျက်နှာမှာ သွေး ဆုတ်ဖြူလျော်ကာ အသနားခံ တောင်းပန်၏။

ခင်ဖွေးပုံစံက ခါတိုင်းနေ့တွေနှင့်မတူ၊ တစ်စုံတစ်ခုကို စိုးရိမ် ထိတ်လန့် သွေးပျက်နေသည့် ပုံစံမျိုးမို့ သွင်ထူးမောင် ဘယ်ကစပြီး ဖြေသိမ့်ရမှန်းမသိတော့. . .။

"နေ. . နေပါဦး၊ မင်းက ဘာကိုကြောက်နေတာလဲ၊ ဒီ. . ဒီ ယပ်တောင်ထဲကခင်ဖွေးက ဘယ်သူလဲဆိုတာကို မဖြေရသေးဘူးလေ"

ယပ်တောင်ကို လက်ညှိုးထိုးကာ သိချင်တာကို မရမက မေး နေသောကြောင့် ခင်ဖွေးအမှန်အတိုင်း ဖြေရတော့မည်။

အမှန်တရားကို ဘယ်လောက်ကြာကြာ ဖုံးထားလို့ ရနိုင်မှာမို့ လို့လဲ. . .

"ဟုတ်တယ်. . အဲဒါ ခင်ဖွေးရဲ့ နာရေးယပ်တောင်"

"ဘာ. . ."

ခေါင်မွေးများ ထောင်ထသွားရလောက်အောင် ကြက်သီးတွေ တဖြန်းဖြန်းထကာ. . . အနောက်ကို ခြေသုံးလေးလှမ်း ခုန်ဆုတ်လိုက် သည်။

"ဒါ. . ဒါဆို. . မင်း. . မင်းက. . သ. . သရဲပေါ့"

"အို. . အဲလို အသုံးအနှုန်းမျိုးကြီး သုံးပြီး သွေးပျက်မနေပါနဲ့ ရှင်၊ တကယ်ဆို ကျွန်မတို့က ဝိညာဉ်ပါ"

"ဟမ်. . ဘာ. . ဘာရယ်. . ဝိညာဉ် ဟုတ်လား၊ ကျွန်မတို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့. . မင်း. . မင်းလိုဝိညာဉ်တွေ ဘယ်နှကောင်. . . အဲ. . ဘယ်နှယောက်တောင် ရှိနေလို့လဲ”

“ဒီအိမ်ကြီးထဲမှာ ရှင်မြင်နေရတဲ့ သူတွေက ဝိညာဉ်တွေပေါ့”

“ဘာ. . ဒါ. . ဒါဆို. . ဟို. . ဟိုကလေး”

“ဟုတ်တယ် သူနဲ့ခင်ဖွေးက အဝတူတွေ”

ကြောက်စိတ်တို့သည် ရင်ဘတ်ထဲမှာ ပရမ်းပတာ ပွဲဆူသောင်းကျန်းနေကြ၏။

“အောင်မလေးဗျ. . ဆိုးလိုက်တဲ့ကံရယ်”

သရဲကျွေးတဲ့ ထမင်းစား၊ သရဲပေးတဲ့ ခုတင်မှာ အိပ်ပြီး၊ သရဲတွေနဲ့ စကားတွေပြောနေရတဲ့ ကိုယ့်အဖြစ်က. . အရှင်လတ်လတ်ပင် ဝိညာဉ်လွင့်မလားပင် မသိတော့။

တဆတ်ဆတ်တုန်နေသော ခြေအစုံကို အားယူထိန်းကာ ခြေလှမ်းတို့က အခန်းအပြင်သို့ ဦးတည်လိုက်သည်။

ခင်ဖွေးဟာ သရဲဆိုမှတော့ ပြေးရုံပဲ ရှိတော့တာပေါ့ ။









# အခန်း(၁၁)

“ဟေ့. . ချာတိတ်၊ မင်း. . မင်းလည်း သရဲပဲ၊ သွား. . င နားကို မကပ်နဲ့နော်. . သွား. . သွား. . ”

အခန်းဆီသို့ ဒုန်းဆိုင်းပြေးလာပြီး အခန်းဝရောက်တော့ ခုတ ထက်တွင် ကျွမ်းထိုးကာ ဆော့ကစားနေသော ချာတိတ်ကိုမြင်တေ ကြောက်အားလန့်အားဖြင့် အတင်းနှင်လွှတ်လိုက်၏။

ကျယ်လောင်သော အသံဖြင့် ကိုယ်ကာပြန်၍ အော်နေသဖြ ချာတိတ်မှာ. . သွင်ထူးမောင်ကိုပြန်၍ လန့်သော အမူအရာဖြင့် ကြည



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"ဦး ဘာဖြစ်နေတာလဲ လာလေ. . တားနဲ့ဂွမ်းထိုးတမ်း ကစားမယ်"

"မကစားဘူး မင်းက မကောင်းဆိုးဝါးလေးပဲ"

ချာတိတ်အနားကိုလည်း မကပ်ရဲလေတော့ ခပ်လှမ်းလှမ်းကနေသာ အော်ဟစ်တားမြစ်လိုက်သည်။

"အဟီး. . ဟီး. . ဟီး. . အင့်. . အင့်. . ကြောက်တယ်၊ တရဲကြောက်တယ် မေကြီးရေ တားကို တရဲလို့ ပြောနေတယ်. . အီး. . ဟီးဟီး. . ဟီး၊ ဒီလူကြီး လူချိုး. . တား တရဲ ဟုတ်ဘူးဂျ၊ တားနာမယ်တောင်းထန့်. . ဂျ. . တောင်းထန့်"

"ဘာ. . ကောင်းခန့် ဟုတ်လား"

စကားမပီသော ကလေးပြောနေသည်မို့ ကိုယ့်ဘာသာကို အဓိပ္ပါယ်ကောက်လိုက်သည်။

"ဟုတ်တယ်. . တောင်းထန့်. . တောင်းထန့်. . အီး. . ဟီးဟီး. . ဟီး. . တားမေကြီးလာရင် ဦးကိုရိုက်ခိုင်းမယ်"

သူကပင်ပြန်ပြီး ခြိမ်းခြောက်နေသဖြင့် ကောင်းခန့်ဆိုသော ဝိညာဉ်သရဲလေးကို ကြောက်ရမည့်အစား ကရုဏာပင် သက်သွားမိတော့၏။

"ဒါဆို ခင်ဖွေး ဘယ်သူလဲ. . မင်းနဲ့ဘာတော်လဲ"

"ဘာမှအတော်ဘူးချိုမှုပဲ၊ တူက တားအမေ တူငယ်ချင်း၊ ဒီကိုလာလည်ရင်း လှေကားပေါ်က ပြုတ်ကျပြီး တေတွားတာ. . "

"ဟင်. . လှေကားပေါ်က ပြုတ်ကျပြီးသေတာ ဟုတ်လား"

"ဒါဆို. . မင်းကရော ဘာဖြစ်လို့ သေတာလဲ"

"တားက အတေပါဘူး ဆိုမှ"





ငိုနေရင်း ဆက်လက်စိတ်မရှည်သော လေသံဖြင့် ခပ်ဆောင့်ဆောင့်ပြောသည်မို့ သွင်ထူးမောင် သိချင်တာတွေ ဆက်မေးဖို့ တွန့်သွားသည်။

"အေးပါ. . မင်းက အတေ. . အဲ. . မသေပါဘူးဆိုရင် မင်းအမေကရော"

"တားအမေက ဒီကိုပန်ရာမှာ. . ဒါကြောင့် တားကချောင့်နေတာပေါ့"

"မင်းစောင့်နေပေမယ့် မင်း အမေကမှ ပြန်မလာသေးတာ"

"ဟုတ်တယ်. . တားအမေက ခုထိ ပန်မရာသေးတော့ တားငိုချင်လာပြီ. . ဟင့်. . ဟင့်"

ဒီကလေးကို ဝိညာဉ်ဆိုသည့် အသိစိတ်ဖြင့်. . ကြောက်ပဲ ကြောက်ရမည်လား ဂရုဏာပဲ သက်ရတော့မည်လား. . မဝေခွဲတတ်တော့. .

အကြံတစ်ခုက လှစ်ခနဲ ခေါင်းထဲဝင်လာသည်မို့ တရှုံ့ရှုံ့ငိုနေသော ကောင်းခန့်လေးနားသို့ မဝံ့မရဲ တိုးကပ်သွားလိုက်ပြီး. .

"မင်း. . အမေကို ဦးရှာပေးရမလား"

"ဂျာ"

အငိုမျက်လုံးဖြင့် အားကိုးတကြီးမော့ကြည့်ပြီး. . .

"တကယ်လား"

"တကယ်ပေါ့. . ဒါပေမဲ့ မိုးကခုထိ မလင်းသေးဘူး၊ မိုးလင်းအောင် ဘယ်လိုလုပ်ရမလဲ"

"ရွယ်ရွယ်ရေ"

လွယ်လွယ်လေးဟု ပြောနေသဖြင့် သွင်ထူးမောင် ထခုန်မိမတတ် ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခွင့်အရေးကို ဘယ်နည်းနှင့်မျှ လက်လွှတ်ခံ၍မဖြစ်သ ဖြင့်. . .

"ဒါဆို နည်းလမ်းရှိတယ်ပေါ့ ဟုတ်လား၊ ပြောပြ. . အမြန်ပြော ပြစမ်းပါကွာ"

"ဦးက တားအမေ့ကို တကယ် ရှာပေးမှာရား"

"အင်း. . တကယ်ရှာပေးမှာပေါ့ မလိမ်ဘူး၊ အဲ. . ဒါပေမဲ့ နေ ဦး. . မင်းအမေကို ငါမှ မမြင်ဖူးတာ"

"တားပြမှာပေါ့၊ တားအမေက တိတ်လှတာ"

"အံမယ်. . ဒီကလေး တကယ်အလာကြီးပဲ၊ ကဲ. . ပြပါဦး တိတ်လှ. . အဲ. . သိပ်လှတဲ့ မင်းအမေကို"

သွင်ထူးမောင် စကားပင်မဆုံးလိုက် ကောင်းခန့်လေးမှာ တံခါး ပိတ်ထားသော အခန်းတစ်ခုအတွင်းသို့ သူ့ကိုယ်ကို စွတ်ခနဲ ဝင် လိုက်သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး သွင်ထူးမောင် သွေးပျက်မိတာတော့ အမှန်ပင်. . .

ဒီလိုအိမ်ထဲကို ရောက်လာမိတဲ့ ကိုယ့်အဖြစ်ကိုယ် ပြန်သနား နေမိသည်။

သိပ်မကြာလိုက် ကောင်းခန့် အခန်းထဲမှ လှစ်ခနဲ ပြန်ထွက် လာသည်။ သူ့လက်ထဲတွင် ဓါတ်ပုံလေးတစ်ပုံ ကိုင်လာသည်။

"ရော့. . ဒီမှာ၊ အဲဒါ. . တားအမေနဲ့ တားအဖေ"

သုံးနှစ်သာခန့်ရှိသော ကောင်းခန့်လေးကို ချီပြီး ဓါတ်ပုံရိုက် ထားသော မိသားစုပုံလေးကိုကြည့်ပြီး သနားစရာကောင်းသည်။

ကောင်းခန့်လေး၏ အဖေနှင့်အမေကို. . တွေ့အောင်ရှာပေး မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။





"တားအမေ လှတယ်နော်"

အဖေ့ကို စကားထဲသိပ်ထည့်မပြောပဲ အမေ့အကြောင်းကိုသာ အွင်တွင်ပြောနေသော ကောင်းခန့်မှာ. . . အမေချစ်သော သားဖြစ် ကြောင်း သိသာနေသည်။

"အင်း. . လှပါတယ်ကွာ၊ ဒါနဲ့ မင်းအဖေကိုရော မရှာချင်ဘူး လား"

"ဟင့်အင်း မရှာချင်ဘူး၊ အဖေက တိတ်ရက်စက်တာ အမေ့ ကို ခဏခဏ ရိုက်တယ်၊ ပြီးတော့ တားတို့တားအမိကို ထားတွားတယ်"

သြော်. . ဒါကြောင့် သူ့အဖေကို သူသိပ်မခင်တွယ်ပဲ အမေ့ကို ပဲ ပါးစပ်ဖျားက မချနိုင်ဖြစ်နေရတာကိုး. . .

"အေးပါကွာ ငါ မင်းအမေကို ရှာပေးပါ့မယ် စိတ်ချပါ၊ မင်းသာ ငါ့ကို မိုးလင်းအောင် လုပ်ပေး"

"အင်း. . ယုတ်ပေးမယ်၊ လာ. . ဒီအိမ်ပေါ်ကချင်းတွားပြီး ဟောဟို တစ်ပင်ကြီးထဲက တစ်ခေါင်းထဲဝင်လိုက်ရင် မိုးလင်းတွားရော"

ကောင်းခန့် စကားကြောင့် ထွက်ပေါက်ရပြီဟုတွေးကာ ပျော် နေသော သွင်ထူးမောင် လန့်သွားသည်။

"အာ. . မင်းကလည်း ဒီသစ်ခေါင်းပေါက်ထဲ ငါဘယ်လိုဝင်လို့ ရမလဲ၊ ကျွတ်. . ဟုတ်မလိုလိုနဲ့ ဒီကလေး ပေါက်ကရတွေ လျှောက် ပြောနေတာပဲ၊ ဒီသစ်ခေါင်းပေါက်ထဲကို ကြောင်တစ်ကောင်တောင် ဝင်လို့မရနိုင်တာကို. . ဘယ်လိုလုပ်ပြီး ဝင်မလဲ၊ မဖြစ်နိုင်တာ. . ."

"အဲဒီတစ်ခေါင်းပေါက်ကနေ ဝင်လိုက်ရင် အပြင်ကိုရောက်ပြီး မိုးလင်းတွားရော၊ တကယ်ပြောတာ. . အယုံရင်ဝင်ကြည့်"

"ဟာ. . တော်တော်၊ မင်း ပေါက်ကရ ပြောခန်းကို ဒီမှာပဲရပ် တော့၊ ငါအဲလိုမလုပ်နိုင်ဘူး. . ငါ့ကိုယ်ကို အသားကြိတ်စက်ထဲ ပျော်ပြီး

www.burmeseclassic.com



အဲဒီသစ်ခေါင်းပေါက်ထဲ လောင်းချမှပဲ ဝင်လို့ရတော့မယ် ဒီသစ်ခေါင်းပေါက်မျိုးကို. . ”

“တကယ်ဝင်လို့ ရတယ်ချိုမှ”

တောင်းခန့်လေး ခြေဆောင့်ကာ ငိုမဲ့မဲ့ထပ်ပြော၏။

“မဖြစ်နိုင်ပါဘူးဆိုမှ”

သွင်ထူးမောင်ကလည်း ကလေးနှင့်အပြိုင်ရအောင်ငြင်းသည်။

“အင့်. . အင့်. . အီး. . အီး. . အီး. . ဝင်လို့ရပါတယ်ချိုမှ အရဘူးလို့ပြောနေတယ်. . အီး. . ဟီး. . ဟီး. . ဟီး”

“ကလေးပြောတာ ဟုတ်တယ်”

အနောက်မှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ခင်ဖွေးအသံကြောင့် အလန့်တကြား လှည့်ကြည့်လိုက်သည်။

စိညာဉ်ဆိုသောအသိကြောင့် ခင်ဖွေးကို ရဲရဲပင်မကြည့်ရဲတော့ပဲ နောက်ကို ခြေသုံးလေးလှမ်းဆုတ်ကာ. . .

“မင်း. . မင်းတို့ပြောတာ ငါမယုံဘူး၊ မင်းတို့က သရဲတွေ၊ ငါ့နားတိုမကပ်နဲ့. . ငါက သရဲဆို ကြောက်တယ်ကွ”

ခေါင်းတခါခါ လက်တခါခါဖြင့် ငြင်းဆန်နေသော သွင်ထူးမောင်မျက်နှာမှာ သွေးဆုတ်ဖြူရော်နေသည်။

“ကျွန်မတို့ကို မကြောက်ပါနဲ့ရှင်၊ ရှင်ပြောသလို ကျွန်မတို့က သရဲတွေပဲ ထားပါတော့. . သရဲတွေက ကြောက်စရာကောင်းလောက်အောင် ရှင်တို့လူသားတွေကို ဘာမှမလုပ်နိုင်ပါဘူး”

“မင်းတို့ ဘာမှမလုပ်နိုင်ပေမယ့် ငါကိုယ်၌ကိုယ်က သရဲမြင်ဖို့ နေနေသာသာ သရဲကားတောင် ကြည့်ရဲတာ မဟုတ်ဘူး”

“အခုအချိန်က ရှင့်ကြောက်ရမယ့် အချိန်မဟုတ်ဘူး၊ ရှင့်အတွက်အချိန်တွေက အရမ်းအရေးကြီးနေတယ်၊ ဒီလူကြီးရဲ့ လောင်းရိပ်





အောက်ထဲရောက်နေတဲ့ သူမှန်သမျှ အမှောင်ထဲက လုံးဝမထွက်နိုင်ဘူး ဒါကြောင့် ရှင် ဒီထဲက အမြန်ဆုံး ထွက်သွားပါတော့ရှင်”

“ဒါဆို မင်းလည်း လိုက်ခဲ့လေ”

“ကျွန်မကိုပါခေါ်ရင် ဟိုလူကြီးက ရှင့်ကိုအလွတ်ပေးမှာမဟုတ်ဘူး အဲဒီလူကြီးက မကောင်းဆိုးဝါးကြီး၊ သူဟာ ဘာမဆိုလုပ်နိုင်တဲ့ မှော်ဆရာမိစ္ဆာကြီးလေ”

“ဘာပဲဖြစ်ဖြစ် မင်းကငါ့ရဲ့ ကျေးဇူးရှင်ဖြစ်နေတဲ့အတွက်၊ ငါ ဘယ်ဆိုင်ရမှာပေါ့”

ခင်ဖွေး ဘာတွေပြောနေသည် ဆိုတာကို. . . သွင်ထူးမောင် ကတယ်ပင် နားမလည်တော့. . .။

“ဒီနေရာမှာ ကျေးဇူးတရားတွေက အသုံးမဝင်ပါဘူး၊ အဓိက ကတော့ ရှင်ဒီက လွတ်မြောက်ဖို့ပဲ လိုတာပါ”

“ကောင်းပြီလေ. . ဒီသစ်ခေါင်းထဲကနေ အပြင်ကိုထွက်ဖို့ ငါ့အတွက် ဘာထိခိုက်မှုမှ မရှိဘူးဆိုရင် ငါကြိုးစားကြည့်ရမှာပေါ့၊ ငါ့လောကထဲကို ငါပြန်ရောက်ရင် မင်းအတွက် ဒီဘဝက လွတ်မြောက်ဖို့ ငါကူညီမှာပါ. . ”

“ ဝုန်း ဝုန်း ချလွင် ခလွင် ”

အိမ်ကြီးထဲမှ ကျယ်လောင်သော အသံတွေကြောင့် ခင်ဖွေးကို စကားပြောနေရင်းမှ သွင်ထူးမောင် ငုတ်တုတ်ထိုင်ချလိုက်သည်။

“ဟ. . ဘာ. . ဘာတွေဖြစ်နေတာလဲ ခင်ဖွေး၊ အိမ်ပြိုကျတာလား”

အထိတ်တလန့် ဖြစ်နေသောအမေးကို. . မဖြေနိုင်လောက်အောင် ခင်ဖွေးမျက်နှာမှာ ကြောက်ရွံ့မှုတွေဖြင့် သွေးပျက်နေသည်။

ထိုစဉ် ခင်ဖွေးနောက်မှ ပေါ်လာသော မြင်ကွင်းကြောင့် ငုတ်



www.burmeseclassic.com

www.burmeseclassic.com



တုတ်ထိုင်ချလိုက်သော သွင်ထူးမောင် ဆတ်ခနဲ ပြန်ရပ်လိုက်သည်။

"ဟင်. . ဟို. . ဟိုလူကြီးပဲ"

"ဟုတ်တယ်. . . မင်းက သေရမှာကြောက်ပြီး ထွက်ပြေး[ေ]... မယ့် ငါ့လက်က မလွတ်ပါဘူး၊ ခုလည်း ဒီကနေ လွတ်မြောက်ဖို့ မကြိ[ုး]... စားနဲ့၊ မင်းကို ငါမွေးလိုက်ပြီမို့ ငါခိုင်းတာတွေပဲ လုပ်ရတော့မယ်"

ထိုလူကြီး သွင်ထူးမောင်နားသို့ တရွေ့ရွေ့တိုးလာသည်။ နီ[...] ပြူးကျယ်နေသော မျက်လုံးအစုံက သွင်ထူးမောင်ကို စားတော့ဝါးတော့ မတတ်ပင်။

ကြောက်စိတ်တွေက ရင်ထဲမှာ အဆမတန်ကြီးစိုးနေပေမယ့် မျက်နှာပေါ်ကိုတော့ မကြောက်သည့်ပုံစံဖြင့် သတ္တိတွေ ပစ်တင်ပစ် လိုက်သည်။

"ခင်ဗျားကြီး ဘယ်လောက်စွမ်းစွမ်း ကျုပ်က မှုမယ်များထင် နေလား. . ဝေးပါသေးတယ်၊ လာလေ သတ္တိရှိရင် လက်သီးချင်းပြိုင်ထိုး ကြတာပေ့ါ. . လာစမ်းပါ၊ သွင်ထူးမောင်က သရဲဆိုရင် ကုပ်ကခွစီးပြီး မြင်းတစ်ကောင်လို အပြင်းနှင်ခိုင်းမယ့်ကောင်မျိုး၊ လူကစွမ်းမလား. . သရဲကစွမ်းမလား ကြည့်ကြသေးတာပေ့ါ"

"ဘာ. . မင်းကလူ၊ ငါက. . သရဲ ဟုတ်လား၊ ဟားဟားဟား ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်လို့ ရောက်နေမှန်း မသိတဲ့ကောင် ကဲကွာ. ."

"ဘုန်း. . ဘုန်း. ."

"အောင်မလေး သေပါပြီဗျ. ."

မျက်နှာကို လက်ကြမ်းကြီးဖြင့် ဖြတ်ရိုက်ခံလိုက်ရသဖြင့် အ သားတွေ ကြေမွမတတ် နာကျင်သွားရ၍ သွင်ထူးမောင် နောက်တစ် ကြိမ် ထပ်အရိုက်မခံရခင်မှာ ထိုလူကြီးရှေ့မှ လှစ်ခနဲ ပြေးထွက်ခဲ့သည်။





ထိုအခြေအနေထဲမှာ ခင်ဖွေးရော ကောင်းခန့်လေးပါ မပါဝင် [...]၊ သူတို့၏ ကိုယ်အယောင်ကို လုံးဝမတွေ့ရ။ အခြေအနေတွေ ဒီ [...]တ်ပိုပြီး မဆိုးဝါးခင်မှာ ဒီကလွတ်အောင် ရုန်းထွက်ရမည်ဟူသော [...]သိက ပျက်ပြားလုဆဲဆဲ စိတ်ဓါတ်တွေကို တွန်းအားပေးနေ၏။

ခြေလှမ်းတွေက ရှေ့ကိုအပြေးနှင်နေပေမယ့် နောက်ကိုသာ [...]တ်နေသဖြင့် သွင်ထူးမောင် ဘယ်လိုမှပြေး၍မရ။ ဆောက်တည်ရာ [...]ရသောစိတ်တွေက ယောက်ယက်ခတ်ကာ ဗုန်းဗုန်းလဲကျတော့မ [...]တ် ပင်ပန်းလာသည်။

ဇောချွေးတွေသည် ရေချိုးထားသလို တစ်ကိုယ်လုံးရွှဲနစ်၍လာ သည်။

"မင်း. . သေရမှာ ကြောက်နေလားကွ. . ဟေ. . ဟားဟား ဟားဟား. ."

ထိုလူကြီး၏အသံသည် ဘီလူးတစ်ကောင်၏ အသံနှင့်တူပြီး [...]ာက်ရှုံသွေးပျက် အသည်းငယ်သူဆိုလျှင်. . . နေရာမှာတင် လိပ်ပြာ အနှုတ် ခံရလောက်သည်။

"မကြောက်ဘူး ကျုပ်သေရမှာ လုံးဝမကြောက်ဘူး"

ကြောက်စိတ်တွေကို လုံအောင်ဖုံးပြီး အသံတွေကို ရဲဆေးတင် [...]ာ ခပ်မာမာ ဖြေလိုက်သည်။

အဖျားခပ်မှာတော့ အနည်းငယ်တုန်ယင် နေမလားပင်. . .

"ဒါဖြင့်. . မင်း ဘာဖြစ်လို့ သွေးရူးသွေးတန်း ထွက်ပြေးလဲ"

"အဲ. . ဒါ. . ဒါက. . ကျုပ်သေပြီးရင် နောင်ဘဝ ခင်ဗျားလို [...]ဘီရိစ္ဆာန်မျိုး ဖြစ်မှာစိုးလို့ဗျ"

ဟန်ကိုယ့်ဖို့အတွက်. . အဆီအငေါ်တည့်အောင် ဖြေလိုက် သည်။ [...]ရန်စကားဟုလည်း ယိုးစွပ်၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ငါက တိရစ္ဆာန်. . ဟုတ်လား ခွေးသူခိုးကောင်၊ အေ
မင်းကြောက်ရင်တော့ ဖြစ်ကိုဖြစ်ရမယ်. . မင်းကို ခွေးဖြစ်အောင်
လုပ်ပေးမယ်. . ဟားဟား. . ဟားဟား. . "

သူ့စကားကိုသူ ပြန်၍သဘောကျစွာ. . ရယ်သည့်အသံ
ကြောင့် ငါတကယ်များ ခွေးဖြစ်တော့ မလားဟူသော အသိက. .
ကြောက်စိတ်တွေအဖြစ်ပြောင်းကာ ငယ်ထိပ်ကနေ တဖွားဖွား ဆ
တက်နေသည်။

"ကဲ. . လာ. . မင်းကို ဒီအတိုင်းမထားဘူး"

"ဟာ. . ဟော့. . ဟော့. . မကောင်းဆိုးဝါးကြီး လွှတ်စမ်း. .
လွှတ်ဆို. . လွှတ်လိုက်နော်. . ကျုပ်ကလူလိမ္မာဗျ. . ဘာအကုသိုလ်
လုပ်ထားတဲ့သူ မဟုတ်လို့ ခွေးဖြစ်စရာ အကြောင်းမရှိဘူး"

ခန္ဓာကိုယ်တစ်ခုလုံး ကုပ်မှအဆွဲခံရကာ ထိုလူကြီးလက်ထ
အရုပ်လေးတစ်ရုပ်လို ပါသွားပေမယ့် အသံကတော့ မာနိုင်သမျှမာကာ
အသံဖြင့် ပြန်၍တိုက်ခိုက်သည်။

သို့သော် အချည်းနှီးပင်. . .

ခံစားမှုတို့သည် ငါသေရတော့မည် ငါခွေးဖြစ်ရတော့မည်ဟု
သည့် စိုးရိမ်စိတ်ကြောင့် ခန္ဓာကိုယ်သည် ပူဖောင်းတစ်လုံးလို ဖောင်
ကားတက်လာပြီး လေထဲမှာလွင့်နေသလို ခံစားလိုက်ရသည်။ အာခေါင်
တွေ ခြောက်ကပ်လာကာ တံတွေးမျိုချဖို့ပင် အင်အားမရှိတော့။

ဒီတစ်ခါ ကြောက်စိတ်တွေကို ဘယ်လိုမှဖုံးကွယ်၍မရတော့
သဖြင့် အာခေါင်ခြစ်ကာ အော်လိုက်သည်။

သူ့အော်သံဆုံးသည်နှင့် ခန္ဓာကိုယ်သည် အမှောင်ကျသွားသ
လို အမြင်အာရုံတို့ ဝေဝါးကာ အမှောင်ထုကြီးထဲသို့ ဆုံးဆုံးမြုပ်သွာ
သလို ခံစားလိုက်ရသည်။





နောက်ဆုံးတော့ သူသည် ကမ္ဘာကြီးထဲမှ မြူခိုးမှုန်လေးတစ်မှုန်
လို အေးခဲ၍လာကာ အသိစိတ်တို့သည် မေ့ဆေးပေးခံရသော လူနာလို
စိတ်မှာမကပ်တော့. . .

ကဲ. . အခု ငါဘယ်ဘဝကို ရောက်သွားပြီလဲ။

တကယ်ပဲ ခွေးဖြစ်သွားပြီလား။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

ခန္ဓာကိုယ်ပေါ် သို့ ကျောက်ဖျာကြီးတစ်ချပ် ဖိထားသလို တစ်ကိုယ်လုံး လေးလံကိုက်ခဲကာ မျက်လုံးတို့ကို မရဲတရဲ ဖွင့်ကြည့်လိုက်သည်။

ဝါကျင့်ကျင့် အခန်းတစ်ခုထဲတွင် ရောက်နေသည်ဟူသော အသိနှင့်အတူ ငါ ခွေးများဖြစ်သွားပြီလားဟူသော စိုးရိမ်စိတ်ကြောင့် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့မကြည့်ရဲ။

အရင်ဆုံး ကိုယ့်မျက်နှာကို ပြန်စမ်းကြည့်လိုက်သည်။ ပါးစပ်ပဲ





ခေါင်းမိမလား၊ နှုတ်သီးပဲ စမ်းမိမလား ဟူသော. . စိုးရိမ်ထိတ်လန့်စိတ်ကြောင့် လက်တွေပင်တုန်ယင်နေသည်။

"ဟား. . ပါးစပ်. . ပါးစပ်၊ ဒါ. . ဒါဆို. . ငါ. . ငါ. . ခွေးမဖြစ်သေးဘူး. . ဟား. . ဟား. . ဟား. . တော်ပါသေးရဲ့"

ဒီတော့မှ ကြမ်းပြင်တွင် ဝမ်းလျားမှောက်နေသော. . သွင်ထူးမောင် ဝမ်းသာအားရစိတ်ဖြင့် ကုန်းရုန်းထကာ တဟားဟားရယ်တော့၏။

"ဦးဦး"

ကောင်းခန့်လေး ခေါ်သံကြောင့် အရယ်တို့ရပ်ကာ အနောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ကောင်းခန့်. . ငါ. . ငါဘာမှမဖြစ်ဘူးကွ၊ ဟိုမိစ္ဆာကောင်ကြီး ငါ့ကို ဘာမှမလုပ်နိုင်ဘူး"

"ဘာလို့ မလုပ်နိုင်ရမှာလဲ၊ ဦးဦးကို အခန်းထဲထည့်ပိတ်ထားတာလေ. . အခု ဦးဦး သတိလစ်နေတုန်း. . တားနဲ့အန်တီ ခင်ဖွေးအဲ့အခန်းထဲက ပန်ထုတ်ထားရတာ၊ ဒီ့မှ တော်တော်ရေးတဲ့ကိုယ် မောတွားတာပဲ"

ဘေးမှာမောကြီးပန်းကြီး ထိုင်ချကာ ပြောလိုက်သော ကောင်းခန့် ပုံစံလေးက ချစ်စရာကောင်းသလို အပြစ်လည်းကင်းစင်သည်မို့ ဝိညာဉ်အဖြစ် မြင်နေရတာကို စိတ်မကောင်း ဖြစ်မိသွားသည်။

"ဒါဆို. . မင်း အဲဒီလူကြီးလက်ထဲက ငါ့ကို ကယ်ခဲ့တာပေါ့"

"အင်း. . ဟုတ်တယ်"

"ကျေးဇူးပဲကွာ၊ ကဲ. . ငါ့ကို ဒီအိမ်ကြီးထဲက ထွက်လို့ရအောင် မင်းကူညီပေးမယ် မဟုတ်လား"

"အင်း. . တားနဲ့လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သွင်ထူးမောင် လက်ကိုဆွဲခေါ်နေသောကြောင့် ကောင်းခန့် ခေါ်ရာနောက်သို့ ခြေလှမ်းခပ်သွက်သွက်လှမ်းကာ လိုက်ခဲ့လိုက်သည်။

ညသည် သူ့အရှိန်နှင့်သူ မှောင်မဲတိတ်ဆိတ်ဆဲ. . .

သူတကယ်ရော လွတ်မြောက်နိုင်ပါ့မလား. . ။

သစ်ပင်ကြီးတစ်ပင်ရှေ့အရောက် ကောင်းခန့် ရပ်လိုက်သည်။

"ဘာလို့ရပ်လိုက်တာလဲ"

"ဒီသစ်ပင်ကြီးထဲကနေ ထွက်ရမှာ၊ ဦးဦး မဝင်ရဲရင် တားလက်ကိုကိုင်ပြီး မျက်လုံးမှိတ်ထား"

တည်တည်ငြိမ်ငြိမ်ဟန်ဖြင့်ပြောကာ လက်ကိုဆုပ်ကိုင်လာသော ကောင်းခန့်လေး၏စကားကို သွင်ထူးမောင်အနေနှင့် မဖြစ်မနေ လိုက်နာရတော့မှာမို့ မျက်လုံးစုံကိုမှိတ်ကာ ကောင်းခန့်၏လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

ခန္ဓာကိုယ်တစ်ခုလုံး တိမ်ဆိုင်တွေလို ပေါ့ပါးလွင့်မျောနေသလို လို စက္ကူပါးလေးတစ်ချပ် လေထဲလွင့်မျောနေသလိုလိုနှင့် စိတ်ခံစားမှုတို့က ငြိမ့်ခနဲငြိမ့်ခနဲ ။

"ကောင်း. . ကောင်းခန့်၊ ငါတို့ ရိုလာကိုစတာ စီးနေတာလား"

လွင့်မျောနေသော စိတ်အစဉ်တို့သည် ဖိုးသိုးဖတ်သတ်ဖြင့် မျက်လုံးဖွင့်မကြည့်ပဲ မေးလိုက်သည်။

"တိချင်ရင် ဖွင့်ကြည့်ပေါ့"

မျက်လုံးဖွင့်ကြည့်ဖို့ အမိန့်ကျလာပြီမို့ မျက်လုံးမှိတ်ထားရင်းမှ မရဲတရဲ ဖွင့်ကြည့်လိုက်သည်။

လောကကြီးသည် ထင်းလင်းဝင်းပစွာဖြင့် သွင်ထူးမောင်ကို စပ်ဖြဲဖြဲပြုံးပြနေ၏။

"ဝါး. . မိုးလင်းပြီ၊ ဟားဟားဟားဟား. . မိုးလင်းပြီကွ. . ဟီး ဟီး. . ဟီး. . "





အလင်းရောင်တို့ ပီပြင်စွာမြင်ရပြီမို့. . အမှန်တကယ် လွတ်မြောက်ပြီဆိုသည့် အသိက ဝမ်းသာစိတ်တို့ဖြင့် ဆွေ့ဆွေ့ခုန်မတတ် ဝင်. . .

ကောင်းခန့်လေးမှာ သွင်ထူးမောင်လက်ကို ဆုပ်ကိုင်၍ ခုန်ဆွခုန်ဆွလုပ်ကာ သူပါရောပြီး ပျော်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"ဟောက်. . ကားက စက်နိုးလို့မရဘူးကွ၊ ငါ အိမ်ကို ဘယ်လိုပြန်ရမလဲ မသိတော့ဘူး"

ပိန်ချိုင့်နေသော ကားကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

"ဦးဦး. . ဟိုမှာ. . ဟိုမှာ. . ကား. . ကားလာပြီ၊ တား. . တား. . "

"အေး. . ဟုတ်တယ်၊ ငါတို့. . ကားကြုံပဲ လိုက်စီးရတော့မှာပဲ၊





တားဟားဟား. . အဆင်တော့ပြေသွားကွ"

ရှေ့မှာလာနေသော ကုန်ကားတစ်စီးကို အားမာန်အပြည့်ဖြင့် လှမ်းတားလိုက်သည်။

"ကျွိ"

ကျယ်လောင်သော ကားဘရိတ်အုပ်သံနှင့်အတူ သွင်ထူးမောင်နှင့် ကောင်းခန့်ရှေ့သို့ ကုန်တင်ကားကြီး ထိုးရပ်လာသည်။

"ဘယ်သွားကြမလို့လဲ"

အရယ်အပြုံးမရှိသော ကားဒရိုင်ဘာကြီး၏ အမေးကြောင့် သွင်ထူးမောင် မျက်နှာချိုသွေးကာ ရယ်ပြရင်း. . .

"အဟဲ ကျွန်တော်တို့ ကားကြုံလိုက်ချင်လို့ပါ"

"တက်"

"ဗျာ"

"တက်လေလို့"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့. . ကျေး. . ကျေးဇူးပါပဲ. . "

ကျောက်သားစိုင်လို မာကျောခက်ထန်သော လူကြီးကို မျက်နှာချိုသွေး ရယ်ပြရင်း ကားပေါ် လှမ်းတက်လိုက်သည်။

ကောင်းခန့်လေးပါ သွင်ထူးမောင်နှင့်အတူ ကားပေါ်ကို အတင်းတွယ်ကပ် တက်၏။

ကားဒရိုင်ဘာကြီး ရှေ့မှာမို့ မလိုက်နဲ့ဟုလည်း မပြောချင်၍ မင်းကဘာလိုက်ရှုပ်ဦးမလို့လဲဟူသော အကြည့်ဖြင့်သာ ကြည့်လိုက်သည်။

ဒရိုင်ဘာကြီးကတော့ သူ့ကားကိုသူ အာရုံစိုက် မောင်းနေရ၍ သွင်ထူးမောင်နှင့် ကောင်းခန့်ကို တစ်ချက်တောင်လှည့်မကြည့်. . .

စကားစမြည် ပြောချင်ပေမယ့် မျက်နှာကြောတင်းထွန်းသော



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကြီး စိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ ငြိမ်၍သာလိုက်ခဲ့လိုက်သည်။

တဖြည်းဖြည်းနှင့် မျက်လုံးတွေ မှေးစင်းလာ၍ အိပ်မွေ့ချခံရသူလို အိပ်ပျော်သွားသော သွင်ထူးမောင်ကို ဒရိုင်ဘာကြီး လှည့်ကြည့်သည်။ ပြီးနောက်. . သူ့ကားကို သူဆက်မောင်းသည်။

ကားကတော့ ဟိုင်းဝေးလမ်းမကြီးပေါ်မှာ တရွေ့ရွေ့ မောင်းနှင်ဆဲ. . .

သွင်ထူးမောင်နှင့် ကောင်းခန့်လေးမှာလည်း တခွီးခွီးနှင့် အိပ်မောကျနေကြဆဲ။







# အခန်း(၁၄)

"ဟင်. . ကား. . ကားက ဒီနေရာကနေကို မရွေ့သေးပါလား၊ စောစောကလည်း မိုင်တိုင်(၈၆)ခုလည်း မိုင်တိုင်(၈၆)ပဲလား"

အိပ်မှုန်စုံမွှားဖြင့် မျက်လုံးပွင့်လာပြီး ဘေးဘီဝဲယာကို ဝေ့ကြည့်ပြီး သွင်ထူးမောင် မျက်လုံးပြူးသွားသည်။

ကောင်းခန့်လေးက သွင်ထူးမောင်ကို မှီကာ အိပ်ပျော်နေဆဲ။

"ဒီ. . ဒီမှာ. . ဦးလေးကြီး စောစောကလည်း ဒီလယ်ကွင်း၊ ဒီစေတီဖြူလေးနားက ဖြတ်မောင်းတယ်၊ ကျွန်တော် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိနေတယ်”

ဒရိုင်ဘာလူကြီး ဘာမှမပြော ကားကိုမောင်းမြဲတိုင်း မောင်းနေ၏။

ကားကအရှိန်ဖြင့်သာ ရွေ့နေသည်။ ကားလမ်းဘေးရှိ လယ်ကွင်းပြင်နှင့် မြင့်မြင့်သမျှအရာတွေကတော့ ရွေ့လျားမှုမရှိ။

“ဦးလေး. . ကျွန်တော်ပြောတာကြားလား. . ကျိုင်ပဲ. . ”

တုတ်တုတ်တောင် မလှုပ်ဘဲ ကားမောင်းနေသော ထိုလူကြီးကိုကြည့်ပြီး သွင်ထူးမောင် စိတ်လေသွားသည်။

“ဦးလေး စကားတော့ ပြောတတ်ပါတယ်နော်၊ ကျွန်တော်တို့ တစ်ခုခုတော့ မှားနေပြီထင်တယ်ဗျ၊ ဘာလို့ ဒီနေရာပဲ ပြန်ပြန်ရောက်လာရတာလဲ၊ အဲလိုဖြစ်နေရင် ခရီးဘယ်လိုတွင်တော့မှာလဲဗျာ”

ဒေါသနှင့်မောနှင့်ပြောနေသော. . သွင်ထူးမောင် အသံကြောင့် ကောင်းခန့် မျက်လုံးတို့ ဖျတ်ခနဲပွင့်လာသည်။

“ဦးဦး ဘာဖြစ်တာရဲ”

ကောင်းခန့်အမေးကို မဖြေအား သွင်ထူးမောင် ဒေါသထွက်နေသည်။

“ငါ့အလုပ် ငါလုပ်နေတာ၊ ဒီကားနဲ့ ကမ္ဘာအပြင်ဘက်ထွက်လည်း ဒီနေရာပဲ ပြန်ရောက်လာမှာပဲ၊ ဒီနယ်မြေက ငါ့နယ်မြေ. . ငါ့နယ်မြေထဲမှာပဲ ကားပတ်မောင်းခွင့်ရှိတယ်”

“ဗျာ. . ဘယ်လို၊ ဒါ. . ဒါဆို. . ဦးလေးကားက ဒီထက်ပိုမရွေ့တော့ဘူးပေါ့. . ဟုတ်လား”

“ဟုတ်တယ်. . ငါက ဒီနေရာမှာ သေထားတာလေ၊ နောက်လူရောက်မလာမချင်း ဒီကားကိုမောင်းပြီး ဒီလမ်းတွေပေါ်မှာ မငြီးငွေ့တမ်း မောင်းနေရမှာပဲ”





ထိုလူကြီးစကားကြောင့်. . သွင်ထူးမောင် လိပ်ပြာလွင့်မတတ် ကြောက်ရွံ့ကာ ကြက်သီးတွေ တဖြန်းဖြန်း ထလာသည်။

“ဒ. . ဒ. . ဒါ. . ဆို. . ဦ. . ဦး. . ဦးလေးက. . သရဲပေါ့ ဟုတ်လား”

“ဟုတ်တယ်”

“အောင်မလေးဗျ၊ မှားပြီး . . မှားမြန်ပြီ ဘယ်နှယ့်ကြောင့် ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံနေရပါလိမ့်၊ ရပ်. . ရပ်ပေးပါ. . ခုရပ်ပေးပါ ”

လိပ်ပြာလွင့်မတတ် ကြောက်နေရှာသော သွင်ထူးမောင် မျက်နှာမှာ သွေးမရှိတော့။ အသားတွေ တဆတ်ဆတ် တုန်လာသည့်အထိ ကြောက်စိတ်တွေ အဆမတန် လွှမ်းမိုးလာသည်။

“ရပ်လို့မရဘူး”

“ဗျာ. . အောင်မလေး ကောင်းခန့်. . ငါ. . ငါ့ကိုကယ်ပါဦး၊ ငါ ဒီကား ဆက်မစီးရဲဘူးကွ”

ကောင်းခန့်လက်ကို ဆုပ်ကိုင်ကာ အားကိုးတကြီး ပြောလိုက်သည်။

ကောင်းခန့်မှာ ဒရိုင်ဘာကြီးကိုတစ်လှည့် သွင်ထူးမောင်ကို တစ်လှည့်ကြည့်ကာ သွင်ထူးမောင်ပေါင်ပေါ်သို့ ခုန်တက်ပြီး. .

“ဦးဦး. . တားလည်းကြောက်တယ်၊ တရဲချို့. . ကြောက်တယ် အီး. . ဟီး. . ဟီး. . ဟီး. . ”

“ဟာ. . မင်းကလည်း အရေးထဲ”

ကောင်းခန့်ကိုဟန့်ကာ ကားဒရိုင်ဘာကြီးဘက်သို့ ကြောက်ရွံ့ထိတ်လန့်နေသောမျက်နှာဖြင့် ပြန်လှည့်ပြီးကြည့်ကာ. .

“ဒီမှာ ဦးလေးကြီး. . ကျွန်တော်တို့ ကိုယ့်လမ်းကိုယ်သွားပါရစေ၊ ခု. . ဦး. . ဦးလေးလဲ ကိုယ့်လမ်းကိုယ်သွားပါဗျာ၊ ခုပဲ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးလက်က လွတ်မြောက်အောင် ပြေးလာရတာပါ၊ ကျွန်တော်တို့ကို လွှတ်ပေးပါ. . ယောက်ျားကြီးတန်မဲ့ မေတ္တာရပ်ခံတာပါဗျာ၊ ကျွန်တော်ကို ကားရပ်ပေးပါ. . ”

“မင်းက. . ငါ့ကျတော့ ကြောက်တယ်၊ မင်းတို့ကရော ဘာမို့လို့လဲ. . ဟမ်. . ”

ထိုလူကြီး ကားကိုမရပ်တမ်းမောင်းရင်းမှ စကားနာပြန်ထိုးသည်။ သရဲစကားနာထိုးတာ ကြုံဖူးခြင်းဟာ သွင်ထူးမောင်အဖို့ ဒါဟာ ပထမဦးဆုံး အကြိမ်ပင် ဖြစ်သည်။

“မင်းတို့ကို သနားဖို့အတွက်. . အရင်ဆုံး ငါ့ကိုငါပြန်သနားရမယ်ကွ၊ မင်းတို့နဲ့ မဆုံခင်တုန်းကဆို ဒီကားပေါ်မှာ ငါတစ်ယောက်ထဲ ကားမောင်းနေရတာ ဘယ်လောက်ပျင်းစရာ ကောင်းလိုက်သလဲ. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဒီတော့ မင်းတို့နှစ်ယောက် ငါနဲ့အဖော်နေရမယ်၊ ကားမောင်းရင်း. . ရှေးဟောင်းနှောင်းဖြစ်တွေ ဖလှယ်ကြမယ်၊ လူ့ဘဝတုန်းက ငါတို့လုပ်ခဲ့တာတွေကိုပေါ့”

“ဘာ. . မဖြစ်ဘူး. . မဖြစ်နိုင်ဘူး. . ၊ ခင်ဗျားက သရဲ. . ကျွန်တော်တို့က သရဲမဟုတ်ဘူး၊ ဘဝချင်းမတူဘူး . . ရပ်. . ခုရပ်ပေးပါ”

“ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား”

သွင်ထူးမောင်၏ သွေးရူးသွေးတန်း ဖြစ်နေဟန်ကို ထိုလူကြီး အရေးမစိုက်၊ တဟားဟားဖြင့် အော်ရယ်ပြီး ကုန်ကားကို အရှိန်မြင့်၍ မောင်းလိုက်သည်။

“ငါ့ကားပေါ်ကို တက်လာဖို့ ငါအတင်းဆွဲခေါ်တာ မဟုတ်ဘူး၊ မင်းတို့ဘာသာ အတင်းကုန်းရုန်း တက်လာကြတာ၊ ခုလဲ မင်းတို့ဘာသာ ပြန်ဆင်းလို့ရရင် ဆင်းလိုက်ပေါ့ကွာ. . ဟားဟားဟား”

ကားကို လုံးဝရပ်ပေးပုံမပေါ်သဖြင့် . . သွင်ထူးမောင် အခက်





တွေ့နေရသည်။

“ဦးဦး. . ခုန်ချင်းမယ် ကျာ”

ကောင်းခန့်လေး စိတ်မြန်လက်မြန်ဖြင့် ခုန်ဆင်းရန် မပီကလာ ပီကလာဖြင့် ပြော၏။

“ဟာ. . ခုန်ဆင်းရင် သေကုန်မှာပေါ့၊ ကားက. . ဒီလောက် အရှိန်မြန်နေတာကို”

“ပူပါနဲ့ဂျ. . တား. . အဲလောက်တော့ ခုန်ချင်းတတ်ပါတယ် တားလက်ကိုပဲ ကိုင်ထားပါ”

ကားပေါ်မှ တကယ်ခုန်ဆင်းမည့်ဟန်ပြုနေသော ကောင်းခန့် ကြောင့် သွင်ထူးမောင် မျက်ကလူးဆန်ဖျာဖြင့်. . ပို၍ သွေးပျက်သွားသည်။

“ဟာ. . ဟေ့ကောင်. . မ. . မလုပ်နဲ့၊ နှစ်ယောက်စလုံး ကားဘီးအောက် ရောက်သွားလို့ ဘယ်ဟာခေါင်း ဘယ်ဟာတင်ပါး မသိပဲ ဖြစ်ကုန်ပါ့မယ်ကွာ”

နှစ်ယောက်သား ငြင်းခုန်နေချိန်မှာ ဒရိုင်ဘာသရဲကြီးကတော့ တဟားဟားဖြင့် အရယ်မပျက်. . .

“ဟေး. . မင်းတို့ ငါနဲ့ပဲနေစမ်းပါကွာ. . ၊ တခြားနေရာတွေ လျှောက်သွားရင် မင်းတို့ပဲ အနိုင်ကျင့်ခံရမှာပေါ့. . ဟား. . ဟား. . ဟား. . ဟား. . ဟား”

ဒရိုင်ဘာကြီး၏ မဲဆွယ်စကားကိုလည်း ဂရုမစိုက်နိုင်တော့၊ အရှိန်ဖြင့် မောင်းနေသော ကားပေါ်မှ လွတ်မြောက်နိုင်မည့်နည်းလမ်းကိုပါ သေပြေးရှင်ပြေး စဉ်းစားရတော့၏။

အရှိန်ပြင်းပြင်း မောင်းနှင်နေသောကြောင့် လယ်ကွင်းပြင်တွေ စိမ်းညို့ညို့ သစ်ပင်ကြီးတွေဘက်မှ ဝေ့တိုက်လာသော လေကြမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သည် သွေးပျက်နေသော သွင်ထူးမောင်ကို ပွေ့ဖက်ဆွဲခေါ်မတတ်. .

"ဦးဦး ချင်းတော့မယ်. . လာ. . လာ၊ ဟိုလူကြီးမျက်နှာ တရုံပုံ ပေါက်လာပြီ"

လေပြင်းတွေ တိုက်ခတ်ခံနေရသည့် ကြားထဲမှ. . ကောင်းခန့် လက်ညှိုးထိုးပြနေသော ထိုလူကြီးကို မရဲတရဲ လှည့်ကြည့်လိုက်သည်။

"ဟင်. . မျက်. . မျက်နှာကြီးက ဘယ်လိုကြီးလဲ. . အောင်မလေး. . သရဲ. . သရဲ. ."

မျက်နှာတစ်ပြင်လုံး မျက်လုံးနှာခေါင်း ပါးစပ်တို့ မရှိတော့ဘဲ အသားမြင်ကြီးလို ပြောင်ချောနေသော ထိုလူကြီးကို ကြည့်ကာ သွင်ထူးမောင် မျက်နှာမှာ သွေးမရှိတော့။

ရင်မှာကြောက်စိတ်တို့ တွန်းထိုးရုန်းကန်ကာ ကောင်းခန့်ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်နှင့် ပါသွား၏။

"အား"

အာခေါင်ခြစ်၍ အော်လိုက်သော အသံနှင့်အတူ ကမ္ဘာလောကကြီး ပြုန်း၍တိတ်ဆိတ်ငြိမ်သက်သွားသည်။









# အခန်း(၁၅)

"ဟင်. . ငါ. . ငါတို့ ကားပေါ်က ခုန်ဆင်းလာကြတာ. . ဘာမှမဖြစ်ဘူးလား"

"ဘာမှမဖြစ်လို့ လမ်းလျှောက်နေတာပေါ့ ဦးဦးရ"

"ဟော. . အေး ဟုတ်တယ်၊ ဟား. . ဟား. . ငါတို့ ဘာမှမဖြစ် ဘူး၊ တော်ပါသေးရဲ့. . ငါက ခေါင်းပြားပြီ မှတ်တာကွ. . ဝှူး"

အကောင်းအတိုင်း လမ်းလျှောက်နေသော သွင်ထူးမောင်မှ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ဝမ်းသာအားရဖြစ်ကာ သက်မတစ်ချက် မှုတ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် အဲဒီလူကြီးလက်က လွတ်သွားတာ ငါတို့ ကံကောင်းတာပဲကွ"

"အဲဒါ. . တားတားကြောင့်ပါ ဦးရာ၊ တားတား ချွဲမခေါ်ရင် ဦးဦး. . ဒီ. . တရုတ်ကြီးလက်က အလွတ်ပါဘူး"

သူ့ကိုယ်သူ ဂုဏ်ဖော်ကာပြောနေသော ကောင်းခန့်ခေါင်းကို ခပ်ဖွဖွ ပုတ်ကာ. . .

"ဟုတ်ပါပြီ ကျေးဇူးရှင်ရယ်၊ ဒါဆိုလည်း ခုဘာဆက်လုပ်ကြမလဲ အကြံဉာဏ် ထပ်ထုပ်လိုက်ပါဦး"

"တား. . ဗိုက်ချာပြီ"

သူ့ဗိုက်ကိုပုတ်ကာ မျက်နှာငယ်ဖြင့်ပြောတော့မှ သွင်ထူးမောင်ပါ ဗိုက်ဆာဖို့ သတိရသွားသည်။

"မင်းလိုပဲ ငါလည်းဆာတာပါပဲကွာ၊ စားစရာဘယ်မှာသွားရှာမလဲ. . ပိုက်ဆံလည်း တစ်ပြားမှမပါဘူး၊ ရှေ့နားရောက်လို့ လူနေအိမ်လေးဘာလေးတွေ့ရင်. . ငါ့လက်ကနာရီ ဖြုတ်ရောင်းပြီး ဗိုက်ဖြည့်ဖို့ ဖန်တီးရမှာပဲ"

မျှော်လင့်ချက်တို့ဖြင့် ကောင်းခန့်လေးကို လက်ဆွဲပြီး လမ်းမကြီးအတိုင်း ဆက်လျှောက်လာလိုက်ကြသည်။

"ဟင်. . ဟိုမှာ ဆွမ်းခံကြွ ဘုန်းကြီးတစ်ပါးပါလား"

သပိတ်ပိုက်ပြီး ခြေတစ်လှမ်းချင်း လှမ်းနေသော ဘုန်းကြီးတစ်ပါးကိုမြင်တော့ သွင်ထူးမောင် ထခုန်မိမတတ် ဝမ်းသာသွားသည်။

"အဲဒါ. . ဦးဦး အမျိုးလား"

"အေး. . ဟုတ်တယ်၊ အဲ. . ဘယ်ကလာဟုတ်ရမှာလဲ၊ ဘုန်းကြီးလေဘုန်းကြီး မတွေ့ဘူးလား သူ့သပိတ်ထဲမှာ စားစရာတော့ပါမှာပဲ၊





. . ဟား. . ဟား. . ဟား. . စားရက်ကြုံလို့ မုတ်ဆိတ်ပျားဆွဲတာ

ဘုန်းကြီးလက်ထဲမှ သပိတ်ကိုကြည့်ကာ သဘောတွေကျနေသော သွင်ထူးမောင်ကို မော့ကြည့်ပြီး ကောင်းခန့်လေး၏ မျက်လုံးအစုံ ရွှယ်သွားသည်။

"ဟင်. . ဦးဦး ဘုန်းကြီးဆီက စားစရာ လုစားမလို့လား"

"အေးပေါ့. . မင်းပဲ ဗိုက်ဆာ. . အဲ. . အာ. . ဟော့ကောင် ခွီး ငါက ဘုန်းကြီးဆီက စားစရာ လုမလားကွ. . အဲဒီဘုန်းကြီး တာနေ ခပ်ခွာခွာလိုက်သွားပြီး ဘုန်းကြီးကျောင်းရောက်လို့ ဘုန်းဆွမ်းဘုန်း ပေးပြီးတဲ့အချိန်ထိ စိတ်ရှည်လက်ရှည်စောင့်ပြီး ဆွမ်းတောင်းကျန်လေး တောင်းစားမှာပေါ့ကွ"

သဘောပေါက်သွားသော ကောင်းခန့်လေးမှာ စားရတော့မည် ဆွခုန်ဆွဖြင့် ပျော်နေကာ. . .

"ဒါဆို မြန်မြန်လာလေ. . တား ဗိုက်ချာပြီဂျ"

"အေးပါ. . လာပါပြီကွ"

နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင် တောလမ်းလေးထဲ ဝင်သွားသော ဘုန်းကြီးနောက်သို့ ခြေသံခပ် င်းကာ လိုက်ခဲ့လိုက်ကြသည်။

သစ်ပင်တွေဖြင့် အုပ်ဆိုင်းကာ. . နေပြောက်မတိုးလောက် င်မှိုင်းညို့တိတ်ဆိတ်နေသော တောအုပ်ကလေးထဲ. . ဝင်လိုက် ည်နှင့် အေးစိမ့်သော အထိအတွေ့က ဆာလောင်မှုကို ခဏမေ့သွား သည်။ တော်တော်လေး သာယာသည့်နေရာလေးဟု စိတ်ထဲက ချက်ချလိုက်သည်။

"ဦးဦး ငှက်ကလေးတွေ အော်တဲ့အတံက တာယာတယ်နော်၊ . . ဟိုမှာ. . ဟိုမှာ ကြက်တူရွေး ဖမ်းပေး. . တားကိုဖမ်းပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုဆွဲကာ လိုချင်တာကို ဇွတ်ပူဆာနေသော ကောင်း
ကို စိတ်မရှည်စွာ ငုံ့ကြည့်ရင်း. . .

"ကျွတ်. . နေစမ်းပါကွာ၊ ဒီအချိန်မှာ အဲဒီကြွက်တူရွေး
အရေးကြီးတာလားကွ မင်းကလည်း တမျောင့်၊ ဟိုမှာ ရှေ့ကလျှော
သွားတဲ့ ဘုန်းကြီး မျက်ခြည်ပျက်သွားရင် ဝေါ်မယ့်အပေါက်ကို ကြို
ရှင်းလား၊ ဟွန်း. . ဘယ်လိုကောင်လေးလဲ မသိဘူး၊ လာ. . မြန်မြ
လျှောက်. ."

လက်ကိုဆွဲပြီး ရှေ့က ခပ်သွက်သွက်လျှောက်တော့မှ ကော
ခန့် ဆက်မပူဆာရဲတော့ပဲ မပေစောင်းမပေစောင်းဖြင့် နောက်ကလို
လျှောက်လာသည်။

"ဟော. . ဟိုမှာ. . တဲကျောင်းလေးတွေ့ပြီကွ. . ဟား. .
ဟား. . ဟား"

ခပ်လှမ်းလှမ်းမှ မြင်နေရသော တဲကျောင်းလေးကို မြင်သွား
သွင်ထူးမောင် သဘောတွေကျနေသည်။ သို့သော်. . ဘုန်းကြီးမှာ
တဲကျောင်းလေးပေါ်သို့ မတက်ဘဲ ကျော်သွားသဖြင့်. . .

"ဟာ. . ဒီကျောင်းမှာနေတာ. . အဲ. . သီတင်းသုံးတာ
ဟုတ်ဘူး ထင်တယ်ကွ"

ထင်ကြေးနှင့်ပြောကာ ဘုန်းကြီးနောက်မှ ဆက်လျှောက်လာ
ပြန်သည်။ ဗိုက်ထဲကလည်း တဂွီဂွီနှင့် အစာအိမ်က ဆန္ဒပြနေသည်

တဲကျောင်းလေးနှင့် အတော်အလှမ်းဝေးသော အင်ကြင်း
ကြီးအောက်တွင် အုတ်ဂူတစ်ခုကို လှမ်းမြင်နေရသည်။

ထိုဘုန်းကြီး၏ ခြေလှမ်းတွေသည် ထိုအုတ်ဂူရှိရာသို့ လှမ်း
သဖြင့် သွင်ထူးမောင် အံ့သြသွားသည်။

ဒီဘုန်းကြီး အုတ်ဂူပေါ်မှာပဲ ဆွမ်းဘုဉ်းပေးမလားပေါ့. .





သော် ထိုအတွေးသည် တကျိတကျိစင်အောင် လွဲချော်နေပေသည်။
န်းကြီးသည် သွင်ထူးမောင်ကို လှည့်ကြည့်ပြီး ဖျတ်ခနဲပျောက်ကွယ်၍
ားလေသည်။

"ဟာ. . ဘုန်း. . ဘုန်း. . ဘာ. . ဘာလဲ၊ ဘာလို့ ဘုန်းကြီးတ
တ်ဂူဘေးမှာ ပျောက်သွားရတာလဲ"

အတွေးအဆုံးမှာ တစ်စုံတစ်ခုကို ထပ်မံသဘောပေါက်သွား
ခေါင်းမွေးများ နောက်တစ်ဖန် ပြန်၍ထောင်ထလာပြီး. . .

"ဟာ. . ဒါ. . ဒါဆို. . ဒီ. . ဒီဘုန်းကြီးကလည်း သရဲပဲ၊ ဘုန်း
ကြီးသရဲ. . အောင်မလေးဗျ. . သရဲတွေနဲ့ပဲ တွေ့နေပါလား"

သွင်ထူးမောင် အထိတ်တလန့် အော်ဟစ်လိုက်မိသည်။ ဘုန်း
ကြီး ဖျတ်ခနဲ ပျောက်သွားသည့် မြင်ကွင်းက သွင်ထူးမောင် ရင်ဘတ်
မှာ ဝါယာကြိုးချင်း ပူးသွားသလို မီးပွင့်တွေ လက်သွားသည်။

ထပ်ပြီး တွေဝေနေဖို့ အချိန်မရ။

ဒီတော့ ခြေအစုံကို လာရာလမ်းသို့ ပြန်၍ အပြေးနှင်ခိုင်းရ
တော့၏။

"ဟာ. . ဦးဦး တား ဗိုက်ချာပြီဂျ၊ ဘယ်ကိုပေးမလို့လဲ. ."

"မပြေးလို့ ရမလားကွ၊ ဘုန်းကြီးအစစ် မဟုတ်ဘူး. . သရဲ
ဘုန်းကြီးကွ. . သရဲဘုန်းကြီး"

"ဟင်. . ဟုတ်လား"

သွင်ထူးမောင် စကားအဆုံး. . . ကောင်းခန့်လေးမှာလည်း
နောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေတော့သည်။

လောကကြီး ဘာတွေဖြစ်နေပြီလဲ ဆုံလာသမျှ ကြုံလာသမျှ
အကြောင်းအရာတွေသည် အဖြေမရှိသော ပုစ္ဆာတစ်ပုဒ်လို ရှုပ်ထွေး
ထွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေကြုံရသမျှ လူတွေအားလုံး ဘာကြောင့် စိညှာဥ်တွေ
နေရတာပါလိမ့်။

ရှေ့ဆက်လျှောက်ဖို့ အင်အားမရှိလောက်အောင် မျှော်
ချက်တွေသည် အညွန့်ကနေစ၍ ကျိုးကျနေလေပြီ။

နောက်ထပ် ဆုံတွေ့ရမည့် လူတွေကရော. . သရဲတွေလ
လူစစ်စစ်တွေလား. . .

ခုချိန်မှာတော့ အရိပ်မြင်လျှင်တောင် ကြောက်နေရသည့်
ခြေအနေမျိုးမို့ စိတ်ခံစားမှုတွေက ကျိုးလန့်စာ စားဖြစ်နေရသည်

ဘဝမှာ ဒီအချိန်ကာလတွေဟာ သွင်ထူးမောင်အတွက် အ
ဆန်းဆုံး အတွေ့အကြုံတွေနှင့် ရင်ဆိုင်နေရခြင်းပင် ကြောက်လိုက်
လဲ သေးတွက်မတာတ်ပါပဲ။







# အခန်း(၁၆)

"မှန်. . မောလိုက်တာကွာ၊ ပြေးရလွန်းလို့ အသက်က ဘယ်
အထွက်ရမှန်းတောင် မသိတော့ပါဘူး"

"ဟုတ်တယ်. . ဦးဦးရ တားခြေထောက်တွေလဲ နည်းနည်းတို
သွားတလိုပဲ"

သူ့ခြေထောက်သူ ပြန်ငုံ့ကြည့်ရင်း ပြောလိုက်သော ကောင်း
ခန့် စကားကြောင့် အမောကြားမှ ပြုံးလိုက်မိသေးသည်။

"မင်းတိုသလို ငါလည်း တိုတာပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါချို တားကိုချို"

"အယ် ဘာဆိုင်လဲ"

"လုပ်ပါ. . ချိပါကွာ၊ တားခြေထောက်တွေ တော်တော်ညောင်း
လာပြီဂျ၊ တား မလျှောက်နိုင်တော့ဘူး"

"ဩော်. . ဖြစ်မှဖြစ်ရလေ. . မှတ်တောင် ထားရဦးမယ်နေ
ဟွန်း. . "

"နောက်မှ မှတ်ပါ ဦးဦးရာ. . ချီပါ. . အတင့်. . အင့်. . အင့်

ခြေတဆောင့်ဆောင့်နှင့် လက်ကမ်းပေးကာ ချီခိုင်းနေသေ
ကောင်းခန့်မှာ သွင်ထူးမောင် မချီ၍ ငိုမဲ့မဲ့ဖြစ်လာသည်။

"ဟာ. . ပေ့ကောင် စိတ်ညစ်ရတဲ့ကြားထဲ လာငိုပြမနေနဲ့

"ဒါချို. . ချိပေါ့"

ဒင်းကလေးကို မချီမချင်း ဂျစ်တိုက်နေမည့် အနေအထားမျ
မတတ်သာသည့်အဆုံး ချီလိုက်ရသည်။

"ဗျူး ကံဆိုးလိုက်တဲ့ငါ၊ ဘယ်လိုအဖြစ်ဆိုးမျိုးတွေနဲ့ လာကြုံနေ
ရလဲ မသိပါဘူးကွာ တကယ်ပါပဲ၊ ကဲ. . လာ. . လာ. . မောင်မင်းကြီး
သား ကျွန်တော်မျိုး ကျောပေါ် တက်ခွတော်မူ"

"ဟေး. . ဒါမှ. . တား ဦးဦး"

ကောင်းခန့်လေး ဝမ်းသာသွားကာ အလိုက်သင့် ငုတ်တုတ်
ထိုင်ပေးသော သွင်ထူးမောင် ကျောပေါ်သို့ ခွေ့ခနဲ ခွတက်လိုက်သည်။

"ဟေး. . ချီးလိုကောင်းတယ်၊ ဟဲ့မြင်း. . ဟဲ့မြင်း. . ပြေးစမ်း
ခပ်တွက်တွက်ပြေး. . "

ကျောပေါ် တက်ကာ မြင်းလုပ်စီးနေသော ကောင်းခန့်ကို. .
မကျေမနပ်ဖြင့် ပေစောင်းစောင်း လှည့်ကြည့်ကာ. . .

"အောင်မယ် သောက်ကလေး. . ငါ့ကိုများ မြင်းလိုလုပ်စီးနေ





သေးတယ်၊ အေးပါ. . စီးထားပါ၊ မင်းအမေကိုတွေ့မှ ငါလည်းမင်းလိုပဲ
မင်းအမေကျောပေါ် တက်ခွပြီး မြင်းလုပ်စီးဦးမယ်. . ဟင်းဟင်းဟင်း"

ပါးစပ်ကသာ တတွတ်တွတ်ပြောနေတာ ကောင်းခန့်ကို ကျော
ပြီး လျှောက်နေရ၍ သိပ်မသက်သာလှ။

ဝတ်ထားသော ဖိုးတိုက်ပုံ ပိုးပုဆိုးနှင့် မလိုက်ဖက်အောင်. .
သူ့ငယ်တစ်ကောင် ကျောပိုးလျှောက်နေရသော ကိုယ့်အဖြစ်၊ မိဘတွေ
သာမြင်လျှင် ဘယ်လောက်အံ့သြမည်လဲ။

"ဦးဦး. . တားတို့ အခု ဘယ်သွားနေတာလဲ"

"ကားလမ်းကိုလေ. . အဲဒီမှာ ကားကြုံပြန်စောင့်ရဦးမယ်"

"ချောချောက လူကြီးကားနဲ့ ပြန်တွေ့နေဦးမယ်နော်"

စိတ်ပူဖော်ရသော ကောင်းခန့်လေး စကားကြောင့် ဖြတ်တိုက်
သာသော လေထုထဲသို့ သက်မတစ်ချက် မှုတ်ထုတ်လိုက်ပြီး. . မောရှုရှု
လေသံဖြင့်. . .

"ဒီတစ်ခါ သေချာကြည့်ပြီး ကားတားရမှာပေါ့ကွ၊ နောက်တစ်
ကြိမ်တော့ ထပ်မဆုံလောက်တော့ပါဘူး"

ကြောက်နေဆဲဖြစ်သော ကောင်းခန့်ကို ဖြေသိမ့်စကားပြော
ကာ. . လေးလံသောခြေလှမ်းတို့ ရှေ့ဆက်လျှောက်ကြသည်။

"ဦးဦး. . ဟိုမှာ ကားလမ်းတွေ့ပြီ. . တွေ့ပြီ. . "

ကျောပေါ်ကနေ ကိုယ်ကိုလှုပ်ယမ်းပြီး ဝမ်းသာအားရပြော
သောကြောင့် သွင်ထူးမောင် အရှေ့ဘက်ကို မျှော်ကြည့်လိုက်သည်။

ကွန်တိန်နာကားတစ်စီး ဖြတ်သွားသည်ကို မြင်လိုက်ရသည်။
ကားလမ်းရှိရာသို့ ခပ်သွက်သွက် ခြေလှမ်းတွေဖြင့် အပြေးတစ်ပိုင်း
လျှောက်သွားလိုက်သည်။

"ဟိုမှာ. . နောက်တစ်စီး လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကားတစ်စီး တရိပ်ရိပ် ဖြတ်မောင်းလာသည်မို့ သွ
ထူးမောင် ကားလမ်းဘေးမှ လက်ပြ၍ တားလိုက်သည်။

ကားက လုံးဝမရပ်။

"ဟာကွာ. . ကားသမားက ရပ်ပေးဖို့ နေနေသာသာ လှ
တောင်ကြည့်မသွားဘူး တော်တော်မိုက်ရိုင်းတဲ့လူ"

မကျေမနပ် ညည်းတွားရင်း ကျောပိုးထားရတာ မောလာ
ကောင်းခန့်ကို အောက်သို့ချလိုက်သည်။

ကျွတ်ကျလုဆဲဆဲ ဖြစ်နေသော ခါးမှပိုးပုဆိုးကို ခပ်တိုတိုပြ
ဝတ်လိုက်သည်။

"ဟော. . ဟိုမှာ နောက်တကျိုး လာပြန်ပြီ၊ ဟိုး. . ဟိုး. . ဟ
ရပ်. ."

ဒီတစ်ခါ သွင်ထူးမောင်မတားခင် ကောင်းခန့် ခုန်ဆွခုန်ဆွပြ
အသံပြုကာ လှမ်းတားသည်။

ထိုကားသည်လည်း လုံးဝမရပ်။

"ဟွန့်. . ရပ်လဲရပ်ဝူး"

"တောက်. . ဒီလူတွေ တော်တော်လူမှုရေးခေါင်းပါးတဲ့ လ
တွေပဲ၊ လူလူချင်း ရိုင်းပင်းကူညီချင်တဲ့စိတ် မရှိကြဘူး"

တားသမျှ ကားတစ်စီးမှ ရပ်မပေး၍ သွင်ထူးမောင် တက်တ
ခေါက်ခေါက်ဖြင့် တော်တော်လေး အခဲမကျေဖြစ်နေသည်။

"ဟော. . ဟိုမှာ ကားတွေအများကြီး လာပြန်ပြီ"

ဆေးရုံကားတစ်စီးကို အရင်ဆုံး မြင်လိုက်ရပြီ။ ဆေးရုံကာ
နောက်မှာပါလာသော ကားနှစ်စီး၏ မြင်ကွင်းကြောင့် သွင်ထူးမော
မျက်လုံးပြူးသွားသည်။

"ဟင်. . နောက်ကကား ဆွဲလာတာ ငါ့ကားပဲကွ"





"ဟုတ်တယ် ဦးဦးကား၊ အဲဒါဦးဦးကား. . ဇား. . တား.
ဒီလူတွေ ဦးဦးကားကို ခိုးတွားတာနေမှာ"

"ဟေ့လူတွေ. . ဟေ့လူတွေ. . ရပ်စမ်း. . ရပ်စမ်း. . အဲ
ကျုပ်ကားဗျ. . ကျုပ်ကား. ."

ပိန်ချိုင့်နေသောကားကို ကြိုးဖြင့်ဆွဲ၍ မောင်းသွားသောကာ
မှာ သွင်ထူးမောင်၏ ငယ်သံငယ်ရင်ပါအောင် အော်ဟစ်တားမြစ်
သောအသံကို လုံးဝမကြား၊ ရှေ့ကို အရှိန်ဖြင့် ဆက်မောင်းသွားသည်

"ကျွတ်. . ဟာကွာ မဟုတ်သေးပါဘူး၊ ကားတွေမှန်သမျှ ဘ
ကြောင့် မရပ်ရတာလဲ"

စိတ်ပျက်စွာပြောရင်း ကားလမ်းဘေးမှာ ငုတ်တုတ်ထိုင်ချလိုက်
သည်။

"ဟင်. . ဟိုမှာ. . ဆေးရုံကား ရပ်သွားပြီ"

ဒီတစ်ခါ ထခုန်မိမတတ် ဝမ်းသာသွားကာ ရှေ့ကိုက်တစ်ဧ
တွင်ရပ်လိုက်သော ဆေးရုံကားဆီသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွ
လိုက်သည်။

ဆေးရုံကားထဲမှ ဒရိုင်ဘာနှင့်. . နောက်ခန်းလူနာတင်ကား
လူဆင်းလာပြီး လမ်းဘေးချုံထဲမှာ အပေါ့ဆင်းသွားကြသည်ကို တွေ့
သဖြင့်. . .

"သြော်. . ဒင်းတို့က ငါတို့ကို ရပ်ပေးတာမဟုတ်ဘူး၊ ဆီးသွ
ချင်ကြလို့ ရပ်လိုက်တာကိုး၊ ဘာပဲဖြစ်ဖြစ်. . ဒါ ငါတို့အတွက် အခွ
အရေးပဲ. . ကောင်းခန့် မြန်မြန်လာ. . ငါတို့ လူနာတင်တဲ့ နောက်ခန်
ကနေတက် လိုက်သွားကြမယ်၊ ဒီလူတွေကို တောင်းပန်ပြီး လိုက်ရမှာ

ကောင်းခန့်လက်ကိုဆွဲပြီး ဟိုလူနှစ်ယောက် ချုံထဲတွင်အပေ
စွန့်နေတုန်း လူနာတင်ခန်းထဲသို့ ဖွေ့ခနဲ ခုန်တက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်အနေအထားနှင့် သတိလစ်နေသော သွေးသံရဲရဲ လူနာ၏ ခုတင်ဘေးထိုင်ခုံတွင် နှစ်ယောက်သား ခပ်တည်တည် ဝင်ထိုင် လိုက်ကြသည်။

နောက်ကိစ္စ နောက်မှကြည့်ရှင်းမှာမို့ ထိုလူနှစ်ယောက်ကို အ သနားခံတောင်းပန်ဖို့ စကားလုံးစီထားလိုက်သည်။

"ဟင်. . ဗုဒ္ဓေါ"

သွင်ထူးမောင် မျက်လုံးအစုံသည် အပြင်သို့ ဖောင်းခနဲပေါက် ထွက်မတတ် ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဦးဦး. . ဗုဒ္ဓေါ ချိုတာ. . ဘာလဲ"

သွေးပျက်ထိတ်လန့်သွားသော သွင်ထူးမောင်၏ ပုံစံကိုကြည့် ပြီး ကောင်းခန့် မော့ကြည့်ကာ မေးသည်။

သွင်ထူးမောင် မဖြေအား. . သောက အပူလုံးကြီးတစ်လုံးက လည်ချောင်းဝမှာ တစ်ဆို့လျက် အံ့သြမှုတွေသည် ခန္ဓာကိုယ်ထဲရှိ သွေး ကြောမျှင်တွေကို မီးနှင့်အစိတ်စိတ်အမွှာမွှာ ပိုင်းဖြတ်ခုတ်ထစ်ခံရသ လို အသိစိတ်တွေသည် ကမ္ဘာနက်ထဲရောက်သွား၏။

သွင်ထူးမောင် သတိလက်လွတ် ဖြစ်နေစဉ်မှာပင် အပေါ်သွား ပြီးသော ကားဒရိုင်ဘာနှင့် လူနာစောင့် ယောကျာ်းလေးနှစ် ကားပေါ် ပြန်တက်လာသည်။

သူတို့ပုံစံတွေက သွင်ထူးမောင်နှင့် ကောင်းခန့်လေး၏ကို တစ် စက်ကလေးမှ မြင်ပုံမပေါ်။

"ဒီလူတွေ မျက်စိကန်းနေကြတာလား၊ ငါထိုင်နေတာကို ဘာ လို့ တစ်ချက်ကလေးတောင် ဝေ့မကြည့်ကြရတာလဲ"

စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားမိပြီ။

"ဟေ့လူတွေ. . သူ. . သူကဘယ်သူလဲ၊ ဘာကြောင့် ငါနဲ့လာ





တူနေရတာလဲ"

သွေးရူးသွေးတန်းအမေးကို နှစ်လုံးဝမဖြေ သူ့အိတ်ထဲမှ ဖုန်း ကိုထုတ်ကာ ဖုန်းပြောနေ၏။

"ဟဲလို. . ဒေါက်တာ၊ ဟုတ်ကဲ့. . ကျွန်တော်တို့ အခုလမ်းမှ ရောက်နေပါပြီ လူနာအခြေအနေကတော့ တုတ်တုတ်တောင် မလှု တော့ပါဘူး. . သေဖို့များပါတယ်၊ ဟုတ်ပါတယ် သတိ့သား ဝတ်စုံနဲ့ပ

ဒီတော့မှ သွင်ထူးမောင် အခြေအနေကို နားလည်စပြုကာ. .

"ဟင်. . ဒါ. . ဒါဆို. . ငါ. . ငါပဲ၊ ဘာကြောင့် ငါက. . နှ ယောက်ဖြစ်နေရတာလဲ၊ ဟေ့လူ. . ဟေ့လူတွေ ဒီလူမသေဘူး၊ ဒီမှာ ဒီမှာ. . ခင်ဗျားရှေ့မှာ ငုတ်တုတ်ထိုင်နေတယ်လေ"

ထိုလူ့အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲပြီး အာခေါင်ခြစ်၍ပြော သည်။ သို့သော် ထိုလူ့အင်္ကျီစကို ဆုပ်ကိုင်မိခြင်းမရှိ။

ကောင်းခန့်လေး ခုတင်ပေါ်တွင် သွေးသံရဲရဲနှင့် မေ့မြော သော သွင့်ထူးမောင်၏ ပုဆိုးစကိုကိုင်ကြည့်လိုက်. . သူ့ဘေးမှသွေးရူး သွေးတန်း အော်ဟစ်တွန်းထိုးနေသော သွင်ထူးမောင်၏ ပုဆိုးစကိုကိုင် ကြည့်လိုက်လုပ်ကာ. . .

"ဦးဦး ဒီလူကြီးနဲ့ဦးဦးက ဘာလို့ ရုပ်ချင်းတူနေတာလဲ၊ ပုဆိုး လည်းတူတူ. . အင်္ကျီလည်းတူတူ. . အားလုံးဟူတူပဲ. . "

"ဟုတ်တယ်. . ဟုတ်တယ်. . ငါနဲ့ သူနဲ့ တစ်ယောက်ထဲ အီး. . ဟီး. . ဟီး. . ဟီး. . ငါ. . ငါသေသွားပြီလား မသိဘူး၊ ကောင် ခန့်. . ငါ့ကို ကယ်ပါဦးကွာ၊ ဒါ. . ငါ့အလောင်းမဟုတ်ဘူး. . မဟုတ် လား၊ ဟုတ်တယ်. . မဟုတ်လား၊ ဒါ တခြားတစ်ယောက်နော်. . . ဟုတ်တယ်မဟုတ်လား"

ဘယ်အချိန်ကတည်းက ထွက်ကျနေသည်မသိသော မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်နှင့် နှပ်ရည်တွေကို တရှုံ့ရှုံ့လုပ်ရင်း သွင်ထူးမောင် ကောင်းခန့်လေး ထံမှ အဖြေတစ်ခုခုကို အငမ်းမရ မျှော်လင့်လိုက်သည်။

"ဟင့်အင်း. . အဲဒါ အခြားတစ်ယောက် မဟုတ်ဘူး. . ဦးဦးမှ ဦးဦးအချစ်၊ ဒီမှာတွေ့လား နှာခေါင်းထိပ်တည့်တည့်မှာ ဝက်ခြံကြီးမှပူး လို့၊ ဟောဟိုက လှဲအိပ်နေတဲ့ ဦးဦးရဲ့နှာခေါင်းထိပ်မှာလဲ ဝက်ခြံကြီးမှ ပူးလို့၊ ဟီး. . ဟီး. . ဟီး. . တားလဲအဲလို နှစ်ကိုယ်ခွဲ ဖြစ်ချင်လိုက်တာ ရုပ်ရှင်ထဲကလိုလေ. ."

အခြေအနေမှန်ကို မသုံးသပ်တတ်သော ကောင်းခန့်လေး၏ စကားသည် အမှန်တရားတစ်ခု ဖြစ်နေပါလျက်. . ထိုအမှန်တရားကို သေမလောက် ကြောက်နေသူက သွင်ထူးမောင်ပင် ဖြစ်သည်။

"ဟာ. . သောက်ကလေး၊ ဒင်းကို စစ်ကူတောင်းပါတယ်ဆိုမှ ငါ့ကို သေတွင်းထဲ တွန်းပို့နေရသလားဟ. ."

မျက်ရည်နှင့် ဒေါသရောကာ ကောင်းခန့်လေး၏ ခေါင်းကို ဘတ်ခနဲ လှမ်းရိုက်လိုက်သည်။ ကောင်းခန့်လေး၏ခေါင်း ရှေ့သို့ ငိုက်ခနဲ ယိမ်းထိုးကာ. . .

"ဟာ. . ဘာလဲဂျ၊ ခေါင်းကိုရိုက်ရင် တေးပေါက်တတ်တယ်ချို တာ နားလည်ဘူးလား၊ ဦးဦးနော် တားကယ်လို့လဲ ဖိုတရဲကြီးတွေလက် က လွတ်လာရတေးတယ်၊ အဟွန့်. . အမေနဲ့တွေ့ရင် တိုင်ပြောမယ်"

"တိုင်. . တိုင်. . အခု ငါ့ဘဝက ရှေ့ဆက်ပြီး ဘယ်လိုစခန်း သွားရမှန်းတောင် မသိတော့ဘူး၊ အီး. . ဟီး. . ဟီး. . ငါ. . ငါ. . လူ လား. . သရဲလား၊ ဟမ်. . လောကကြီး ဖြေပါဦး၊ ကျုပ် လူလား သရဲ လား. . ကျုပ်ဘာလဲဆိုတာ ကျုပ်ကိုကျုပ်တောင် မသိတော့ဘူး"

ကလေးတစ်ယောက်လို ထွန့်ထွန့်လူးငိုကာ. . အော်ကြီးဟစ် ကျယ် ပြောဆိုနေသော သွင်ထူးမောင်အသံကို ကောင်းခန့်က လွဲပြီး





ဒရိုင်ဘာရော နာ့စ်ရော မကြားနိုင်. . .

တစ်ယောက်က သီချင်းဖွင့်ကာ. . ဆေးရုံကားကို ခပ်ငြိမ့်ငြိမ့် မောင်းပြီး၊ ကျန်တစ်ယောက်က ဖုန်းထဲမှ ဂိမ်းကိုဆော့ကာ ခပ်အေး အေး လိုက်ပါလာသည်။

ကောင်းခန့်လေးက သတိလက်လွတ် ငိုယိုမြည်တမ်းနေသော သွင်ထူးမောင်ကို မျောက်ရုံထဲက မျောက်တစ်ကောင်အား ထိုင်ကြည့် သလို မမှိန်မသုန်ကြည့်ရင်း တခစ်ခစ်ရယ်ရင်း လိုက်ပါလာသည်။

တကယ်တမ်း ကမ္ဘာပျက်နေသည်က သွင်ထူးမောင်. . .

သူ့ကိုယ်သူ ဘယ်ဘဝရောက်လို့ ရောက်မှန်းမသိတဲ့ သရဲဘော ကြောင်သည့် လူညံ့တစ်ယောက် ဖြစ်မှန်းမသိဖြစ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

လူနာတင်ကားဆီမှ ဥဩဆွဲသံ တဝီဝီပေးကာ မောင်းနှင်လာပြီး ဆေးရုံဝင်းထဲရှိ ပေါ်တီကိုအောက်မှာ ထိုးရပ်လိုက်သည်။

ဆေးရုံအဆောက်အအုံထဲမှ အကူလုပ်သားနှစ်ယောက် လူနာတင်လှည်းကို တဂျုန်းဂျုန်းတွန်းကာ ပြေးထွက်လာသည်။ သူ့နောက်တွင် နာ့စ်တစ်ဦးနှင့် ဆရာဝန်တစ်ဦး ပျာတိပျာယာ ခြေလှမ်းကျဲကြီးဖြင့် လိုက်လာသည်။

သူတို့နောက်မှ သွင်ထူးမောင်၏ အဖေနှင့်အမေ. . သောက





ခြေလှမ်းတွေဖြင့် ဒရောသောပါး လိုက်ပါလာကြသည်။

သွေးသံရဲရဲဖြင့် ငြိမ်သက်နေသော သွင်ထူးမောင်၏ ခန္ဓာကိုယ်ကြီးကိုကြည့်ပြီး မိခင်ဖြစ်သူ ရင်ဘတ်ကို လက်နှင့်ဖိကာ ငြဲခနဲငိုတော့၏။

"အောင်မလေး. . သားလေး အဖြစ်ဆိုးလှချည်လားကွယ်၊ ဒေါက်တာတို့ရယ် ကျွန်မသားလေးကို ကယ်ပေးကြပါ. . အီး. . ဟီး ဟီး. . ဟီး. ."

"မေခင် စိတ်ထိန်းပါကွာ"

ဖခင်ဖြစ်သူက မျက်ရည်စို့သောမျက်ဝန်း မငိုမိအောင် မနည်းထိန်းထားရသည့် နှာခေါင်းနီနီမျက်နှာဖြင့် ဇနီးသည်၏ပခုံးကို ဆုပ်ကိုင်ကာ နှစ်သိမ့်၏။

"အို. . မထိန်းနိုင်ပါဘူး၊ ကျွန်မက အမေရှင့်၊ အမလေး ကြည့်ကြပါဦး ကျွန်မသားလေး သေပြီလားရှင်. . မသေအောင် ကယ်တင်ပေးကြပါ"

ထိန်းမနိုင် သိမ်းမရ အော်ဟစ်ငိုယိုနေသော မိခင်ကိုကြည့်ပြီး ဆေးရုံကားပေါ်မှ အပြေးတစ်ပိုင်း ခုန်ဆင်းလိုက်သည်။

"မေမေ. . သား မသေဘူး၊ ဒီမှာလေ သားကိုမတွေ့ဘူးလား"

ဝမ်းနည်းသံကြီးဖြင့် မိခင်ကို အော်ပြောနေပေမယ့်. . သွင်ထူးမောင်ကို လုံးဝမမြင်ရ၍ ဒေါ်မေခင် အငိုမရပ်။

တက်မတက် ချက်မတက် ငိုယိုနေရှာ၏။

"အန်တီ. . စိတ်ကိုထိန်းပါ အန်တီ၊ လူနာက အသက်ငွေ့ငွေ့ပဲ ကျန်တော့ပေမယ့် ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပေးပါမယ်"

မိသားစုဆရာဝန် အောင်မြတ်သာ သည်းလှိုက်အူလှိုက် ငိုနေသော ဒေါ်မေခင်ကို နှစ်သိမ့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ. . ကျွန်တော် မသေသေးဘူးဗျ၊ အခု ဒေါက်တာ ဘေးမှာရပ်နေတာလေ"

မိခင်ပိုတော့. . သွင်ထူးမောင်ပါ ငိုသံပါကြီးနှင့် ဒေါက်တာ အောင်မြတ်သာကို ဝင်ပြော၏။ သို့သော် ဆရာဝန်က လုံးဝကြားပုံမပေါ်. . ဘေးမှဆရာဝန်မလေးအား. . .

"ဒေါက်တာ ခွဲစိတ်ဌာနကို ဖုန်းဆက်ပြီးပြီလား"

"ဟုတ်ကဲ့. . ဆက်ပြီးပါပြီ"

ဆရာဝန်မလေး၏ ခြေလှမ်းတွေ လူနာတင်လှည်းနှင့်အပြိုင် သွက်လက်နေသည်။

"အိုခေ. . ဒါဆို အထူးကြပ်မတ်ဆောင်ကိုလည်း ဖုန်းဆက်ထားပါ၊ သူနာပြုတွေ ခွဲခန်းဝင်ဖို့ အသင့်ပြင်. . နှလုံးနှိုးစက်သုံးမယ်"

"ဟုတ်ကဲ့ ဒေါက်တာ"

အသက်ရှူရပ်လုဆဲဆဲ ဖြစ်နေသော သွင်ထူးမောင်ကြောင့် နာ့စ်တွေရော ဒေါက်တာတွေရော အားလုံးပျာပန်းခတ်နေကြသည်။

"ဦးဦး. . တူတို့ ဟိုပေါ်ကဦးဦးကို ဘယ်ခေါ်သွားကြမလို့လဲ"

ကောင်းခန့်လေးမှ အခြေအနေကို မသုံးသပ်တတ်၍ ကလေးပီပီ သွင်ထူးမောင်၏လက်ကို လှုပ်ရမ်းကာ မေးသည်။

"ငါ. . ငါသေသွားပြီကွ၊ ငါ့ဘဝတော့ ဒီမှာတင် အဆုံးသတ်ပါပြီကွာ. . အီး. . ဟီး. . ဟီး၊ မိန်းမတစ်ယောက်အတွက်နဲ့ ငါ့အသက်ကို ပေးဆပ်လိုက်ရတာ မတန်လိုက်တာကွာ၊ ကောင်းခန့် ခုချိန်မှာ ငါ့ကိုမြင်နိုင်တာ မင်းပဲရှိတော့တယ်၊ ငါ့ဘေးမှာ အဖော်လုပ်ပေးမယ့် သူကလည်း မင်းပဲရှိတော့တယ်ကွ၊ ငါ့မိဘတွေနဲ့ ငါဘဝချင်းခြားသွားကြပြီ. . ."

ခုချိန်မှာ သွင်ထူးမောင်၏ ရင်ဖွင့်ဖော်သည် ကောင်းခန့်ကလွဲ၍ တခြားဘယ်သူမှမရှိ။





ခွဲစိပ်ခန်းဝတွင် ခြေမကိုင်မိ လက်မကိုင်မိဖြင့် သောကတွေ ပူပန်မှုတွေ ထိတ်လန့်မှုတွေ တနင့်တပိုးထမ်းကာ. . ဂနာမငြိမ်ဖြစ်နေသော အမေနှင့်အမေနားသို့ လေးလံသောခြေလှမ်းတွေဖြင့် လျှောက်သွားသည်။

"မေမေနဲ့ဖေဖေ. . ဒီဘဝမှာ သားလေ မေမေနဲ့ဖေဖေကို ကောင်းကောင်းကျေးဇူးဆပ်ခွင့် မရလိုက်တဲ့အတွက် သားသေရတာ မဖြောင့်ဘူးဗျာ. . အီး. . ဟီး. . ဟီး. . ဟီး. . ဟီး. ."

ပြောရင်းဖြင့် မျက်ရည်တွေ နှပ်ရည်တွေ ထပ်ကျလာကာ ချုံးပွဲချငိုမိပြန်သည်။

ကောင်းခန့်လေးမှာ မျက်လုံးလေး ပေကလတ်ပေကလတ်ဖြင့် ဆေးရုံထဲရှိ လူနာဆောင်တွေဘက်ကို လှမ်းမျှော်ကြည့်ရင်း. . .

သွင်ထူးမောင် လက်ကိုမလွှတ်တမ်း ဆုပ်ကိုင်ထားလေသည်၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"ဦးဦး. . ဟိုးကကောင်မလေး တားကို တာ့တာ ပြနေတယ်"

နာကျင်မှုတွေ ရင်ထဲမှာပြည့်နှက်နေ၍ ခေါင်းငိုက်စိုက်ချထိုင်နေသော သွင်ထူးမောင်မှာ ကောင်းခန့်ညွှန်ပြရာသို့ ငဲ့ကြည့်လိုက်သည်။

အရုပ်ကလေးပိုက်ကာ ခုတင်လွတ်တစ်ခုတွင် ထိုင်နေသော ဖြူစုတ်စုတ်ကလေးမလေး. . သူ့ကိုလှမ်းကြည့်သော သွင်ထူးမောင်ကို ရယ်ပြသည်။

"တွေ့လား. . ဦးဦးကိုလည်း ရယ်ပြနေတယ်"





"အဲဒါ. . ဘာဖြစ်လဲကွာ"

လူကညစ်နေသဖြင့် ကောင်းခန့်လေးကိုလည်း စိတ်မရှည်တားလည်း ကောင်းကောင်းမဖြောချင်၍ တမင်ပင်ဘုကန့်လန့် ပြောလိုက်သည်။

"တားတား တူနဲ့ ခဏတွားချော့ချင်တယ်နော်"

"ကျွတ်. . ဟာကွာ မင်းဟာမင်း ဆော့ချင်ဆော့ မဆော့ချင်နေ၊ လူကညစ်နေရတဲ့ကြားထဲ မင်းကတစ်မျိုး"

"ဦးဦးကလည်း ဒေါတကြီးပဲ. . ညစ်နေရင် လျှော်လိုက်ပေါ့ကွာ လွယ်လွယ်လေးကို၊ ဦးဦးနားမှာ တစ်ချိန်လုံး ထိုင်နေရတာ တားတား ဘယ်လောက်နားငြီးလဲတီလား"

ငိုပြီးရင်း ငိုချင်နေသော သွင်ထူးမောင် ဝမ်းနည်းခြင်းတွေကြားထဲမှ ဒေါသက ပြွတ်ခနဲ ထွက်လာပြန်သည်။

"ငါသေတာ ငါမငိုလို့ ဘယ်သူငိုမလဲကွ"

"ဟိုမှာလေ ဦးဦးမိဘတွေ ငိုနေတာပဲ. . ဦးဦး ငိုစရာမှ မလိုတာ၊ ငိုချင်ရင် တိုးတိုးငို အကျယ်ကြီးအငိုနဲ့ တားတား နားငြီးတယ်"

ပြောကာမှ ထပ်၍ငိုချင်သွားပြန်ကာ. . .

"ဘာ. . ဘာပြောတယ်၊ ငိုတာတောင် မင်းခွင့်ပြုချက်ရမှ ငိုရမှာလားကွ. . ဟမ်. . သောက်ကလေး၊ ဒင်းကများ ငါ့ကို ဆရာကြီးလာလုပ်နေတယ်၊ သွား. . ငါ့နားမှာလာမနေနဲ့ မင်းဟာမင်း အလေလိုက်ချင်တဲ့သူနဲ့ သွားလိုက်. . ."

ညစ်လုံးလုံးနေ၍ ကောင်းခန့်လေးပေါ်မှာလည်း အကောင်းမမြင်နိုင်တော့ပါ။ ခုချိန်မှာ သောကတွေပွေနေကြသော. . အဖေနှင့်အမေကို ကြည့်ကြည့်ပြီး ပွေနေရသည့် သောကထုသည်က. . နည်းမှ မနည်းပဲ။ ဒီတော့ ကောင်းခန့်လေးကို ဒေါသအလျောက် ပါးစပ်ထဲရှိရာ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတို့ဖြင့် ဘုတောလိုက်သည်။

ကောင်းခန့် မျက်နှာငယ်လေးဖြင့် အနားမှထွက်သွားသည်။

သူထွက်သွားသောနေရာ၌. . ခုတင်ထက်မှ ဖြူဖြူဖွေးဖွေး ကော်ပတ်ရုတ်လေးနှင့်တူသော. . သူနှင့်ရွယ်တူ ကောင်မလေးတစ်ယောက်ဆီသို့ ဖြစ်သည်။

"ရှင်က. . ကလေးကို တော်တော်အနိုင်ကျင့်တာပဲ"

နံရံဘေးမှ ပေါ်လာသောအသံကြောင့်. . စိတ်ပျက်လက်ပျက် ထိုင်နေသော သွင်ထူးမောင် လှည့်ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ ငါ ညစ်နေတာနော်၊ ဆရာကြီး လာမလုပ်နဲ့. . "

ကိုယ်နှင့်မဆိုင်ပဲ ဝင်ပြောသော ထိုမိန်းကလေးကိုလည်း ရန်စကားပြောလိုက်သည်။

"ဆရာလုပ်တာ မဟုတ်ဘူး နားငြီးတာ၊ သူများနေရာမှာလာပြီး ယောက်ျားကြီးတန်မဲ့ အော်ကြီးဟစ်ကျယ် ငိုနေရတယ်လို့ မရှက်ဘူးလား. . "

မိန်းကလေး စကားကြောင့်. . ငိုလက်စမျက်ရည်ကို သုတ်ပြီး အင့်ခနဲ တစ်ချက်ရှိုက်ကာ. . .

"ဒီဆေးရုံက လူတွေအားလုံး ငါ့ကိုမမြင်ကြဘူး၊ ဒီတော့ ငါငိုတာကိုလည်း ဘယ်ကြားနိုင်တော့မှာလဲကွ. . "

"ကျွန်မ ကြားတယ်လေ"

"အမ်. . ဘယ်လို. . ကျွန်မ. . အဲ. . မင်းကြားတယ် ဟုတ်လား. . ၊ ဟား. . ဒါဆိုရင် ငါ့ကို အကူအညီတစ်ခုလောက်ပေးပါကွာ"

ရုပ်ပြောင်းရုပ်လွဲ တကယ်ကောင်းသော သူတစ်ယောက်လို ဝမ်းနည်းနေသောမျက်နှာမှာ ချက်ချင်းပြုံးရွှင်သွားကာ သူမကိုအကူအညီတောင်းဖို့ မျက်နှာချိုသွေးလိုက်သည်။

"ပြော. . ဘာကူညီရမလဲ၊ အဲ. . ကူညီခရော ဘယ်လောက်ပေးမှာလဲ၊ လောကကြီးရဲ့ အပြင်ဘက်ရော အတွင်းဘက်ရောမှာ အလကားရတဲ့နေရာ တစ်နေရာမှ မရှိဘူးဆိုတာ သဘောပေါက်တယ်နော်"

အပေးအယူဆန်သော စကားကြောင့် မျက်လုံးအပြူးသားနှင့် ခပ်ကြောင်ကြောင် ကြည့်ကာ. . .

"ခုချိန်မှာ ငါ့ကိုယ်ငါတောင် ဘယ်ဘဝရောက်လို့ ရောက်နေမှန်းမသိတဲ့ဟာ. . ငါက မင်းကို ဝန်ဆောင်ခ ဘယ်လိုပေးရမလဲ၊ အဲတစ်ခုတော့ရှိတယ် ငါပြောခိုင်းတာကို ငါ့အမေကိုသွားပြောပေးမလား၊ ပြီးရင်. . ငါ့နာမည်တပ်ပြီး ဝန်ဆောင်ခ တောင်းလာလိုက် ဖြစ်တယ်မဟုတ်လား"

"မဖြစ်ဘူး"

"ဟမ်. . ဘာလို့မဖြစ်ရမှာလဲ"

"ရှင် ပြောခိုင်းသလို. . ကျွန်မ သွားပြောပေးလို့ မရဘူး"

"ဟာ. . မင်းကလည်း၊ ဘာလို့သွားပြောပေးလို့ မရ,ရမှာလဲကွာ"

စိတ်ပျက်လက်ပျက်ဖြင့် ဓာဒက ပြန်တက်ကြည့်လိုက်သည်။

"ကျွန်မကို သူတို့ မြင်ရမှာမှ မဟုတ်တာ"

"ဟင်. . ဒါဆို မင်းက သရဲပေါ့"

"အို. . ဘာ သရဲလဲ. . လူကို စော်စော်ကားကားနဲ့. . ၊ ကျွန်မ သရဲမဟုတ်ဘူး၊ ကြားဘုံတစ်ခုကို ခဏအလည်ရောက်နေတဲ့ ဝိညာဉ်လေးတစ်ခု"

"ဘယ်လို. . ကြားဘုံ ဟုတ်တဲ့လား"

"ဟုတ်တယ် အယူအစွဲတစ်ခုကြောင့် ဒီဘဝထဲကို မထင်မှတ်ပဲ





www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ရတာ"

"ဒါ. . ဒါဆို. . မင်းက သေပြီသားလူပေါ့"

"ဟုတ်တယ်. . ကျွန်မ သေသွားတာကြာပြီ"

ကြက်သီးတွေ ဖြန်းခနဲ ထချင်ပေမဲ့ မထတော့. . . ခုချိန်မှာ ကြောက်နေတော့ရော သူတို့က ဘာလုပ်နိုင်မှာမို့လဲ၊ ဘဝတူချင်းတွေမို့ အကူအညီမရလည်း လောလောဆယ် အခြေအနေမှာ စကားပြောဖော်တော့ ရနိုင်သည်ပဲ။

"အင်းလေ. . ငါ့အဖို့တော့ ထူးပြီးမအံ့သြတော့ပါဘူး၊ ငါလည်း မင်းနဲ့ ဘဝတူတွေပါပဲ၊ ငါ့ကိုယ်ငါ လူသေလား လူရှင်လားဆိုတာ ခွဲခြားလို့မရတဲ့ အခြေအနေတစ်ခုထဲမှာ ငါပိတ်မိနေတယ်. . ."

အင်အားမဲ့သော စကားအချို့ကို အားယူပြောရင်း အကြည့်တွေက လူသွားလမ်းစကြံဆီသို့ ဖျတ်ခနဲ ရောက်သွားသည်။

မျက်လုံးတွေ မီးပွင့်မတတ် ဝင်းဝင်းတောက်သွားကာ. . .

"ဟင်. . ခင်ဆည်းဆာ၊ ဒင်း. . ဒင်းက ဘာလာလုပ်တာလဲ"







# အခန်း(၁၉)

**ခင်**ဆည်းဆာ၏ ခြေလှမ်းတွေသည် ဆေးရုံဝင်းထဲရှိ ခွဲစိတ်ဆောင်ဘက်သို့ ဒရောသောပါး လှမ်းနေသည်။

ကိုယ့်ကြောင့် အသက်ဆုံးရှုံးလုလု ချစ်သူအတွက် သောကတွေ တပွေ့တပိုက်ဖြင့်. . ရင်မှာ တောမီးလောင်သလို တငွေ့ငွေ့ဖြင့် လောင်ကျွမ်းနေသည်။

လှုမြင်ကွင်းကြီးမှာ မငိုမိအောင် ထိန်းထားပေမယ့် မျက်ဝန်းမှ မျက်ရည်တို့က တအိအိ လိမ့်ဆင်းကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသွင်သာ တစ်ခုခုဖြစ်သွားလျှင် ခင်ဆည်းဆာအဖို့ သူ့ကိုယ်သူ ရာသက်ပန် ခွင့်လွှတ်တော့မည်မဟုတ်။

အန်တီမေခင်ဆီမှ ဖုန်းရရချင်း ကားမောင်း၍ အပြေးနှင်ခဲ့သော ခင်ဆည်းဆာမှာ စိတ်နှင့်လူနှင့်မကပ်။

"အန်တီခင် . . ကိုသွင် . . ကိုသွင့်အခြေအနေက ဘယ်လိုလဲဟင်၊ ဆည်းဆာ . . ကိုသွင့်ကို တွေ့ပါရစေ အန်တီခင်ရယ်၊ သူ . . . ဆည်းဆာကို အထင်လွဲပြီး ဒေါသအလျောက် ကားမောင်းထွက်သွားလို့ ခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရတာ . . ဆည်းဆာအပြစ်ပါ အန်တီခင်ရယ်"

ပြောလည်းပြော ငိုလည်းငိုဖြင့် ဒေါ်မေခင့် ပခုံးကိုမှီကာ . . တသိမ့်သိမ့် ရှိုက်ငိုနေသော ခင်ဆည်းဆာငိုတော့ ဒေါ်မေခင်လည်း အလိုလို ငိုချင်လာသည်။

"ခုချိန်မှာ သားကိုတွေ့လို့ မရသေးဘူး ဆည်းဆာ၊ သား ခွဲစိတ်ခန်း ဝင်နေတယ် . . အသက်ကတော့ ငွေ့ငွေ့ပဲ ကျန်တယ်လို့ ပြောတာပဲ၊ ဆရာဝန်တွေတော့ အစွမ်းကုန်ကြိုးစားနေကြတယ် . . အင့် . . အီးဟီး . . အမလေး . . အဖြစ်ဆိုးလိုက်တဲ့ သားလေးရယ်၊ ဒေါသကို ရှေ့ထားတော့ ခုလို ဒုက္ခတွေများကုန်ကြတာပေါ့"

ဇနီးဖြစ်သူနှင့် ချွေးမလောင်း တရှုံ့ရှုံ့ငိုနေပုံကို ကြည့်ပြီး ဖခင်ဖြစ်သူ စိတ်မသက်သာစွာဖြင့် ထိုင်ရာမှ ခပ်လေးလေး ထလိုက်သည်။

အနီးသို့ လျှောက်သွားကာ . . .

"ခုချိန်မှာ . . ငိုနေလို့ ပြဿနာအားလုံး ပြေလည်သွားမှာလားကွာ . . မငိုပါနဲ့တော့၊ သားအတွက် ရလဒ်ကောင်းတွေ ထွက်ဖို့ ငါတို့ ဝိုင်းပြီး ဆုတောင်းကြရအောင်"

ဒေါ်မေခင် တအင့်အင့်ရှိုက်ငိုနေရာမှ အငိုတိတ်သွားသည်။ ခင်ဆည်းဆာလည်း ပါးပေါ်မှ မျက်ရည်စတွေကို စလင်းဘက်အိတ်ထဲမှ





တစ်ရှူးထုတ်ကာ တို့သုတ်လိုက်သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်နေရသူက သွင်ထူးမောင်ပင် ဖြစ်သည်။

"တောက် . . ဒီမိန်းမ အရှက်မရှိတဲ့မျက်နှာနဲ့ ငါ့ရှေ့ပေါ်လာသေးတယ်ပေါ့ . . ဟုတ်လား . . ဟမ်"

"ရှင် ဘယ်သူ့ကိုပြောနေတာလဲ . . ကျွန်မကိုပြောတာတော့ မဟုတ်လောက်ပါဘူးနော် . ."

စကားအကောင်း ပြောနေရင်းမှ ရုတ်ခြည်းဆိုသလို တင်းမာခက်ထန်သွားသော သွင်ထူးမောင်ကို ဝိညာဉ်မလေး တအံ့တဩကြည့်ကာမေးသည်။

"မင်းကို မဟုတ်ပါဘူး၊ ဟိုမှာတွေ့လား . . . ငါ့အမေဘေးမှာ ဟန်ဆောင်ငိုနေတဲ့မိန်းမ . . အဲဒီမိန်းမကြောင့် ငါခုလို ဘဝမျိုးရောက်ရတာ"

လက်ညှိုးထိုးပြရာနေရာသို့ ဝိညာဉ်မလေး လှည့်ကြည့်သည်။ ထို့နောက် သွင်ထူးမောင် ဒေါသတစ်ကြီး လျှောက်သွားသည့်နောက်ကို လိုက်သွားသည်။

"တောက် . . မင်း . . မင်း . . ငါ့ကို ဒီဘဝရောက်အောင်လုပ်ပြီးမှ ငါ့ရှေ့ကို ဘာလို့ပေါ်လာရတာလဲ ခင်ဆည်းဆာ . . ဟမ် . . သွား သွား . . မင်းမျက်နှာကို ငါလုံးဝမကြည့်ချင်ဘူး . . ထွက်သွား၊ ငါသေသွားရင်တောင် မင်းကိုဘယ်တော့မှ မကျေဘူး"

အာခေါင်ခြစ် အော်ဟစ်ကြိမ်းမောင်းနေပေမယ့် ခင်ဆည်းဆာ ဘယ်လိုမှမကြားနိုင် . . .

"ရှင်အော်ဟစ်နေလည်း . . သူကြားနိုင်မှာမှ မဟုတ်တာ . ."

ဝိညာဉ်မလေး သူနှင့်မဆိုင်ပေမယ့် ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မသေချင်ဘူး ငါ့သူ့ကို ကလဲ့စားချေချင်သေးတယ်၊ မေမေ သူ့ကိုလုံးဝမယုံနဲ့. . သူ့ကြောင့်သား ဒီလိုဖြစ်ရတာ၊ ခွင့်မလွှတ်ဘူး. . လုံးဝခွင့်မလွှတ်ဘူး"

သွင်ထူးမောင်၏ ပေါက်ကွဲသံတွေကို. . . နားကွဲမတတ် နားထောင်နေရသူက ဝိညာဉ်မလေးပင်. . .။

သူ့ကို တိုးတိုက်ဖြတ်လျှောက်သွားကြသော ဆေးရုံဝင်းထဲရှိ ဆရာဝန်တွေ နာ့စ်တွေကတော့ သာသာယာယာပင်. . .

ခွဲစိတ်ခန်းရှေ့တွင် မျှော်လင့်ချက်တွေဖြင့် တိတ်ဆိတ်ငြိမ်သက်၍နေသည်။

လွှင့်ပစ်လို့ရလျှင် ခုချင်ချင်း လွှင့်ပစ်လိုက်ချင်သည့် နောင်တတွေကိုယ်စီနှင့်ပေါ့. . ။









# အခန်း(၂၀)

ခွဲစိတ်ခန်းတံခါး ပွင့်လာ၍ အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဒေါက်တာ. . ကျွန်မသားလေး အခြေအနေဘယ်လိုလဲ"

ခွဲစိတ်ဆရာဝန်၏အပြုံးသည် သိပ်တော့အားမရှိလှ၊ အလွန်ဖျော့တော့နေသည်။ မနည်းကို ကြိုးစားပန်းစား အသက်လုခဲ့ရသည့်ပုံဖြင့် ပင်ပန်းနွမ်းနယ်နေပုံလည်း ရှိသည်။

"ဦးခေါင်းခွဲ ခွဲစိတ်တဲ့အပိုင်းကတော့ အောင်မြင်ပါတယ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကျန်တဲ့ဒဏ်ရာဒဏ်ချက်တွေကတော့ စိတ်ချရတဲ့ အခြေအနေကို မပြသေးပါဘူး၊ အဆိုးဆုံးကတော့ ခုချိန်ထိ သတိပြန်မလည်လာသေးတာပါပဲ၊ ဒါကြောင့် . . ကျွန်တော်တို့ သူ့ကို အထူးကြပ်မတ်ဆောင်ကိုပို့ပြီး အသေအချာ စောင့်ကြည့်ရဦးမှာပါ၊ နှစ်ဆယ့်လေးနာရီအတွင်း သတိပြန်လည်လာရင်တော့ လူနာရဲ့အသက်က လောကကြီးထဲ ပြန်ခုန်ဝင်လာသလို . . အသက်ကောင်းကောင်း ဆက်ရှင်သွားမှာပါ၊ ခုချိန်မှာ သူ့ကံကြမ္မာပေါ်မှာ မူတည်ပါတယ်”

ဆရာဝန် စကားအဆုံး ဒေါ်မေခင့်ထံမှ အီခနဲငိုသံ ထပ်ထွက်လာပြန်သည်။ ဆရာဝန်လေး ဒေါ်မေခင့်ကို နှစ်သိမ့်အပြုံးယဲ့ယဲ့ဖြင့် ခေါင်းတစ်ချက် ညိမ့်ကာ ပြုံးပြရင်း . . .

“စိတ်ကိုလျှော့ထားပါ အန်တီ၊ ကိုသွင်ထူးမောင်က ကံကောင်းတဲ့လူတစ်ယောက် ဖြစ်မှာပါ၊ ကဲ . . လူနာကို အထူးကြပ်မတ်ဆောင်ပို့မှာမို့ ခွဲခန်းထဲကထွက်လာရင် ဝင်ကြည့်လို့ရပါတယ်”

“ဟုတ်ကဲ့ပါ ဒေါက်တာ . . ကျွန်တော့်သားကို ခုလိုဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

“ရပါတယ် . . ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး”

ခွဲစိတ်ဆရာဝန် ထွက်သွားပြီး သိပ်မကြာလိုက် . . ခွဲခန်းထဲမှ သွင်ထူးမောင်ကိုတင်ထားသော ခုတင်လှည်းထွက်လာသည်။

“သား”

“ကိုသွင်”

“အဟင့် . . အင့် . . . ဟင့် . . ဟင့် . . ”

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် အသိစိတ်မဲ့နေသော ခန္ဓာကိုယ်ကိုကြည့်ပြီး ဆည်းဆာ တသိမ့်သိမ့် ငိုရှိုက်သည်။





သွင်ထူးမောင်ပါ ခုတင်နားသို့ လျှောက်သွားသည်။ အနည်းငယ်ချောင်ကျသွားသော ခန္ဓာကိုယ်ကိုကြည့်ပြီး . . ငါ ဒီဘဝ လူပြန်ဖြစ်ခွင့်မှ ရပါတော့မလားဟူသော စိုးရိမ်စိတ်က ကမ္ဘာပျက်မတက်ပင်။

“မေမေ . . သား . . သား မသေချင်ဘူး၊ ဒီဘဝကြီးနဲ့ ဆက်ပြီးမရှင်သန်ချင်ဘူးဗျာ၊ အဲဒါ . . ဒီမိန်းမယုတ်ကြောင့် . . သူကြောင့် သားဒီလိုဖြစ်ရတာဗျ”

သွေးရူးသွေးတန်း အော်ဟစ်ငိုယိုနေသော သွင်ထူးမောင် သူ့ရုပ်ကလပ်ကို လှုပ်ယမ်းကာ ခန္ဓာကိုယ်ထဲ ပြန်ဝင်လို့ ဝင်ရငြား ကြိုးစားကြည့်သည်။

“ရှင်အဲလိုလုပ်နေလို့ ဘာမှဖြစ်မလာဘူး၊ အချိန်မကျသေးရင်ဘယ်လိုဆန္ဒတွေပဲရှိရှိ အကောင်အထည်ဖော်ခွင့် မရနိုင်ဘူး၊ ရှင့်ကို . . ကံကြမ္မာက အဆုံးအဖြတ်ပေးပါလိမ့်မယ်”

ဝိညာဉ်မလေး သွင်ထူးမောင်အား နှစ်သိမ့်မှုပေးသည်။

ခုချိန်မှာ ထိုနှစ်သိမ့်မှုတွေသည် သွင်ထူးမောင်အတွက် ဘယ်လိုအသုံးဝင်နိုင်မှာလဲ . . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"ကိုသွင်ရယ်. . ဆည်းဆာကြောင့် ကိုသွင် ခုလိုဖြစ်ရတဲ့အတွက်. . ဆည်းဆာ ဘယ်လိုဖြေရမလဲ၊ ဆည်းဆာ တောင်းပန်ပါတယ်"

အသိစိတ်ကင်းမဲ့နေသော သွင်ထူးမောင်၏ ရင်ခွင်တွင် ခေါင်းတိုးဝင်ကာ တသိမ့်သိမ့်ရှိုက်ငိုပြီး. . တတွတ်တွတ် တောင်းပန်နေသော ဆည်းဆာကို နာကျင်စွာ ကြည့်လိုက်သည်။

"ခွင့်မလွှတ်ဘူး စိတ်ချ၊ မင်းသေလောက်အောင် တောင်းပန်လဲ ငါခွင့်မလွှတ်ဘူးကွ"





ဒေါသတွေက ကျားနာတစ်ကောင်လို မာန်ဖီနေကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍. . . ခင်ဆည်းဆာ၏ မျက်နှာအနားကို ကပ်ပြီး အော်ဟစ်လိုက်သည်။

နံရံတွင်မှီကာ ထိုင်နေသော ကောင်းခန့်လေးပင် ဆတ်ခနဲ တုန်တက်သွားကာ သွင်ထူးမောင် နားလျှောက်လာပြီး. . .

"ဟား. . ဦးဦး ဘယ်လိုဖြစ်လို့ အတံတေး အတံညောင်နဲ့ အော်နေရတာလဲ၊ ခုတင်ပေါ်မှာအိပ်နေတဲ့ ဦးဦး လန့်နိုးသွားဦးမယ်"

ကောင်းခန့်စိတ်ထဲ သတိလစ်နေသော သွင်ထူးမောင်ကို အိပ်နေသည်ဟုထင်ကာ လူကြီးဟန်ဖြင့် လှမ်းဟန့်သည်။

ဘုမသိဘမသိ ကလေးတစ်ယောက်ကို ရှင်းပြချင်စိတ် မရှိတော့၍ အာမှုပြန်၍ ရှင်းပြမနေတော့. . .။

မျက်ရည်လည်ရွဲဖြင့် တော်တော်လေးခံစားနေရသော ခင်ဆည်းဆာကို တစ်စစီဆွဲဆုတ်ပစ်ချင်နေမိသည်။

သူများကို မင်္ဂလာပွဲမှာ အရှက်ခွဲခဲ့ရုံတင် အားမရသေး. . ခွင့်လွှတ်ပါဆိုသည့် တောင်းဆိုမှုကိုပါ. . တတွတ်တွတ် ထိုင်ရွတ်နေသော ထိုမိန်းမ စိတ်မှကောင်းသေးရဲ့လား. . .။

"တကယ်တော့လေ အဲဒီနေ့က ကိုသွင့်ကို မယူချင်လို့ မင်္ဂလာပွဲကို မလာတာမဟုတ်ပါဘူး၊ အဟင့်. . ဟင့်. . ဆည်းဆာကိုလေ. . ဆည်းဆာကို ရော်နီကားတင်ပြေးသွားလို့ မင်္ဂလာပွဲအချိန်မှာ ရောက်မလာရတာပါ ကိုသွင်ရယ် "

ပြောလက်စ စကားကိုရပ်ကာ နှာခေါင်းဝတွင် ပြူတစ်ပြူထွက်စပြုနေသော နှပ်ရည်ကို တစ်ရှူးစဖြင့် ဗြိခနဲ ညှစ်ထုတ်လိုက်သည့် ခင်ဆည်းဆာကိုကြည့်ပြီး သွင်ထူးမောင် ကြက်သေသေသွားသည်။

"ဟင်. . ဒါ. . ဒါဆို"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားတစ်ခုက ဘွားခနဲပေါ်လာ၍. . အထင်လွဲမှုတွေ ငုံ့လျှိုးကုန်၏။

"ဂျော်နီလက်က လွတ်အောင်ရုန်းထွက်ခဲ့ပြီး မင်္ဂလာပွဲကို အရောက်လာတဲ့အချိန်မှာ ကိုသွင်ရော ညှော်ပရိတ်သတ်တွေပါ အားလုံး မရှိကြတော့ဘူး"

အသိစိတ်ကင်းမဲ့နေသော သွင်ထူးမောင် ရုပ်ခန္ဓာသည် ဆည်းဆာ၏ ဖြေရှင်းချက်ကို မည်သို့မျှ မတုံ့ပြန်နိုင်။

နာမ်သက်သက်သာရှိနေသော သွင်ထူးမောင်သည်လည်း. . ဆည်းဆာဘေးတွင် ဒေါသနှင့်အံ့ဩမှုကြား လူးလားခေါက်တုံ့ဖြစ်ကာ အထင်လွဲမှုတွေကို ရုပ်သိမ်းရင်း တော်တော်လေး တုန်လှုပ်သွားသည်။

ဂျော်နီက ဆည်းဆာကို ကားတင်ပြေးခဲ့သည်လား. .။

"ဒါဆို ဆည်းဆာကို. . သူဘာတွေ လွန်ကျူးလိုက်သလဲ. . ဘုရား. . ဘုရား. ."

နှမြောတသစိတ် ယူကျုံးမရစိတ်တွေက လောက၏ ကန့်လန့်ကာနောက်ကွယ်မှာ ဆွေ့ဆွေ့ခုန်သွားသည်။

ခုချိန်မှာ ကိုယ့်ပါးကိုယ်ချပြီး အပြစ်ပေးရုံကလွဲ၍ သွင်ထူးမောင် ဘာမှမတတ်နိုင်တော့။

"အဟင့်. . ဟင့်. . ယုံပါ ကိုသွင်ရယ်၊ ကျေးဇူးပြုပြီး ယုံပေးပါ"

ခင်ဆည်းဆာ သတိလစ်နေသော သွင်ထူးမောင်ကို ကြည့်ပြီး ပြောနေသည်။

"မင်း. . မင်းတကယ်ပြောနေတာလား ဆည်းဆာ၊ ဒါ. . ဒါဆို သူ. . မင်းကို ဘာလုပ်လိုက်သေးလဲ၊ ဘာကြောင့် ငါ့ဆီကိုဖုန်းမဆက်လဲ. .၊ အဲဒီအချိန်မှာ ငါ့စိတ်တွေ ဘယ်လောက်ရဲကျသလို တုန်လှုပ်ခဲ့ရသလဲ. . . မင်းသိရဲ့လား. . ဟမ်. ."








ဆည်းဆာ ကြားကြားမကြားကြား သွင်ထူးမောင်၏ ဝိညာဉ်ကတော့ ပြောမြဲတိုင်းပြော၏။

"ဆည်းဆာ ကိုသွင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ခဲ့ပါဘူး၊ ဂျော်နီရဲ့ယုတ်မာမှုကြောင့် ဆည်းဆာဘဝ မပျက်စီးအောင် မနည်းကိုယ်လွတ်ရုန်းနေရတဲ့အချိန်မှာ ကိုသွင် ဘယ်လောက်နာကျင်သွေးပျက်နေခဲ့ရသလဲဆိုတာ ဆည်းဆာသိပါတယ်"

"ဟာကွာ. . တောက်. . လူယုတ်မာ ဂျော်နီ"

ဒေါသနှင့်နာကျင်မှုတို့သည် တသိမ့်သိမ့် ရှိုက်ငိုပြီး ငိုပြောပြောနေသော ခင်ဆည်းဆာထံတွင် ရှိမနေတော့ဘဲ ဂျော်နီထံသို့ စုပြုံတိုး



www.burmeseclassic.com

www.burmeseclassic.com



သိပ်စွာ ရောက်ရှိသွားသည်။

"သတ်မယ်. . ဒီကောင့်ကို သတ်မယ်၊ ငါ့ဘဝကို ခုလိုအခြေအနေမျိုး ရောက်အောင်လုပ်တဲ့တရားခံက ဒီကောင်ဖြစ်နေမှတော့. . ဒီကောင့်ကို အလွတ်မပေးဘူး"

အထင်လွဲပြီး ထင်ရာစိုင်းခဲ့မိ၍ ချစ်သူနှင့် ယခုလို ကွေကွင်းခဲ့ရခြင်းသည် သွင်ထူးမောင်အတွက် အကြီးမားဆုံး ဆုံးရှုံးမှုကြီးတစ်ခုဖြစ်သည်။









# အခန်း(၂၂)

ဖုန်းမြည်လာ၍ သွင်ထူးမောင်၏မိတ်ပုံကို တမြေ့မြေ့ထိုင်ကြည့်ပြီး ငိုနေသော ခင်ဆည်းဆာ စားပွဲပေါ်မှဖုန်းကို လှမ်းယူ၍ ထူးလိုက်သည်။

"ဟဲလို"

"ဆည်းဆာ ကိုယ့်ဆီကို ဖုန်းခေါ်ထားတာတွေ့လို့"

တစ်ဖက်မှ ရော်နီအသံကြောင့် ဆွေးမြေ့နေရာမှ ဒေါသဘို့အသစ်တဖန် ထပ်ဖြစ်လာကာ. . .

"ရှင့်ဆီကို ကျွန်မက ဖုန်းခေါ်စရာ အကြောင်းမှမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းနံပါတ်နဲ့ ကိုယ့်ဖုန်းကို Miss called ခုနစ်ခါတောင် ပို့ထားတယ်လေ"

"ရှင်. . အပိုတွေမပြောနဲ့"

"အဟုတ်. . မပြောပါဘူး၊ မယုံရင် မင်းဖုန်းကို ပြန်စစ်ကြည့်လိုက်လေ"

တစ်ဖက်မှ ဂျော်နီ၏ မခိုးမခန့်ရယ်သံကြောင့် ဖုန်းကိုဆတ်ခနဲပိတ်ကာ သူ့ဆီဖုန်းခေါ်ထားမထား ပြန်ကြည့်လိုက်သည်။

"ဟင်. . ဟုတ်ပါရဲ့၊ ဒါ ဘယ်လိုဖြစ်တာလဲ ငါလည်းမခေါ်ပါဘူး"

ကိုယ့်ဖုန်းကို ဘယ်သူမှ ကိုင်စရာအကြောင်းမရှိပါပဲနှင့် သူ့ဆီ Miss called ဝင်နေတာ အံ့သြဖို့ကောင်းသည်။

"တောက်. ."

စိတ်ထဲမှာ ခံပြင်းလွန်း၍ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ ဖုန်းကို မွေ့ရာပေါ် ပစ်တင်လိုက်သည်။ ရုတ်တရက် နားသယ်စပ်မှ ဆံစအချို့မှာ တစ်စုံတစ်ယောက်က လေမှုတ်လိုက်သလို လွင့်ခနဲ ဖြစ်သွားသည်။

"ဟင်"

ရုတ်တရက် အံ့သြသွား၍ နားထင်ကိုလက်ဖြင့် စမ်းကာ မျက်လုံးအစုံ ကလယ်ကလယ် ဖြစ်သွားသည်။

သူ့ဘေးတွင် သွင်ထူးမောင်နှင့် ကောင်းခန့်လေး ရပ်နေတာကို ဆည်းဆာလုံးဝမတွေ့ရ။ ဖုန်းထပ်မြည်လာပြန်သည် ဆည်းဆာမကိုင်။

ဖုန်းက မကိုင်မချင်း အကြိမ်ကြိမ်ခေါ်နေသဖြင့် ဘယ်သူဆက်သလဲသိချင်၍ မွေ့ရာပေါ် ပစ်တင်လိုက်သောဖုန်းကို ကောက်ယူလိုက်ပြန်သည်။





"ဟင်. . အန်တီခင်ပါလား၊ ဟဲလို. . အန်တီခင်"

"ရှင်. . ဘယ်. . ဘယ်လို ကိုသွင်ဆုံးပြီ ဟုတ်လား၊ အဟင့်ဟင့်. . အမလေး. . အဖြစ်ဆိုးလှချည်လား ကိုသွင်ရယ်၊ အန်တီခင် ဆည်းဆာခုပဲ ဆေးရုံကို လာခဲ့ပါမယ်"

ဖုန်းပိတ်ပြီးတာနှင့် ကားသော့နှင့်ဖုန်းယူကာ. . ခင်ဆည်းဆာ အိမ်ပေါ်ထပ်မှ ဝရုန်းသုန်းကား ပြေးဆင်းလာခဲ့လိုက်သည်။

သွင်ထူးမောင်လည်း ဆည်းဆာနောက်မှ ပြေးလိုက်လာကာ တံခါးဖွင့်စရာမလိုပဲ ကားထဲသို့ ဖွေ့ခနဲ တိုး၍ဝင်ထိုင်လိုက်သည်။ ကောင်းခန့်လည်း သွင်ထူးမောင်ဘေးမှာ ဝင်ထိုင်လိုက်သည်။

"အဟင့်. . ဟင့်. . ကိုသွင်. . ဆည်းဆာကိုပါ ခေါ်သွားလိုက်ပါတော့လား"

ကားမောင်းရင်း ငိုသံပါကြီးနှင့် ဗလုံးဗထွေး ပြောလာသည်။

"ဆည်းဆာ. . ဆည်းဆာရယ်၊ ကိုယ်ဆုံးပြီဆိုရင် ဆည်းဆာနဲ့ ပြန်ဆုံခွင့် မရှိတော့ဘူးပေါ့. . ဟုတ်လား၊ အောင်မလေး. . အဖြစ်ဆိုးလိုက်တဲ့ ငါ့ရဲ့ကံကြမ္မာ. . ငါမသေချင်သေးဘူး ငါ့ကိုလောကကြီးထဲက ဆွဲမထုတ်ကြပါနဲ့"

စိတ်နှင့်ကိုယ်နှင့် မကပ်ပဲ ကားမောင်းနေသော ခင်ဆည်းဆာ ဘေးတွင် သွင်ထူးမောင်သည်လည်း တစ်ကိုယ်တော် ကြေကွဲခန်းဖွင့်၍ နေသည်။ ခင်ဆည်းဆာရော သွင်ထူးမောင်ရော ဘာတွေဖြစ်ပြီး ဘာတွေအော်ဟစ် ပြောနေကြသည်ဆိုတာ ကောင်းခန့် အမိပ္ပါယ်မဖွင့်ဆိုတတ်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

“ကျွ...”

အရှိန်ဖြင့်မောင်းနေသော ဆည်းဆာ၏ကားမှာ ရှေ့မှပိတ်ရပ်လိုက်သောကားကြောင့် ဘရိတ်ကို အမြန်နင်းပြီး ရပ်လိုက်သည်။

“ဟင်..ဂျော်နီ လူယုတ်မာ”

သူ့ကြောင့် ခုလိုအဖြစ်ဆိုးမျိုးတွေနှင့် ကြုံသည်ဆိုသည့် စိတ်က ခုချိန်မှာ ဂျော်နီကို အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုလ် ပစ်လိုက်ချင်သည်။





“တောက်”

တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လျက် ကားပေါ်မှ ဆင်းလိုက်သည်။ ဆည်းဆာကားပေါ်မှဆင်းတော့ သွင်ထူးမောင်နှင့် ကောင်းခန့်ပါ ကားထဲမှထွက်လာကြသည်။

“ကိုယ့်ဆီကို ဖုန်းတွေခေါ်ထားပြီး..ဘာလို့ မခေါ်ဘူးလို့ ညာထားရတာလဲ ဆည်းဆာ”

ဂျော်နီပုံစံက ခနဲ့တဲ့တဲ့ အမူအရာနှင့်မို့ ဆည်းဆာ၏ ဒေါသတွေပို၍ အထွတ်အထိပ်ရောက်စေသည်။

“လူယုတ်မာ..ကဲဟာ”

“ဖြန်း..ဖြန်း..”

ထင်မှတ်မထားသော ရိုက်ချက်ကြောင့် ပါးနှစ်ဖက်လုံး ထူပူသွားသော ဂျော်နီ ဆည်းဆာကို တအံ့တသြကြည့်ပြီး...

“မင်း..ဘာဖြစ်လို့ ငါ့ကိုရိုက်ရတာလဲ”

“နင့်ကြောင့်..နင့်ကြောင့်..ကိုသွင်ဆုံးပြီတဲ့၊ အဟင့်..ဟင့် နင့်ကိုလုံးဝမကျေဘူး၊ ကိုသွင်လောကကြီးထဲက ပျောက်ကွယ်သွားသလို..နင်လည်း ပျောက်ကွယ်စေရမယ်”

လက်သီးငေါက်ငေါက်ထိုးကာ ကြိမ်းဝါးနေသော ဆည်းဆာ၏ ဒေါသအရှိန်ကို ဂျော်နီမမှုသည့်ဟန်ဖြင့် ဟတ်ခနဲရယ်ကာ...

“ကောင်းတာပေါ့..သိပ်ကောင်းတာပေါ့၊ မလောကကြီးထဲမှာ ဒီကောင့်ကို မရှိစေချင်တာ ကြာလှပြီ၊ ခုမှပဲ ငါ့ဆန္ဒတွေပြည့်ဝတော့တယ်”

တရားသောင်လွတ် ပြောလိုက်သော စကားကြောင့် သွင်ထူးမောင် ငြိမ်နေ၍မဖြစ်တော့ ဂျော်နီကြောင့် အသက်ဆုံးခဲ့ရသည့် နစ်နာမှုက တာနှင့်မှအစားထိုး၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါင်လိုက်ပြီး ရင်ထဲမှာ အမုန်းနှင့်နာကျင်ခြင်းတွေကို စုစည်းပြီး လက်သီးဆုပ်ထားရာသို့ အားကုန်ထည့်သွင်းလိုက်သည်။

"ခွပ်"

"အား"

ကျော်နို့မျက်နှာကို လူတစ်ယောက်ထိုးလိုက်သလို ခွပ်ခနဲ မြည်သွားသံ. . . ခန္ဓာကိုယ်နှင့်မျက်နှာမှာ အနည်းငယ် ယိုင်ဆင်းသွားသည်။

မျက်နှာချင်းဆိုင်တွင် ဒေါသနှင့်ရပ်နေသော ခင်ဆည်းဆာပင် မျက်လုံး ပြူးသွားသည်။

"ဟင်. . ရှင့်. . ရှင့်ကို ဘယ်သူထိုးလိုက်တာလဲ"

"ခွပ်"

"အား"

ခင်ဆည်းဆာ အမေးကိုမဖြေခင်မှာ လက်သီးက နောက်တစ်လုံးပစ်သွင်းလိုက်သည်။

ကျော်နီပုံစံက လူမရှိပဲ လေဖြင့်အထိုးခံနေရပေမယ့် အမှန်တကယ်ပင် နာကျင်နေရသည်။

ကောင်းခန့်လေး ခုန်ဆွခုန်ဆွနှင့် ပျော်နေပြီ. . .

"ဦးဦး. . ထိုး. . ထိုး. . ထပ်ထိုး၊ ဟား. . ဟား. . ဟား. . ခစ်ခစ်. . ခစ်. ."

"ဟမ်. . ထိုးရဦးမှာလား"

"အမ်း. . ထပ်ထိုး၊ အဲလူကြီးပုံစံ ရယ်ရတယ်. . နေဦး တားလဲဝိုင်းထိုးပေးမယ်"

သူပါဝင်ပြီး ဆွမ်းကြီးလောင်းလိုသဖြင့် သူလက်သီးဆုပ်သေးသေးလေးဖြင့် မမီ,မီသည့် နေရာထိုးမည်ဟု သဘောပိုက်ကာ ကျော်နီ၏





ပေါင်နှစ်လုံးကြားသို့ ထိုးလိုက်သည်။

"ကဲကွာ. . ကဲကွာ. ."

"အောင်မလေးဗျ. . အပေါ်ရော အောက်ရော. . ဆော်နေပြီ နေ့ခင်းကြောင်တောင်. . သရဲ. . သရဲဗျ၊ အောင်မလေး ကယ်ကြပါဦး"

"ဟော့ကောင်. . မပြေးနဲ့ မင်းကိုသေအောင်ထိုးမှာ"

ထွက်ပြေးဖို့ဟန်ပြင်နေသော ကျော်နီ့အင်္ကျီ လည်ကုပ်စကို လှမ်းဆွဲကာ တင်ပါးကို ခြေဖြင့် ခပ်ပြင်းပြင်း ကန်လိုက်သည်။

ကျော်နီ့ ခန္ဓာကိုယ်ကြီးမှာ ကားလမ်းဘေးမှာ ဟပ်ထိုးလဲကျသွားသည်။ တစ်ဖက်ရန်သူကို မမြင်ရပါပဲနှင့် အလူးအလဲခံနေရသော ကျော်နီ၏ ပုံပျက်ပန်းပျက် ဖြစ်နေသော မြင်ကွင်းကို ကြည့်ပြီး ခင်ဆည်းဆာပါ သွေးပျက်ထိတ်လန့်သွားကာ. . .

"အား. . အမလေး. . သရဲ. . သရဲ. ."

ကြောက်အားလန့်အားအော်ပြီး. . ကားပေါ်တက်ပြေးလေသည်။

"ဟော့. . နေဦး ဆည်းဆာ. ."

ကားကို တရကြမ်းမောင်းထွက်သွားသော. . ခင်ဆည်းဆာနောက်သို့ ကျော်နီ့ကို နှိပ်ကွပ်နေရင်းမှ အမီပြေးလိုက်သော်လည်း မမီတော့. . .။

"တာကွာ. . ဒီအသုဘကောင်ကို ဆုံးမရတာနဲ့ ဆေးရုံလိုက်သွားဖို့ မမီတော့ဘူး"

ကျော်နီမှာလည်း ကားပေါ်ကို မတ်တတ်ရပ်၍ပင် မတက်နိုင်ရှာတော့ပဲ လေးဖက်ထောက်ပြီး ပြေးတက်ရလေသည်။

သွင်ထူးမောင်ရော ကောင်းခန့်ရော နှိပ်စက်ခန်းကိုရပ်ကာ. .



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာနောက်လိုက်ဖို့ ကားကြုံစောင့်နေရင်းမှ. .

သူတို့နှစ်ယောက်ရှေ့သို့ ဒိုင်နာကားတစ်စီး ထိုးစိုက်လာပြ အမျိုးသမီးတစ်ယောက် တက်သွားသဖြင့် သူတို့ပါ ထိုကားပေါ်သို့ လိုက်တက်လိုက်သည်။

ကားပေါ်တွင် ထိုင်စရာနေရာ မရှိသဖြင့်. . နှစ်ယောက်သား မတ်တတ်ရပ် လိုက်ရသည်။

"ဦးဦး. . တား မတ်တတ်မရပ်ချင်ဘူး တားကိုချီ"

ခါးကို လွတ်ထွက်မတက် ဖက်ထားရင်းမှ. . ချီခိုင်းနေသော ကောင်းခန့်ကို ငုံ့ကြည့်လိုက်ပြီး. . .

"ဟာ. . ဟောကောင် လဒ်လေးရဲ့. . မင်းလည်းသရဲ ငါလည်း သရဲ. . ဘာလို့ချီရမှာလဲ မချီဘူး"

"အဟင့်. . ဟင့်. . ညောင်းပါတယ် ချီမှ၊ မေကြီးနဲ့တွေ့ရင် တိုင်ပြောမယ့်. . အီး. . မေကြီးရေ တားကို ဒီလူကြီး မချီဘူး၊ တား ညောင်းလာပြီ. ."

တအင့်အင့်ငိုကာ အမေကိုတနေသော ကောင်းခန့်လေးကို ကြည့်ပြီး ဒေါသမထွက်ရက်တော့ပဲ သနားသွားမိသည်။

ဒီလောက်တောင် ချီခိုင်းနေမှ အကြံတစ်ခု လှစ်ခနဲ ဝင်လာသည်။

"ကဲ. . လာ. . မငိုနဲ့တော့၊ ဒီကားပေါ်က လူတွေ မင်းငိုသံကို မကြားရပေမယ့် ငါကတော့ နားငြီးတယ်၊ လာ. . ငါ မချီနိုင်ပေမယ့် အဆင်ပြေအောင် လုပ်ပေးမယ်. ."

ကောင်းခန့်လေးကို ဆွဲ့ခနဲ ပွေ့ချီလိုက်ပြီး သွင်ထူးမောင် ရှေ့ထိုင်ခုံတွင် အသုဘယပ်တော်င် ကိုင်ပြီးထိုင်နေသော မိန်းမဝဝကြီး ၏ ပေါင်ပေါ်သို့ ဆွဲ့ခနဲ တင်ပေးလိုက်သည်။





"ကဲ. . အဲဒီမှာထိုင်. . ."

"ထိုင်လို့ကောင်းတယ်. . အိအိလေး. . ဟဲ. . ဟဲ. . ဟဲ"

ကောင်းခန့် အတော်သဘောကျသွားပုံရသည်။

မိန်းမဝဝကြီးပေါ် ထိုင်တာ ဆိုဖာခုံကြီးပေါ် ထိုင်ရသလို အိစက်နေသဖြင့် ခုန်ဆွခုန်ဆွဖြင့် သဘောတွေကျနေ၏။

ထိုမိန်းမကြီးကတော့ သူ့ပေါင်ပေါ်မှာ ဝိညာဉ်ပေါက်စလေး တက်ထိုင်ပြီး ခုန်ပေါက်နေတာ နည်းနည်းလေးမှ သိပုံမပေါ်. . .။

သိများ သိလျှင်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"**ဟင်**. . ဒါ. ဆေးရုံလည်း မဟုတ်ဘူး သချိုင်းကြီးပဲ. . "

ကားရပ်လိုက်သည်နှင့် ကားပေါ်မှလူများ အလျှိုအလျှိုဆင်းကာ အလောင်းတွေ ပြင်ဆင်ထားသော ခန်းမတွေဘက်ကို လျှောက်သွားကြသည်။

ရေဝေးသုသာန်ဝင်းအတွင်းများ လူများပြည့်ကျပ်နေကာ. . ပွဲတော်ကြီးလို စည်ကားနေ၏။ တစ်ချက်တစ်ချက် ကြေးစည်သံကြီးတဝေဝေက ကျယ်လောင်စွာ ထွက်ပေါ်လာသေးသည်။

အလောင်းတင် လှည်းဘီးတွန်းသံ တကျောင်းကျောင်းနှင့်အတူ





ဆွဲဆွဲငင်ငင် ငိုသံများ ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာသည်။

စပ်စုချင်သောစိတ်က ရင်ထဲမှာ တားမရတော့သည်မို့ တောင်ခံနဲ့လေးလက်ဆွဲကာ ခန်းမတွေဘက်သို့ လျှောက်လာလိုက်သည်။

"ဦးဦး. . ဒါပွဲဈေးလား"

"အေး. . လူသေတွေရှိတဲ့ ပွဲဈေးကွ"

ဒါဟာ သွင်ထူးမောင် အမှန်တကယ် ဝိညာဉ်ဖြစ်နေပြီဆိုသော သက်သေပြချက်တစ်ခုလည်း ဖြစ်နိုင်သည်မို့ ခပ်လှမ်းလှမ်းမှ အသုဘရှင်တွေ ငိုနေသလို သွင်ထူးမောင်လည်း ဟစ်ဟစ်ပြီးသာ ငိုလိုက်ချင်တော့ရဲ့. . .။

ထိုစဉ် အနောက်မှ ပခုံးလာပုတ်သော အထိအတွေ့ကြောင့် အနောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟင်. . နိုင်ကြီး. . "

"မင်း. . သွင်ထူးမောင် မဟုတ်လား၊ ဒီကို ဘာလာလုပ်တာလဲ ငါ မင်းကိုလှမ်းတွေ့လိုက်လို့. . "

"အေး. . ငါ ကားမှားစီးလာတာကွ၊ မင်းရော ဒီကိုဘာလာလုပ်တာလဲ. . "

"ငါ့မိန်းမနဲ့ ငါ့ယောက္ခမကွာ. . ငိုကြီးချက်မနဲ့ ဒီကိုရောက်လာကြလို့ ငါလည်း ဘာဖြစ်တာလဲသိရအောင် သူတို့နဲ့လိုက်လာတာ"

"ဩော်. . ဘယ်မှာလဲ မင်းမိန်းမ ငါမမြင်ဖူးဘူး မိတ်ဆက်ပေးဦးလေ၊ ဒါနဲ့ မင်းရောနေကောင်းရဲ့လား ပုံစံက ဖြူစုတ်စုတ် အရိုးပြိုင်းပြိုင်းကျနေတာပဲ"

အရေးထဲ ကိုယ်ဝိညာဉ်ဖြစ်တာတောင် အာဝဇ္ဇန်းက ရှင်ခနေသေးသည်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်အပြစ်တင် နေမိသေး၏။ သူများကို စိတ်ပူနေသည့်ကိုယ်က ခုလောလောဆယ် မသာဖြစ်နေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နေသိပ်မကောင်းဘူးကွ၊ နှလုံးရောဂါပေါ့ကွာ. . ငါတို့လည်း ကျောင်းပြီးကတည်းက ကွဲကွာသွားကြတာ ခုမှပဲပြန်တွေ့ရတော့တယ်၊ လာ. . ငါ့မိန်းမနဲ့ မိတ်ဆက်ပေးမယ်"

သွင်ထူးမောင် ပခုံးကိုဖက်ကာ လူအုပ်ကြီးထဲ ခေါ်လာသော နိုင်ကြီးနောက်သို့ ကောင်းခန့်လေးလက်ဆွဲကာ လိုက်လာခဲ့လိုက်သည်။

"ဟိုမှာလေ. . ငါ့မိန်းမနဲ့ ငါ့ယောက္ခမ ငါနဲ့ရုပ်ချင်းတူတဲ့လူရှေ့မှာ ငိုနေလိုက်ကြတာ ထွန့်ထွန့်ကိုလူးနေတာပဲ"

"ဟင်"

နိုင်ကြီးညွှန်ပြရာသို့ မျှော်ကြည့်ကာ သွင်ထူးမောင် မျက်လုံးပြူးသွားရ၏။

"နိုင်ကြီး. . အဲ. . အဲဒါ. . မင်းလေကွာ"

"ဟာ. . မင်းကလည်း၊ အဲ့ဒီလူက ငါဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ အဟတ်. . ငါက မင်းရှေ့မှာ ရပ်နေတာလေ"

"အဲ. . မ. . မဟုတ်သေးဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ ဟိုမှာလေ ငိုနေလိုက်ကြတာ လူမြင်လို့တောင် မကောင်းဘူး"

ထဘီမနိုင်ပဝါမနိုင်ဖြစ်ကာ. . အလောင်းစင်ပေါ်က ရုပ်ကလာပ်ကိုကြည့်ပြီး ပြောပြောငိုနေကြသည်။

"မောင်. . အမလေး သင်းကို ပစ်သွားပြီလား မောင်ရဲ့၊ မောင်မရှိရင် သင်းဘယ်လိုနေရမှာလဲ၊ သင်းကိုပါ ခေါ်သွားပါတော့လား. . အီး. . ဟီး. . ဟီး. ."

"အော့. . တွေ့လား. . တွေ့လား. . အဲဒီလူကိုလည်း မောင်လို့ခေါ်နေပြန်ပြီ. . တောက်"

နိုင်ကြီး မကျေမချမ်း ဖြစ်သွားသည်မို့ တက်တစ်ချက်ခေါက်





လိုက်သည်။ အံ့ဩစရာ. . နိုင်ကြီး သူသေသွားပြီဆိုတာ မသိသေးဘူးပဲ။

"နိုင်ကြီး. . မင်း. . မင်းသေသွားပြီကွ"

"ဘာ"

သွင်ထူးမောင် စကားကြောင့် နိုင်ကြီး ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။

"ဟုတ်တယ်. . မင်းသေသွားပြီ၊ မင်းလိုပဲ ငါလည်းသေသွားပြီကွ. ."

"ဟာ. . မင်းကလည်း မဟုတ်တာ"

"ဩော်. . ငါပြောတာ ယုံလိုက်စမ်းပါ၊ မင်းရောငါရော ဒီကလေးရော သေသွားကြလို့. . ငါတို့ကို လူတွေက မမြင်ကြတော့တာပေါ့၊ သေသူတွေအချင်းချင်းပဲ မြင်ကြရတော့တာ. . ဟိုမှာကြည့် မင်းနဲ့တူတဲ့လူမဟုတ်ဘူး၊ အဲ့ဒီအလောင်းစင်ပေါ်ကလူက မင်းမှမင်းအစစ်. . ဒါကြောင့်. . မင်းမိန်းမနဲ့ မင်းယောက္ခမ ငိုနေကြတာပေါ့ကွ"

"ဟင်. . . တကယ်လား"

ရုတ်ခြည်းဆိုသလို နိုင်ကြီးပုံစံမှာ သွက်လက်သွားသည်။ မျက်နှာပေါ်မှာ ဝမ်းနည်းကြေကွဲရိပ်တွေ လုံးဝမတွေ့ရ။

"ဟုတ်တယ်. . တကယ်ပဲ မင်းသေသွားပြီ. . ."

"အောင်မလေး. . ဝမ်းသာလိုက်တာ"

"ဘာ. . မင်းက ဝမ်းသာတယ်. . ဟုတ်လား"

"အေး. . ဝမ်းသာတယ်၊ ဒါမှ ငါ့မိန်းမနဲ့ ငါ့ယောက္ခမလက်က လွတ်မှာကွ၊ နို့မို့ဆို သူတို့ဆိုးသမျှ အနိုင်ကျင့်သမျှဒဏ်ကို ငါခံနေရတာ ငရဲကျသလိုပဲ၊ နွားလိုရုန်းပြီး. . ရှာသမျှပိုက်ဆံ မိန်းမနဲ့ယောက္ခမ အိုင်ခံပြီးနေတာ. . ငါသေရင် နွားလိုကျွန်းရုန်းပြီး ရှာစရာမလိုတော့ဘူး .



www.burmeseclassic.com

www.burmeseclassic.com



အဟေး . . ဟေး . . ဟေး . . ”

သူသေတာကို ဝမ်းသာအားရဖြစ်နေသော နိုင်ကြီးကိုကြည့်ပြီး သွင်ထူးမောင်ပါ လိုက်ပြီးဝမ်းသာပေးရမလိုလို ဖြစ်သွားသည်။

သို့သော် ကိုယ့်အတွက်တော့ ဝမ်းသာ၍ မဖြစ်သေး၊ အမှန်ဆို သွင်ထူးမောင် လုံးဝမသေချင်သေးပါ၊ ရခဲ့လှသည့် လူ့ဘဝမှာ ချစ်သော သူနှင့် အချစ်တွေကို ပျော်ပျော်ရွှင်ရွှင်မျှဝေခံစားပြီး ပျော်ပျော်ကြီးနေ ချင်ပါသေးသည်။

အထင်လွဲခဲ့သမျှတွေကို အမှန်တရားအဖြစ် သိလိုက်ရ၍ တစ် ချိန်က သေချင်ခဲ့သည်ဟု တစာစာအော်မိသည့် ကိုယ့်ပါးစပ် . . အင် တေနှင့် အသေပြန်ပိတ်လိုက်ချင်ပါသည်။

“သေချာပါတယ်၊ မယားစကားနဲ့ ယောက္ခမစကား နားထောင် ပြီး နွားလိုကုန်းရုန်းရှာဖွေတဲ့ ယောကျ်ားတွေက မကောင်းမှုကို သိပ်မ လုပ်ရဲတော့ . . မင်း ကောင်းတဲ့နေရာကိုရောက်မှာပါ၊ ငါကြားဖူးတယ် မယားစကား နားထောင်ပြားက တမလွန်သွား အကောင်းစားလေးဖြစ် မှာ သေချာတယ်တဲ့၊ ကဲ . . ငါလစ်ပြီ၊ ကားကြုံရှိတုန်း ဆေးရုံပြန်သွားရ ဦးမယ် . . ငါ့ရုပ်ကလာပ်က ဆေးရုံမှာကွ . . . ”

“ဟေ . . ဟုတ်လား၊ အေး . . ကောင်းပြီ သူငယ်ချင်း . . မင်း ပြောသလို မိန်းမကြောက်ရတဲ့ငါ့အဖို့ အရက်တောင် ဖြောင့်ဖြောင့်မ သောက်ခဲ့ဖူးလို့ အကောင်းစားသရဲ ဖြစ်မှာပါကွာ . . ဟား . . ဟား . . ဟား . . ဟား . . ”

နိုင်ကြီး၏ရယ်သံကို ကျောခိုင်းပြီး သချိုင်းကုန်းဝသို့ လျှောက် လာခဲ့လိုက်သည်။

ထိုစဉ် ခပ်ချောချော ခပ်ဖြောင့်ဖြောင့် အမျိုးသမီးကြီးတစ် ယောက် သွင်ထူးမောင်ရှေ့မှာ ပိတ်ရပ်သည်။





“နင်က . . ဒီကို ဘာလာလုပ်တာလဲ၊ နင်ဒီကိုလာချိန်မှ မတန် သေးတာ”

“ဗျာ”

“မဗျာနဲ့ . . လာချိန်မတန်တဲ့ သူကို ငါ့သချိုင်းက လက်မခံဘူး၊ ဒီမှာတောင် နေရာပေးစရာမရှိလို့ ငါ့မှာ အခက်တွေ့နေရတဲ့ကြားထဲ . . နင်က ဖယားလာရှုပ်နေသေးတယ် . . သွား . . သွား . . ”

ဩဇာသံအပြည့်ဖြင့် ဆရာကြီးဟန်နှင့်ပြောနေသော ထိုအမျိုး သမီးကို မျက်ခုံးနှစ်ဖက်မြှင့်ပြီး ကြည့်လိုက်သည်။

“ခင်ဗျားက ဘယ်သူမို့ . . ကျုပ်ကိုဆရာကြီး လာလုပ်နေရတာ လဲ”

“အောင်မယ် နင်ကများ ငါ့ကို ဒီလိုပြန်ပြောရဲတယ် ဟုတ်လား၊ ခလေးအသားခါးသည် ခွေးအသားချိုသည်လို့ အိမ်တွေမှာအရေးခံရ လောက်အောင် လူတွေငါ့ကို ကြောက်ကြတယ်၊ မင်းက . . . ငါ့ကို မကြောက်ဘူးပေါ့”

“ဘာလို့ကြောက်ရမှာလဲ . . အယ် . . နေပါဦး၊ ကျုပ် . . ကျုပ် ကြားဖူးတယ် . . ဟား . . ဒါ . . ဒါဆို . . ခင် . . ခင်ဗျား . . မဖဲဝါပေါ့ ဟုတ်လား . . ”

စိတ်ထဲကြားဖူးနားဝရှိသောနာမည်ကို ရွတ်ပြပြီး မဝံ့မရဲ မေး လိုက်သည်။

“ဟုတ်တယ်”

“ဗျာ”

ဒီတစ်ခါ သွင်ထူးမောင် မမေးရဲတော့။ သူသာန်စောင့် မဖဲဝါ ဆိုတာ တကယ့်ဆရာကြီး၊ သူ့ကိုဂရုမစိုက်ဘဲ သွားလုပ်၍မဖြစ်။

“အဲ . . ဆော . . ဆောရီးနော်၊ မ . . မသိလို့ . . အဟဲ မမင်း



www.burmeseclassic.com

www.burmeseclassic.com



မလိမ့်မာလေးမို့ ပွေမယူပါနဲ့နော်၊ စိတ်မဆိုးတတ်ဘူးဆိုရင် မဖဲဝါ စိတ်ကောင်းရှိတဲ့အကြောင်း ဖေ့စ်ဘုတ်ပေါ် တင်ရေးပေးမယ်"

"ဘာ. . အဖေ့ဘုတ် ဟုတ်လား၊ ငါကြားဖူးတာတော့ အမေ့ဘုတ်ပဲ ကြားဖူးတာ၊ နင်နော်. . ငါ့ကို ပေါက်ကရတွေ လာမပြောနဲ့"

"အာ. . ဘယ်ကလာ၊ အခု. . အင်တာနက်မှာ ဖေ့စ်ဘုတ်ကို တော်တော်အသုံးများတာ၊ အမေ့ဘုတ် မရှိဘူး. . ဖေ့စ်ဘုတ်ပဲ ရှိတယ်"

"ဟုတ်လား. . အေး ဒါဆို ငါဘယ်လောက်သဘောကောင်းကြောင်း လူတွေသိအောင်. . နင်ပြောတဲ့ဖေ့ဘုတ်ပေါ်မှာ ငါ့အကြောင်းတွေရေးပေးစမ်း"

"ဟုတ်. . ဟုတ်ကဲ့ ရေးပေးမယ်စိတ်ချ၊ ဒါ. . ဒါဆို သွားခွင့်ပြုပါဦးနော်"

"သွား. . မြန်မြန်သွား၊ အဖေ့ဘုတ် အကြောင်းပြောနေတာနဲ့ နင်တကယ်ကိစ္စ ချောသွားလိမ့်မယ်၊ ဟိုရောက်ရင် မျှောနေတဲ့နင့်ကိုယ်ထဲဝင်ပြီး လှဲအိပ်လိုက်. . ကြားလား. ."

"ဗျာ. . ဟုတ်. . ဟုတ်ကဲ့. . ကျေးဇူးပါ"

မဖဲဝါ သဘောကောင်းတုန်း သွင်ထူးမောင် ကောင်းခန့်လေးလက်ကိုဆွဲပြီး လှစ်ခနဲပြေးထွက်ကာ ကြုံရာကားပေါ်သို့ ခွေ့ခနဲခုန်တက်လိုက်သည်။

ကားပေါ်တွင် အရိုးပေါ်အရေဖုံးနေသည့် ဝိညာဉ်အဘိုးအိုတစ်ဦး ခပ်ငူငူကြီးထိုင်ပြီး လိုက်ပါလာသည်။

ဩော်. . . ဒီအဘိုး လောကီကို စိတ်မကုန်သေးဘူးထင်ပ့ါ။





# အခန်း(၂၅)

ဒေါက်တာအောင်မြတ်သာ အသက်ပျောက်ပြီဟု. . မှတ်ချက်ပေးထားသော သွင်ထူးမောင်၏ ရုပ်ကလာပ်ကို အသေအချာပြန်၍ စစ်ဆေး၏။

သေပြီဟု အကြမ်းဖျင်းမှတ်ချက်ချသွားကြပေမယ့်. . အသားရောင်သည် သွေးလျှောက်နေသူလို ရဲစိုနေသည်။ လူသေကောင်လို ဖြူဖျော့မနေ၊ နှုတ်ခမ်းလေးနာရီ ကျော်သွားခဲ့ပေမယ့် ဝါမလာ၊ မျက်နှာမှာလည်း လူသေကောင်လို ပိန်ချုံးမသွား၊ အနံ့အသက်တို့လည်း ထွက်





www.burmeseclassic.com

www.burmeseclassic.com



မလာ၊ အသားမှာ နွေးနေဆဲ ဖြစ်သည်။

“ဒေါက်တာ. . ဒီ body ကြီးကို ရေခဲတိုက် ဘာလို့မပို့သေးတာလဲ”

အလုပ်သင် ဆရာဝန်မလေးအမေးကို ဒေါက်တာအောင်မြတ်သာ လက်ကာပြသည်။

“ ကိုယ့်စိတ်ထဲ သွင်ထူးမောင်ရဲ့အလောင်းကိုကြည့်ပြီး ထူးဆန်းနေလို့ပါ၊ နှလုံးသွေးရပ်ပြီး သွေးခုန်နှုန်းလည်း ငြိမ်းပြနေတယ်၊ ဒါပေမဲ့ ဦးနှောက်ကတော့ ရပ်သေးပုံမပေါ်သေးဘူး. . ”

“ဒါဆိုရင်. . ဘယ်လိုမှတ်ချက်ပေးမလဲ ဒေါက်တာ”

အလုပ်သင်ဆရာဝန်မလေး၏ အမေးကို ဒေါက်တာအောင်မြတ်သာ ချက်ချင်းမဖြေပဲ ခပ်တွေတွေစဉ်းစားကာ ခေါင်းခပ်လေးလေးညိတ်ရင်း. . .

“COMA ဝင်နေတယ်လို့ မှတ်ချက်ချရမလားပဲ၊ နှလုံးရပ်ပေမယ့် ဦးနှောက်က အလုပ်လုပ်နေတာ အသက်မသေသေးဘူးဆိုတဲ့ လက္ခဏာတစ်ရပ်အဖြစ် မှတ်ချက်ချလို့ ရနိုင်ပါတယ်”

“ဒါဆိုရင် TRY လုပ်ကြည့်ရင်ရော”

“အင်း. . ဒီလိုပဲ ကြိုးစားကြည့်ရမှာပေါ့၊ လူတစ်ယောက်အသက်ဟာ မသေသင့်တာ အကောင်းဆုံးပါ၊ ဒါပေမဲ့ သူ့အင်ဂျူရီ (INJURY )က ဆီးရီးယပ်(စ်)( serious )ဖြစ်နေတော့ တော်တော်လေးစဉ်းစားရခက်နေတဲ့အတွက် တကယ်မလွယ်တဲ့ကိစ္စပဲ၊ ဒီလူ တော်တော်ထူးဆန်းတဲ့လူပဲ. . ဒါဟာ တစ်ရာမှာတစ်ယောက် ဖြစ်ခဲ့တဲ့ကေ့စ်ပဲ”

ဆေးပညာ အယူအဆကတော့ နှလုံးသေပြီး ဦးနှောက်မသေလျှင် ထိုလူသည် ရှင်နိုင်ဖွယ်ရှာရှိ၏။

ဦးနှောက်က စက်ပိုင်းဆိုင်ရာလို သူ့ဘာသာသူ အတိအကျ





လုပ်၍ နှလုံးနှင့်ဆက်သွယ်မိလျှင် သွေးကြောများပွင့်ကာ ကံကောင်းလျှင် နှလုံးပြန်ခုန်လာနိုင်သည်။

ထိုသို့ဖြစ်လာလျှင် သွင်ထူးမောင် အသက်ပြန်ရှင်လာနိုင်သည်။

လူတစ်ယောက်မြောသွားခြင်းသည် နှလုံးသေသော်လည်း ဦးနှောက်ပိုင်းဆိုင်ရာတွေက မသေခြင်းဖြစ်သည်။

ထိုအဖြေကိုရဖို့ ဒေါက်တာအောင်မြတ်သာ နောက်ထပ်(၂၄) နာရီ ထပ်စောင့်ကြည့်ရဦးမည်။

ခုချိန်ဆိုလျှင် သွင်ထူးမောင်၏ မိဘဆွေမျိုးများနှင့် ခင်ဆည်းဆာဆိုသော သူချစ်သူ ဘယ်လောက်သောကတွေ ဝေနေကြလိမ့်မလဲ၊ နာရေးအိမ်အဖြစ် သူတို့သားအတွက် ခုနစ်ရက်ခုနစ်လီ အချိန်တွေပေးကာ အပူရုပ်တွေနှင့်လူတွေကို ဟန်လုပ်စကား ပြောရပေဦးမည်။



www.burmeseclassic.com



# အခန်း(၂၆)

"ဦးဦး.. ဘာလို့ပြေးနေရတာလဲကွာ၊ တား.. မောတယ်ကွ"

"မောရင်.. နောက်မှမောစမ်းပါကွာ၊ ငါ့အတွက် အချိန်တွေက အရမ်းအရေးကြီးနေလို့ကွ"

"ဒါဆို.. ကုန်းပိုး"

အရေးထဲ ဂျစ်တိုက်နေသော ကောင်းခန့်လေးကို ငုံ့ကြည့်ပြီး..

"မင်းကတော့ တကယ့်အခွင့်အရေးသမားပဲ အရေးကြုံရင်..





သူများကျောပေါ် ခွတက်ဖို့ပဲ ချောင်းနေတဲ့ကောင်"

ပါးစပ်ကသာပြောတာ.. တကယ်တမ်းတော့ သွင်ထူးမောင်ကိုယ်တိုင်က မနေနိုင်၊ ကောင်းခန့်လေးကို ကျောပိုးလိုက်သည်၊

"ဟော့... ရှင်ပြန်လာပြီလား"

ဝိညာဉ်မလေး အနားရောက်လာသည်။

"အင်း.. ငါ့ခန္ဓာကိုယ်ထဲ ငါပြန်ဝင်ရမှာမို့.. မင်းနဲ့ နောက်မှ စကားပြောတော့မယ် သိလား"

"အို.. နေပါဦး ရှင့်ကိုမှာစရာ ရှိလို့ပါ"

"ဘာမှာမှာလဲ မြန်မြန်မှာ၊ ငါ့ အချိန်တွေ အရမ်းအရေးကြီးနေတယ်"

"အင်းပါ သိပါတယ်၊ ရှင်သာ တကယ်လို့ လူပြန်ဖြစ်ခဲ့မယ်ဆိုရင်.. ကျွန်မ ချစ်သူကိုပြောပေးပါ၊ ကျွန်မ သူ့ကို တမလွန်ရောက်နေလည်း ချစ်နေဆဲပဲလို့"

"ငါမှ မင်းချစ်သူကို မမြင်ဖူးတာ"

"သိတယ်လေ ရှင်ကိုပြမှာပေါ့"

ဂါဝန်အဖြူ အိတ်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ယူပြီး သွင်ထူးမောင်ကို ထိုးပေးသည်မို့.. သွင်ထူးမောင် အချိန်ဆွဲမနေပဲ ခပ်မြန်မြန် လှမ်းယူလိုက်သည်။

"အိုခေ ကောင်းပြီ၊ ငါရှာပြီ.. ကျိန်းသေပြောပေးမယ် မင်းဒီဘဝကနေလွတ်အောင် ငါအစွမ်းကုန် ကူညီမယ်"

"တကယ်နော်"

"တကယ်မကဘူး"

"ဒါဆို နောင်ဘဝမှာ ရှင့်ကျေးဇူးကို ဆပ်မယ်"

"အေး.. ဒါဆိုပြီးပြီမို့လား ငါ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဘိုင့်ဘိုင်၊ ဪ. . ကျွန်မနာမည်လည်း မှတ်ထားဦးနော်. . မေသစ္စာတဲ့၊ ကျွန်မချစ်သူက စမ်းချောင်းမှာနေတယ်"

ခေါင်းတစ်ချက် ဆတ်ပြပြီး အထူးကြွမ်မတ်ဆောင်ရှိရာဘက်သို့ ကောင်းခန့်လေးကိုချီပြီး ဒုန်းစိုင်း၍ ပြေးတော့၏။

အခန်းထဲရောက်သည်နှင့် ခုတင်ပေါ် ကမန်းကတန်း ခုန်တက်ကာ ကောင်းခန့်လေးကို ကျောပိုးလျက်သားနှင့်. . ရုပ်ခြည်းသက်သက် ခန္ဓာကိုယ်ထဲဝင်ပြီး လှဲချလိုက်တော့သည်။





# အခန်း(၂၇)

"ဟဲလို ခင်ဆည်းဆာပါ"

"ဆေးရုံကို ချက်ချင်းလာခဲ့ပါ၊ သွင်ထူးမောင် နှလုံးတွေပြန်ခုန်လာပြီး. . သတိရလာလို့"

"ရှင်. . ဒါ. . ဒါနဲ့ ဆုံးပြီဆို"

"အဲဒီလို မှတ်ချက်ချလိုက်ရပေမယ့် လူနာရဲ့ သွင်ပြင်လက္ခဏာက လူသေတစ်ယောက်ရဲ့ လက္ခဏာရပ်မျိုးတွေ မတွေ့ရလို့. . ရေခဲတိုက်မပို့ရသေးပါဘူး၊ အခု သူ့နှလုံးခုန်နှုန်းတွေ ပုံမှန်ပြန်ဖြစ်လာလို့

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းရှင်တွေကများ. . အသက်ပြန်သွင်းပေးလိုက်သလား မှတ်ရအောင် ငုတ်တုတ်ထထိုင်နေလို့"

"ရှင်. . . တ. . တကယ်လား၊ အမလေး ဝမ်းသာလိုက်တာ"

မျက်ဝန်းမှာ စို့နေဆဲ မျက်ရည်စတို့ကို ကပျာကယာ သုတ်လိုက်ပြီး ကားသော့ယူကာ အိမ်ပေါ်ထပ်မှ ပြေးဆင်းခဲ့လိုက်သည်။

"မာမီ. . မာမီရေ. . ကိုသွင် သတိပြန်ရလာပြီတဲ့"

"ဟင်ဟုတ်လား"

ဒေါ်မေခင့်အိမ်ကို သွားဖို့ပြင်ဆင်နေသော. . ဆည်းဆာ၏ အမေမှာ ဝမ်းသာလွန်း၍ ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

ကိုယ့်သမီးကြောင့်ဆိုသည့်အသိက လူကို စိတ်ဒုက္ခရာရနေ၍ စားလည်းဒီစိတ် သွားလည်းဒီစိတ်ဖြစ်ကာ စိတ်နှင့်ကိုယ်နှင့် မကပ်. .

"ဒါဆို မခင်တို့ရော သိပြီးလောက်ပြီပေါ့"

"ဟုတ်လိမ့်မယ် မာမီ. . ဆရာဝန်က သူ့မိဘဆီအရင်ဆက်မှာပါ၊ သမီးသွားလိုက်ဦးမယ်နော် မာမီနဲ့ဒယ်ဒီက နောက်မှလိုက်ခဲ့လိုက်တော့. . ."

"အေး. . အေးပါသမီးရယ်၊ အမလေး မောင်မင်းကြီးသား ကံကောင်းပါစေ ဘာမှထပ်မဖြစ်ပါနဲ့တော့"

မိခင်ဖြစ်သူ၏ ဆုတောင်းမေတ္တာသံကိုပင် ဆုံးအောင်နားမထောင်နိုင်တော့ ရပ်ထားသည့် ကားပေါ်သို့ ကပျာကသီတက်ကာ ခပ်မြန်မြန် မောင်းထွက်ခဲ့လိုက်သည်။







# အခန်း(၂၈)

"ဒီး. . ဟီး. . ဟီး. . တား အမေကို ရှာပေး၊ တားအမေကို ရှာပေး"

ခုတင်ထက်တွင် ခြေဆောင့်ကာ ငိုနေသော သွင်ထူးမောင်ကို ကြည့်ပြီး ဝမ်းသာအားရဝင်လာသော မိဘနှစ်ပါး၏ခြေလှမ်းတွေ တုံ့ခနဲရပ်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး. . .

"ဒါက ဘယ်လိုဖြစ်သွားရတာတုန်း အဖေကြီးရေ. . ဘုရားဘုရား. . ကျွန်မတို့သား ဦးနှောက်များ ပျက်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဘယ်သိမလဲကွာ အခြေအနေကတော့ ပုံမှန်မဟုတ်ဘူး"

"ဒေါက်တာ ဒါဘယ်လိုဖြစ်သွားတာလဲဗျာ"

ဦးနှောက်တွေ ပုံမှန်အလုပ် လုပ်နေလျက်သားနဲ့ ဘာကြောင့် ခုလိုဖြစ်သွားရသလဲဆိုတာ တော်တော်လေး စဉ်းစားရကျပ်နေသည့် ဟန်ဖြင့် ခေါင်းကိုခပ်လေးလေး ခါပြသည်။

"သွင်ထူးမောင်ရဲ့ ဆေးစစ်ချက်အဖြေက အားလုံးပုံမှန်ပြန်ဖြစ်သွားပြီဆိုတဲ့ အဖြေထွက်ပြီးမှ ဘာကြောင့် ခုလိုဖြစ်သွားရတာလဲ ဆိုတာကိုတော့ အချိန်ယူစောင့်ကြည့်ရပါဦးမယ်"

"အို. . ဘာပဲဖြစ်ဖြစ် သေတာထက်စာရင်တော့ အများကြီး ကောင်းတဲ့အတွက် ဝမ်းသာရမှာပဲ၊ အန်တီတို့မှာ သားကိုမနက်ဖြန် အသုဘချဖို့ စီစဉ်နေကြပြီးမှ သားကိုရေခဲတိုက် မပို့သေးပဲ စောင့်ကြည့်ပေးနေတဲ့ ဒေါက်တာ့ကို သေတဲ့အထိ ကျေးဇူးဆပ်သွားမှာပါ"

"ဦးဦး တားကို မေမေ့ ရှာပေး"

သွင်ထူးမောင် ခုတင်ထက်တွင် ခြေနှစ်ချောင်းလိမ်ကာ ငိုပြောပြောနေသည့် လှုပ်ရှားမှုဟန်က အပြစ်ကင်းသော တကယ့်ကလေးတစ်ယောက်၏ ဟန်မျိုး. . .

"သားမေမေက ဒီမှာလေ သားရဲ့"

သွင်ထူးမောင် ပခုံးကိုကိုင်ပြီး. . ဒေါ်မေခင် ချော့ပြောလိုက်သည်။

"ဟုတ်ဘူး. . တားအမေက အဘွားထက် ငယ်လဲငယ်တယ် ချောလဲချော့တယ်"

သွင်ထူးမောင် သူဘာတွေ ပြောနေသည်ဆိုတာ သူ့ကိုယ်သူ ပြန်ကြားပေမယ့် နှုတ်တွေအမူအရာတွေကို မပြောမိအောင် ဘယ်လိုမှ





ထိန်းမရ နှုတ်ဝင်သည်တွေ နှုတ်ဝင်ပူးသလို ပုံစံမျိုးဖြစ်နေသည်။

ထိုစဉ် အခန်းထဲသို့ ခင်ဆည်းဆာ အပြေးတစ်ပိုင်းဖြင့် ဝင်လာသည်။ ခင်ဆည်းဆာကိုမြင်သည်နှင့် သွင်ထူးမောင် ခုတင်ထက်မှ ဒုန်းခနဲထကာ. . .

"ဆည်းဆာ. . ဆည်းဆာ. ."

"အလို. . ဘုရားရေ၊ ချစ်သူကိုကျတော့ ပုံမှန်အတိုင်းပါလား။ မိဘနဲ့ကျတော့ ဘာတွေပြောမှန်းကို မသိဘူး. ."

ဒေါ်မေခင် တအံ့တဩပြောရင်း ခပ်တိုးတိုးပြော၏။

"ကိုသွင်. . ဆည်းဆာကို ခွင့်လွှတ်ပါနော်၊ ဆည်းဆာကြောင့် ကိုသွင် ခုလိုအဖြစ် ဆိုးမျိုးကြုံရတာ. . ."

"ခွင့်လွှတ်ပါတယ် ဆည်းဆာရယ် ဒီပြဿနာအားလုံးရဲ့ တရားခံက ဆည်းဆာမှမဟုတ်တာ ဟိုကောင် လူယုတ်မာ ဂျော်နီပဲဟာ"

ဆည်းဆာ မျက်လုံးပြူးသွားသည်။

"ဟင်. . ကိုသွင် ဘယ်လိုသိလဲ"

"ကိုယ့်ဝိညာဉ်က ဒီအတောအတွင်းမှာ နေရာတော်တော်များများ. . အတွေ့အကြုံတွေ တော်တော်များများ ရင်ဆိုင်ခဲ့ရတာပါ၊ ကိုယ်. . ဆည်းဆာနားမှာ ရှိနေတာ ဆည်းဆာမှ မသိတာ"

ဆည်းဆာမျက်ဝန်းတွေပို၍ ပြူးကျယ်သွားပြန်သည်။ အံ့ဩလွန်း၍ ရင်အဆုံပင် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

"ဒါ. . ဒါဆို. . ဟိုတစ်ခါ ဂျော်နီ့ကို လမ်းလယ်ခေါင်မှာ လူမတွေ့ရဘဲ လက်သီးနဲ့ထိုးတာ ကိုသွင်ပေါ့"

"ဟုတ်တယ်"

"ဟမ်. . တားတားလဲ ဝိုင်းထိုးတယ်လေ၊ အဲ့ဒီလူကြီးရဲ့ ခေါင်းဒုက္ခကိုပေါ့. . အဟင်း. . ခစ်. . ခစ်. . ခစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ. . ဒါ. . ဒါဘယ်လိုဖြစ်သွားရပြန်တာလဲ၊ စကားအကောင်းပြောနေရင်းနဲ့. . အန်တီခင် လုပ်ပါဦး. . ကို. . ကိုသွင် ဘာဖြစ်တာလဲ"

ခင်ဆည်းဆာ ခြေမကိုင်မိလက်မကိုင်မိနှင့် အထိတ်တလန့်ဖြစ်သွားသည်။

"ဟာ. . ကျွတ်. . ကွိုင်ပဲ"

"မကွိုင်ပါနဲ့ ဦးဦးရဲ့ တား. . ဦးဦး ကိုယ်ထဲဝင်နေတာ ဘာဖြစ်လဲ"

လူတစ်ကိုယ် ကာရိုက်တာနှစ်မျိုးနှင့် လေယူလေသိမ်းမှာ. . ကလေးဟန်နှင့်လူကြီးဟန် ထွက်နေသော ကိုယ့်အခြေအနေကို. . . ကောင်းကောင်းသဘောပေါက်သွားသည်မို့ သွင်ထူးမောင် ခေါင်းနားပန်းကြီးသွားသည်။

ထို့ကြောင့် ကိုယ့်ရင်ဘတ်ကိုယ် ပြန်ငုံ့ကြည့်ကာ. . .

"ဟာ. . ဟေ့ကောင် ကောင်းခန့်၊ မင်း. . မင်း. . ငါ့ကိုယ်ထဲ ဘာလို့ဝင်နေတာလဲ. . ထွက်. . ခုထွက်စမ်း"

"ထွက်ဘူး. . တား ဦးဦးနဲ့ပဲနေမှာ၊ ဦးဦးကိုယ်တိုင် တားကို ကုန်းပိုးပြီး ဦးဦးကိုယ်ထဲ ဝင်ခဲ့တာလေ၊ တားကလွတ်အတင်း ဝင်တာမှ မဟုတ်တာ"

"ဟာ. . ဟုတ်သေးပါဘူး၊ အဲလိုလုပ်လို့ မရဘူးကွ. . "

"ဟာ. . ဘာလို့မရရမှာလဲ၊ ရတယ်. . တား. . တား အမေကို ရှာပေးရင်. . တားတား ထွက်မယ်"

"ဟာ. . ကျွတ်. . ဒီငပွေးကောင်. . မင်း. . မင်း. . ငါနဲ့ ဘဝချင်းခြားသွားပြီကွ. . ထွက်"

"ထွက်ဘူး. . ."





ခန္ဓာကိုယ်တစ်ခုတည်းနှင့် စကားသံ လေယူလေသိမ်းကို. . ကာရိုက်တာနှစ်မျိုး ခွဲပြောနေသော သွင်ထူးမောင်ကိုကြည့်ပြီး အားလုံးပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။

"ကိုသွင် သတိထားပါဦး ကိုသွင်ရယ်"

ဆည်းဆာစိတ်ထဲ သွင်ထူးမောင်အား ဦးနှောက်တစ်ခန်း ချို့ယွင်းသွားပြီဟု ယူဆထားပုံရသည်။

" ဆည်းဆာ အသာနေ၊ မေမေတို့ ဖေဖေတို့ရော သားဘာမှ မဖြစ်ဘူး၊ ဒီကလေးက သားဝိညာဉ်ဘဝနဲ့ လျှောက်သွားနေတုန်းက သားကိုတစ်ချိန်လုံး အဖော်လုပ်ပေးခဲ့တာ၊ ဘာမှမစိုးရိမ်ပါနဲ့ သူ့အမေကိုစွဲလမ်းတဲ့စိတ်နဲ့ မကျွတ်မလွတ်ဖြစ်နေတဲ့ အပယ်ဘုံသားလေး တစ်ယောက်ပါ. . . "

"အို. . ဘုရား. . ဘုရား. . ဒါဆို. . သားကိုယ်မှာ သရဲလေး တစ်ကောင်ပါ ဝင်ပူးကပ်နေတာပေါ့ ဟုတ်လား"

"ဟုတ်ဘူး. . တားက. . တရဲ ဟုတ်ဘူးဂျ. . အီး. . ဟီးဟီး"

"ဩော်. . အေး. . အေးပါ ကလေးရယ်၊ သရဲလို့ မပြောတော့ပါဘူး"

ဒေါ်မေခင် ကိုယ့်သားကိုယ်မှာ ဝင်ပူးနေသည့် သရဲလေးကို မျက်နှာချိုသွေး၍ ပြောလိုက်သည်။

"ဒေါက်တာ လုပ်ပါဦး ကျွန်မသားကို"

ဒေါက်တာ အောင်မြတ်သာ နောက်သို့ခြေတစ်လှမ်း ဆုတ်သွားပြီး. . .

"ဟာ. . ဒါတော့ မဖြစ်ဘူးဗျ၊ ကျွန်တော်က လူနာတွေကိုပဲ ကုတတ်တာ ကိုယ်မှာဝင်ပူးနေတဲ့ မကောင်းဆိုးဝါးကိုတော့ မထုတ်တတ်ဘူး။ သူတို့ကို ဆေးထိုးအပ်နဲ့ နှင်လို့မရဘူး၊ ကျွန်တော်အကြံပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းကိုသာ တန်းပြီးခေါ်သွားလိုက်. . .”

ထိုအစီအစဉ်သည် အသင့်လျော်ဆုံး အစီအစဉ်မို့ ဆေးရုံမှ အပြန် ဘုန်းကြီးကျောင်းသို့ တန်းမောင်းသွားလိုက်သည်။









# အခန်း(၂၉)

ဘုန်းကြီးကျောင်းဝင်းထဲသို့ ကားကုံချုံးကွေ့ ဝင်လိုက်သည် နှင့် အေးမြသော တရားရိပ်၏အရသာကို သွင်ဝူးမောင် ခံစားလိုက်ရသဖြင့် ရင်ထဲမှာ ချမ်းမြေ့သွားသည်။ ကားပေါ်မှဆင်းကာ. . ဘုန်းကြီး ကျောင်းထဲသို့ ဝင်လိုက်ကြသည်။ ဘုန်းကြီးကျောင်းကို ခေါ်လာပြီး. . ကောင်းခန့်လေးကို ကောင်းသောဘုံဘဝကို ကူးပြောင်းသွားဖို့ တိုင်ထဲ မှထုတ်ရမည့် ကိစ္စသည် သွင်ထူးမောင်အဖို့ ကော်စက်ရာများ တျော့ လားဟု လွှမ်းစွာ တွေးမိလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နုနယ်သော ကလေးငယ်ဟာ သူ့မိခင်ကို စွဲလမ်းစိတ်ဖြင့် ကြမ်းတမ်းခက်ထန်သော တမလွန်ဘဝမှာ ယောင်လည်လည်နှင့် မဖြစ်စေလို. . .

"ဦးဦး. . ဒါ ဘယ်နေရာလဲ"

"ဒါ. . ဘုန်းကြီးကျောင်းလို့ခေါ်တယ်"

"ဘုရားစာဆိုတဲ့ ကျောင်းလား"

"ဟုတ်တယ်"

"ဒါဆို. . တား ဩကာသ ဩကာသ ချီတတ်တယ် တားလည်း လိုက်ချီမယ်နော်"

ကိုယ်ကစည်းရုံးစရာမလိုဘဲ ဘာသာတရား အသိလေးရှိနေသည့် ဒီကလေးအတွက် ရည်စူးအလှူသည် ထိရောက်မှုရှိမည်ဟု ယုံကြည်သွားမိသည်။

"မင်း နောက်ဘဝကို သွားချင်လား"

"အဲ့ဒီမှာ တားအမေရှိလို့လား"

"အင်း. . ရှိတာပေါ့ နောက်ဘဝမှာ မင်းကိုဝမ်းနဲ့လွယ်မွေးမယ့် မင်းရဲ့အမေ ရှိနေပါလိမ့်မယ်"

"တကယ်လား"

"တကယ်ပေါ့. . ငါက မင်းကိုညာစရာလား၊ ဘုန်းကြီးကတရားဟောရင် ငြိမ်ငြိမ်လေးနာနော်. . ပြီးရင် မင်းကိုအမျှအတန်း ပေးဝေတဲ့အခါကျရင် သာဓုခေါ်ရမယ်၊ ဒါမှ မင်းအမေရှိတဲ့ ဘဝသစ်ကိုရောက်မှာ. . ."

"ခေါ်မယ်. . သာဓု. . သာဓု. . အခုခေါ်မယ်လေ"

"နေဦး. . ဘုန်းကြီးတရားနာရဦးမယ်လေ၊ ပြီးမှ သာဓုခေါ်"

သွင်ထူးမောင် တတွတ်တွတ်နှင့် ပြောနေကြပုံကို ဖေဖေ၊ မေ





မေနှင့် ဆည်းဆာကြည့်ပြီး ကောင်းခန့်လေးအတွက် စိတ်မကောင်းဖြစ်နေမိသည်။ နောင်ဘဝဆက်တိုင်းဆက်တိုင်း ဒီလိုငယ်ငယ်ရွယ်ရွယ်နှင့် တမလွန်ခရီးကို မကျော်ဖြတ်ရပါစေနှင့်ဟုပဲ. . ဆုတောင်းပေးချင်ပါသည်။

"သား. . မြန်မြန်လာ၊ ဆရာတော်ကြီး စောင့်နေတယ်"

"ဟုတ်ကဲ့. . ဖေဖေ"

ဆည်းဆာလက်ကိုဆွဲပြီး ဖေဖေနှင့်မေမေနောက်မှ လိုက်ဝင်သွားလိုက်သည်။

ကျက်သရေခန်းထဲတွင် ဆရာတော်ကြီး အဆင်သင့် စောင့်နေပုံရသည်။ လာရင်းကိစ္စကို ကြိုပြီးဖုန်းဆက်ထားသည့်အတွက် လှူဖွယ်ဝတ္ထုငွေလှူဖို့ ရေစက်ခွက်ပင် အဆင်သင့် စီစဉ်ထားပုံရသည်။

အားလုံး ဆရာတော်ကြီးကို ဦးချကန်တော့ လိုက်ကြသည်။

"ကိုင်း. . ဒကာကြီးတို့ပြုချင်တဲ့ အလှူတစ်ခုဟာ အင်မတန်မွန်မြတ်သန့်စင်တဲ့ ကောင်းအလှူတစ်ခုပေပဲ၊ ဒီလိုအလှူကိုပြုခြင်းအားဖြင့် ဒကာကြီးတို့မိသားစု နောင်သံသရာမှာ ထပ်မလည်ဖို့ ဒီသိမ်အလှူက အထောက်အကူပြုပေလိမ့်မယ်"

"တင်ပါ့ဘုရား သိမ်လှူဖို့ ဖြစ်လာရတဲ့ ရည်ရွယ်ချက်ကလည်း တမလွန်ဘဝကို ကူးပြောင်းသွားတဲ့ မောင်ကောင်းခန့်နဲ့ မခင်ဖွေးတို့ကို ရည်စူးပြီး လှူတဲ့အလှူမို့ သူတို့ကိုပဲ အကျိုးသက်ရောက်မှု ပိုရှိစေချင်ပါတယ်၊ ဒါကြောင့် သိမ်ကြီးပြုပြင်ဖို့ ငွေဆယ့်ငါးသိန်း နဝကမ္မ လှူပါ့မယ်ဘုရား"

"ကောင်းလိုက်တာ. . ကွယ်လွန်သူကိုရည်စူးပြီး လှူတဲ့အလှူမှာ ငါကောင်းစားဖို့ဆိုတဲ့ ရည်ရွယ်ချက်မပါပဲ သူတစ်ပါးကောင်းစားဖို့ ရည်ရွယ်တဲ့အလှူမို့ လှူဒါန်းသူရော ရည်စူးအမျှပြုပြီး အလှူပေးခံရတဲ့



www.burmeseclassic.com

www.burmeseclassic.com



တမလွန်ရောက် ပုဂ္ဂိုလ်ရော နှစ်ဦးနှစ်ဖက် အကျိုးရှိပါတယ်၊ ဒီအတွက်ကြောင့်. . ဒကာကြီး သွင်ထူးမောင်ကိုယ်မှာ ခေတ္တအမှီသဟဲပြုနေတဲ့ ကလေးလည်း ထိထိရောက်ရောက် သာဓုခေါ် ဆိုနိုင်မှာပါ. . ”

ဒေါ်မေခင် လက်ပွေ့အိတ်ထဲမှ ငွေဆယ့်ငါးသိန်းတန်ချက်တစ်စောင်ကို စာအိတ်ဖြင့် အဆင်သင့် ထည့်ယူလာသဖြင့် သွင်ထူးမောင်ကို လှမ်းပေးလိုက်သည်။

“သား. . မောင်ကောင်းခန့်လေးနဲ့မင်း အတူတူ ဆရာတော်ကို ကပ်လိုက်. . ”

“ဟုတ်ကဲ့. . ဘွားဘွား တား တာဓုခေါ်ဖို့ ချရာတော်ကြီးကို လှူလိုက်ပါမယ်”

သွင်ထူးမောင်စိတ်ဖြင့် ဘာမှမပြောခင် မောင်ကောင်းခန့်စိတ်ဖြင့် မပီကလာသံတို့ ထွက်လာသည်။

ဆရာတော်ကြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ နှားထောင်နေ၏။

အားလုံး ကောင်းခန့်လေးအတွက် မျက်ရည်ရစ်ဝဲသည်အထိ စိတ်မကောင်း ဖြစ်ကြရသည်။

“ကဲ. . ကဲ. . ဒါဆို အလှူခန်းလေး စကြရအောင်၊ အင်း. . ဒီအချိန်ဟာ ဒီကလေးအတွက် တကယ့်အချိန်ကောင်းလေးပဲ”

သွင်ထူးမောင် ချက်စ်စာအိတ်ကို ဆရာတော်ကြီးအား တရိုတသေ ကပ်လှူလိုက်သည်။

ဆရာတော် တရားနာနေစဉ်တစ်လျှောက်လုံး ကောင်းခန့်လေးထံမှဘာစကားသံမှ ထွက်မလာ. . . နာရီဝက်ခန့်ကြာတော့မှ. . .

“ဦးဦး သာဓု မခေါ်ရသေးဘူးလား၊ တား မေမေနဲ့တွေ့ရဖို့ တာဓုခေါ် ချင်လာပြီ”





ကောင်းခန့်အသံ ခပ်တိုးတိုးက တရားနာနေရင်းမှ နားစည်ထဲ တိုးဝင်လာသဖြင့် သွင်ထူးမောင်ရင်ထဲ စိတ်မကောင်း ဖြစ်သွားမိသည်။

တမလွန်ခရီးကို အလည်ရောက်ခဲ့သည့် အချိန်တစ်လျှောက်လုံး စကားမပီကလာဖြင့် နားညည်းလောက်အောင် စကားတွေဖောင်ဖွဲ့အောင်ပြောပြီး ကိုယ့်ကိုတစ်လျှောက်လုံး အဖော်လုပ်ခဲ့သည့် ကောင်းခန့်လေးကို သံယောဇဉ်တွယ်မိတာ သိပ်တော့မဆန်းပါ. . .

“သိပ်မကြာခင်. . သာဓု ခေါ်ရတော့မှာပါ ကလေးရယ်”

ခပ်တိုးတိုးပြန်၍ နှစ်သိမ့်လိုက်သည်။

သိပ်မကြာလိုက် သွင်ထူးမောင် ရေစက်ခွက်ကိုင်ကာ ခရားထဲမှရေကို ကြည်းခွက်ထဲသို့ ခပ်ဖြည်းဖြည်းချင်းချပြီး ဆရာတော်တိုင်ပေးသမျှကို လိုက်ဆိုလိုက်သည်။

ထိုအသံမှာ သွင်ထူးမောင် အသံမဟုတ် ကောင်းခန့်လေး၏ အသံဖြစ်နေသည်။ သွင်ထူးမောင် စိတ်ထဲမှာတော့ ခင်ဖွေးကိုပါ မှန်းပြီး အမျှအတန်း ပေးဝေလိုက်သည်။

“အားလုံး. . ကြားကြားသမျှ. . . အမျှ. . အမျှ. . အမျှ. . ယူတော်မူကြပါကုန်သော်. . သာဓု. . သာဓု. . သာဓု”

“တာဓု. . တာဓု. . တာဓု. . ”

ကောင်းခန့်၏အသံသည် ဝမ်းသာပျော်ရွှင်နေသော အသံဖြင့် သာဓုကို ခပ်ကျယ်ကျယ် ခေါ်လိုက်သည်။ ခင်ဖွေးလည်း သာဓုခေါ်နိုင်ပါစေဟု ခပ်တိတ်တိတ် ဆုတောင်းလိုက်သည်။ အားလုံး၏ မျက်ဝန်းအိမ်မှာ မျက်ရည်စတွေဖြင့် သာဓုခေါ်ကြသည်။

ကောင်းခန့်လေး သာဓုခေါ်မှတော့ ကောင်းရာဘုံဘဝကို ကူးပြောင်းသွားပြီပေါ့ဟု အတူတကွ ယုံကြည်လိုက်ကြသည်။

ကောင်းခန့်လေး ကိစ္စပြီးသည်နှင့် သွင်ထူးမောင် ခန္ဓာကိုယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေ့ါပါးသွားသည်။ သို့သော် တာဝန်တစ်ခု ကျန်နေသေးသည်။

ထိုတာဝန်က မေသစ္စာ၏ချစ်သူကိုရှာပြီး မေသစ္စာဟာ တမလွန်ဘဝရောက်နေတာတောင် ချစ်သူကို ချစ်နေဆဲပါ ဆိုသောစကားလေးတစ်ခွန်း ပြောပေးဖို့အတွက်ပါ။

ဘာပဲဖြစ်ဖြစ် သွင်ထူးမောင်အဖို့ ထိုတာဝန်ကိုကျေဖို့အတွက် ထိုလူ့ကို မတွေ့တွေ့အောင် ရှာမှာပါ။ ရုတ်တရက် နားထဲတွင် လေတိုးသလို စကားသံလေးသဲ့သဲ့ ကြားလိုက်ရသည်၊

"ကျေးဇူးတင် ပါတယ်" တဲ့၊

အဲဒါ ခင်ဖွေးပဲလေ. . .

"ဪ. . ခင်ဖွေးရယ် မင်းလည်း ကောင်းရာမွန်ရာ ဘုံဘဝကို အမြန်ဆုံးရောက်ရှိသွားပါစေ" လို့. . .။

ရှင်သန်းချမ်းမြေ့ကြပါစေ

WAIHZAR



